

mgyoe.com



# ဗန်းမော်တင်အောင်

# ဝတ္ထုတိုပေါင်းချုပ်

mgyoe.com



mgyoe.com

လူ့ဘဝ ဆိုသည်မှာ
မီးရောင်နှင့် မှောင်ရိပ်များသာ
ဖြစ်သည် မဟုတ်လော..

BMT0003
4,500.00 KS

mgyoe.com

mgyoe.com

ဗန်းမော်တင်အောင် ဝတ္ထုတိုပေါင်းချုပ်

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၉၉၁၁၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၁၆၀၂၁၁ တို့ဖြင့်

မျက်နှာဖုံးကို m . S . O ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို - စာအုပ်တိုက်၊၈၅၊၁၄၆၄လမ်း၊ရန်ကုန်နှင့်ပုံနှိပ်သူ-ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချို ပုံနှိပ်တိုက်၊ ရန်ကုန်တို့က ပထမအကြိမ် စောင် ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၁၊ ဩဂုတ်လတွင် တန်ဖိုး ၄၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်

၇၉၅ . ၇၃

တင်အောင်၊ ဗန်းမော်

ဝတ္ထုတိုပေါင်းချုပ် / ဗန်းမော်တင်အောင် ။ - ရန်ကုန်။

စိတ်ကူးချိုချိုစာပေ၊ ၂၀၁၁။

စာမျက်နှာ ၄၉၄ မျက်နှာ၊ ၁၃ . ၂ စင်တီ× ၂၀ . ၅ စင်တီ

(၁) ဝတ္ထုတိုပေါင်းချုပ်

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | မမလေးပန်စရာ | ၁ |
| ၂။ | ဆန့်ကျင်ဘက်၏သမီး | ၁၆ |
| ၃။ | မုတ်သုန်ဦး | ၂၁ |
| ၄။ | လမ်းဘယ်မမြင် | ၃၄ |
| ၅။ | အင်းဝ၏ ဝတ္ထုဟောင်း | ၄၅ |
| ၆။ | လွတ်နေသော ပါမောက္ခ | ၅၂ |
| ၇။ | မိခင် | ၅၉ |
| ၈။ | ကြီးမောင့်ဒုက္ခာ | ၇၁ |
| ၉။ | ခင်မမဦး | ၁၀၅ |
| ၁၀။ | ခွင့်လွှတ်ပါ့မေရယ် | ၁၂၃ |
| ၁၁။ | အသက်သွေး | ၁၃၇ |
| ၁၂။ | ရန်ကုန်ကွက်သစ် | ၁၅၅ |
| ၁၃။ | ကံတူအကျိုးပေး | ၁၇၀ |
| ၁၄။ | ငဝက် | ၁၈၃ |
| ၁၅။ | ရေတိုက်ပွဲ | ၁၉၇ |
| ၁၆။ | အင်းကိုပစ်၍ မြစ်ကိုရှာ | ၂၀၅ |
| ၁၇။ | ဒေါက်တာတောက်ထွန်း | ၂၂၅ |
| ၁၈။ | ထမင်းပေးကြပါ' | ၂၅၅ |
| ၁၉။ | ငယ်ချစ် | ၂၆၉ |
| ၂၀။ | ကျားရှေ့ မှောက်လျက်လဲသူ | ၂၈၁ |
| ၂၁။ | မောင်ပြည့်စုံ(ရန်ကုန်မြို့၏ ပုံပြင်အမှတ်–၂) | ၂၉၅ |


mgyoe.com

mgyoe.com
၂၂။ ဆောင်းတစ်ည ၁၀၉
၂၃။ ခန်းတွင်းရှိပ်သော မယ်ှအိပ်ရာ ၁၂၃
၂၄။ တောင်ကြီးမပြိုလဲမီ တစ်ည ၁၃၅
၂၅။ ကာရန်ချစ်သော မြကေခိုင် ၁၄၂
၂၆။ နွေနှောင်းရက် ညတစ်ည ၁၅၆
၂၇။ နေ့နှင့်ည ၁၆၈
၂၈။ စောခင်နှင့် ၎င်း၏ အသက်မွေးဝမ်းကျောင်း ၁၇၇
၂၉။ မိခင်နှင့် ၎င်း၏ကိုကို ၁၈၆
၃၀။ ခွေးဖြူနှင့် ၎င်း၏မော်တော်ကား ၁၉၇
၃၁။ တုတ်ရွှေတို့သားအမိနှင့် မြေးအဘိုး ၄၁၀
၃၂။ ကျွန်တော်နှင့် မြိုင် (သို့မဟုတ်)
စာရေးဆရာနှင့် သူ၏မယား ၄၂၂
၃၃။ ရွှေစကြာဦးစိုးမြင့် ၄၄၃
၃၄။ တစ်ခုသော ညစာ ထမင်းစားပွဲ ၄၅၅
၃၅။ ပြေးသော်လည်း မလွတ်နိုင်ရှာကြသူများ၏အကြောင်း
(သို့မဟုတ်) စာရေးဆရာနှင့် အရက်သေစာ ၄၆၂
၃၆။ ဝမ်းရေးနှင့် လွမ်းရေး (သို့မဟုတ်)
စာရေးဆရာနှင့် ရေးစရာအကြောင်း ၄၇၉

❑

mgyoe.com

mgyoe.com

# မမလေးပန်စရာ

(၁)

မြောက်လေက သုတ်လှသည်။

ပဲခူးမြို့ လူကုံထံပိုင်း လိပ်ပြာကန်ဘက်တွင် ဖြစ်လေသည်။ ကန်ဘက်သို့ မျက်နှာမူ၍ ဆောက်ထားသော ဆင်ဝင်နှင့် တိုက်ခံအိမ်ကြီး၏ ညှော်ခန်းဆောင်ဦး မျက်နှာစာ ပြတင်းပေါက်ဝယ် အသက် ၂၀ သာသာခန့် ဖြူဖြူချောချော မိန်းမပျိုတစ်ယောက်သည် မြောက်လေပြန်ဦးဝယ် လှုပ်ကစားနေသော ခြံစည်းရိုး ပုဏ္ဏရိပ်ပင်ကလေးများကို လှမ်း၍ကြည့်နေလေသည်။

ကဗျာဆရာ ကိုသန်းဆွေက မိန်းမပျို၏နောက်ပိုင်းကို တစ်ချက်မျှ လှမ်း၍ မော်ကြည့်လိုက်သည်။

"နွဲ့" သူက ခပ်အေးအေး ခေါ်လိုက်ပေသည်။

နွဲ့က ပုဏ္ဏရိပ်ပင်ကလေးများကို ကြည့်နေရာမှ ချာခနဲလှည့်ကာ သူ့ကို ကြည့်လေသည်။

"ဘာပြောမလို့လဲ ဟင် ကိုသန်းဆွေ" နွဲ့က သူ့ကို မခို့တရို့ပင် ပြုံးလိုက်ရင်းက မေးနေသည်။

"ကိုယ်တို့ ဒီလိုပဲ နေသွားရတော့မှာလား နွဲ့ရယ်" သူက ကဗျာဆရာပီပီ ပင်ဘဲနှစ်လုံးဆင့်ကာ ကဗျာဆန်ဆန် အဖြည့်ခံမေးလိုက်ပေသည်။

နွဲ့က အသံကလေးများထွက်အောင်ပင် တခစ်ခစ် ရယ်ပစ်လိုက်ပေသည်။

နွဲ့ရှေ့မှာ မျက်နှာသေကလေးနှင့် တွေ့နေရာမှ ကဗျာဆရာကိုသန်းဆွေက နွဲ့ကို အလန့်တကြားပင် မော်၍ကြည့်လိုက်သည်။ နွဲ့ရယ်လိုက်ပုံကို သူက အံ့သြသွားပါသည်။ နွဲ့က သူ့ကို ခနိုးခနဲ့ ရယ်လိုက်တာများလား။

mgyoe.com

mgyoe.com


"ဩော်" သူ့ပါးစပ်မှ လွတ်ခနဲ ထွက်သွားသည်။

နွဲ့က မျက်နှာပိုး သတ်လိုက်သည်။

"မဟုတ်သေးဘူး ကိုသန်းဆွေ၊ ရှင့်ဟာက ဟုတ်ကို မဟုတ်သေးဘူး" နွဲ့က ညည်းညည်းညူညူနှင့် ပြောလိုက်သည်။

"ဘယ်လိုများ မဟုတ်ရတာလဲ နွဲ့ရယ်၊ ကိုသန်းဆွေနဲ့ နွဲ့တို့ တစ်ယောက်နဲ့ တစ်ယောက် ခုလို သမီးရည်းစားဘဝနဲ့ နေလာကြတာ ဘယ်လောက် ကြာပြီလဲကွယ်"

သူကတော့ သူ့အမြင်ကို သူ့စကားလုံးကလေးတွေနှင့်သာပဲ ပြောနေလေသည်။

"ခက်တော့တာပဲ ကိုသန်းဆွေ တစ်ယောက်တော့"

နွဲ့က ကိုသန်းဆွေကို ပြောရမှာ အားနာသကဲ့သို့ ပြောလက်စ စကားကို ဆုံးအောင်မပြောနိုင်ရှာဘဲ တစ်ပိုင်းတစ်စနှင့် ရပ်ထားလိုက်ကာ သူမရဲ့ ချစ်သူကို သနားမိသော အမူအရာဖြင့် ကြည့်နေမိပေသည်။

"ဘာများ ခက်ရပြန်တာတုန်း နွဲ့ရယ်" ကဗျာဆရာကတော့ ကဗျာသာပဲ ဆန်နေလေသည်။

"နွဲ့ ဘာပြောရဦးမှာလဲ ကိုသန်းဆွေ" နွဲ့က စိတ်ပျက်စွာ ပြောလိုက်လေသည်။

"ကိုယ်တို့ လက်ထပ်ဖို့ ကိစ္စပေါ့"

"ဒါကြောင့် ရှင့်ကို ခက်တယ်လို့ ပြောရတာပဲ ကိုသန်းဆွေ"

"လာပြန်တုန်းပဲလား ဒီခက်တယ်ဆိုတာ နွဲ့"

"မဟုတ်သေးဘူး ကိုသန်းဆွေ ရှင်ဟာလေ လူ့လောကအပြင်ဘက်မှာ တစ်ယောက်တည်း ရောက်နေပြီး ရှင့်ဘာသာရှင် စိတ်ကူးယဉ်နေတဲ့ လူ တစ်ယောက်ပဲ"

မပြောရက်သော်လည်း မလွှဲသာသဖြင့် နွဲ့က သူ့မျက်နှာကို သနားသလို၊ အားနာသလိုကြည့်ရင်း တစ်လုံးချင်း ဖြည်းညင်းစွာ ပြောလိုက်ရရှာပေပြီ။

သူက မည်သို့မျှတော့ ပြန်မပြော၊ ဟုတ်များပဲ ဟုတ်နေလို့လား ကဗျာဆရာရယ်။

နွဲ့ပြောတာကိုပဲ သူက အငေးသား နားထောင်၍ နေရှာသည်။ သူ့ကို လူ့လောက အပြင်ဘက်မှာ ရောက်နေတဲ့ လူတစ်ယောက်ပါတဲ့။ နွဲ့က သည်ဟာ

mgyoe.com

mgyoe.com

နှင့်ပင် မပြီးလိုက်သေးတော့ တစ်ယောက်တည်း သူ့ဘာသာသူ စိတ်ကူးများပင် ယဉ်နေလိုက်သေးသော လူတစ်ယောက်ပါတဲ့လေ...။

သူက နွဲ့ပြောတာကို အငေးသား နားထောင်ရင်း စဉ်းစားနေသလား...။

"ရှင်လည်း ပညာတတ်တစ်ယောက်ပဲ ကိုသန်းဆွေ၊ ရှင် တတ်ထားတဲ့ ပညာတွေနဲ့ ရှင့်ဘာသာရှင်ပဲ စဉ်းစားကြည့်စမ်းပါဦးတော့"

သူက ပါးစပ်အဟောင်းသားနှင့် ငြိမ်နေသဖြင့် နွဲ့က ဆက်လက်၍ ဩဝါဒများ ပေးနေပါသည်။

သူက မည်သို့မျှတော့ ပြန်မပြော၊ မျက်လုံးဝိုင်းကြီးများဖြင့် နွဲ့ပြောနေတာကိုပဲ အငေးသားကြည့်ရင်းက ငြိမ်သက်စွာပင် နားထောင်နေသည်။

"ဗမာပြည်ထောင်စုတစ်ခုလုံး မီးဟုန်းဟုန်းတောက်ပြီး လူမှန်သမျှ ကယ်ပါယူပါ တစာစာဖြစ်နေတဲ့ ခုလိုအချိန်ဆိုး အခါဆိုးကြီးမျိုးမှာ ရှင့်ဘာသာ ရှင့်တစ်ယောက်တည်း "အေးရိပ်သာတဲ့ ပြည်ညောင်ညိုရဲ့ ဒိုးယိုစီးနေတဲ့ နဒီ တွင်းမှာ နွေရဲ့ နောက်ဆုံးသော နှင်းဆီတစ်ပွင့် မောင့်အိပ်မက်ရဲ့ ဧကရီ"တဲ့ စိတ်ကူးယဉ် ကဗျာကလေးတွေကို သီကုံးပြီးနေနိုင်တာများ ဘွင်းဘွင်းပြော ရင်တော့ ကိုသန်းဆွေကို နွဲ့ဖြင့် အံ့ပဲအံ့လို့ မဆုံးနိုင်ပါဘူး"

နွဲ့က သူ့ကို မကြည့်တော့ဘဲ ပြတင်းပေါက်မှ အပြင်ဘက်ဆီသို့ လှမ်းမျှော်၍ကြည့်ရင်း ပြောနေပေသည်။

နွဲ့ စကား ဆုံးသွားသောအခါ ကဗျာဆရာက ပြုံးလိုက်လေသည်။

"ဗမာပြည်ထောင်စုကြီး မီးဟုန်းဟုန်းတောက်တာနဲ့ ကဗျာမစပ်ရတော့ ဘူးလား နွဲ့" သူက မေးခွန်းသစ်ဖြင့် အဘိဓမ္မာဆရာဆန်ဆန် မေးလိုက်သည်။

အပြင်ဘက်သို့ ငေးကြည့်နေရာမှ နွဲ့ ချာခနဲလှည့်ကာ သူ့ကိုကြည့်လေ သည်။

"ရှင့်မေးခွန်းကို ကောင်းကောင်း မသဲကွဲလိုက်လို့ ကိုသန်းဆွေ နောက် တစ်ခေါက်ပြန်ပြီးတော့ မေးလိုက်စမ်းပါဦး"

နွဲ့က ကျားမလေးသဖွယ် သူ့ကိုကြည့်ရင်း မေးလိုက်လေသည်။

"ဗမာပြည်ထောင်စုကြီး မီးဟုန်းဟုန်းတောက်နေတာနဲ့ပဲ ကဗျာဆရာ တစ်ယောက်ဟာ သူ့ကဗျာသူ မစပ်ရတော့ဘူးလားလို့ မေးလိုက်တာပါ"

သူက ပြုံး၍ ခပ်အေးအေးပင် ပြောလေသည်။

"ဩ ... ကဗျာဆရာဟာ သူ့ကဗျာသူ မစပ်ရတော့ဘူးတဲ့လား..."

ကဗျာဆရာက ခေါင်းညိတ်လိုက်သည်။

mgyoe.com

mgyoe.com

"ကထုပ်မှာ ကရင်တွေနဲ့ တိုက်ပွဲကြီးဖြစ်တဲ့နေ့က ရှင်က ဟသ်ာကုန်းမှာ တစ်ယောက်တည်းသွားပြီး ရေးလာခဲ့တဲ့ "မောင့်အိပ်မက်ရဲ့ဧကရီ"ဆိုတဲ့ ကဗျာကို နွဲ့က သိမ်းထားတယ်များ ထင်လို့လား"

"ဟင် ... နွဲ့ မသိမ်းထားဘူးလား၊ ဒီကတော့ နွဲ့အတွက် အမြတ်တနိုး ရေးလာခဲ့ရတာ"

"နွဲ့ ဆုတ်ပြီးတော့ မီးရှို့ပစ်လိုက်တယ် ကိုသန်းဆွေ၊ ဒီဟာကို မပြောဘူးလို့တော့ နေတာပဲ"

"ဆုတ်ပစ်တယ် ... မီးရှို့ပစ်လိုက်တယ် ... ဟုတ်လား နွဲ့ရယ်"

နွဲ့က သူ့ကိုမကြည့်တော့ ပြန်၍လည်း စကားမပြောတော့ဘဲ အပြင်ဘက်ကို ကြည့်နေလိုက်သည်။

သူက ဝမ်းနည်းပက်လက်နှင့် ခေါင်းကို ခါနေလိုက်သည်။ သနားစရာ ကဗျာဆရာ ...။

တစ်ယောက်ကိုတစ်ယောက် အတန်ကြာအောင်ပင် စကားမပြောနိုင်ကြတော့ဘဲ တိတ်ဆိတ်နေလေသည်။

နွဲ့ကတော့ ခြံစည်းရိုးတွင် လှပစွာစီတန်းစိုက်ပျိုးထားသော ပုဏ္ဏရိပ်ပင်ကလေးများကို အငေးသားကြည့်နေစဉ် သူက ခေါင်းငုံ့စဉ်းစားနေလေသည်။

စစ်ကားများ သနပ်ပင်ဘက်သို့ ဝေါခနဲ၊ ဝေါခနဲ ဖြတ်သွားသံသည် မကြာခဏ ကြားရပေသည်။

အတန်ကြာပင် စကားမပြောနိုင်ကြဘဲ တိတ်ဆိတ်၍ နေရာမှ ...

"နွဲ့" ဟု ကဗျာဆရာက ညှစ်ထုတ်၍ရလာသော အသံကလေးဖြင့် တိုးတိုးခေါ်လိုက်လေသည်။

နွဲ့က သူ့ကို လှည့်၍ကြည့်သည်။ နွဲ့က သူ့ကို ပကတိ ဣန္ဒြေရရပင် ကြည့်နေပေသည်။

နွဲ့ရဲ့ ပကတိဣန္ဒြေရရမျက်နှာကို သူက အားယူ၍ကြည့်ရင်း ...

"ကရင်တွေနဲ့ ကထုပ်မှ တိုက်ပွဲဖြစ်တာနဲ့ ကိုသန်းဆွေ ကဗျာရေးနေမိတာ ဘယ်လိုများ အပြစ်ရှိလို့လဲ နွဲ့ရယ်"

သူက ကဗျာဆရာပီသစွာပင် မေးလိုက်လေသည်။

နွဲ့က သူ့ကို ကြည့်နေရင်း မျက်နှာမှာ ညှိုးသွားသည်။

"ပဲခူးတစ်မြို့လုံး သေမှာလား၊ ရှင်မှာလားဆိုပြီး တထိတ်ထိတ် တလန့်လန့် ဖြစ်နေရတဲ့ အချိန်အခါကြီးမျိုးမှာတောင်မှပဲ ရှင်သာ ရှင့်ဘာသာ

mgyoe.com

mgyoe.com


တစ်ယောက်တည်း ကဗျာရေးနိုင်ရက်တယ်၊ နွဲ့ မပြောပါရစေနဲ့တော့ ကိုသန်းဆွေ၊ နွဲ့ ရှေ့ဆက်ပြီး မပြောပါရစေနဲ့တော့ နွဲ့…" အသံမှာ တိုး၍လာရာမှ တိမ်၍ဝင်သွားသည်။

နွဲ့က ကရုဏာဒေါသော ဖြစ်နေပုံပင် ထင်ရပေသည်။ ပြီးတော့ ရည်းစားဖြစ်သူ ကဗျာဆရာအား အားမလိုအားမရ ဖြစ်နေသည်။

ကိုသန်းဆွေက နွဲ့ ဖြစ်နေပုံကို တစ်ချက်မှ မော်ကြည့်ရင်း အဘိဓမ္မာဆန်ဆန် ပြုံးရုံမျှပြုံးလိုက်လေသည်။ နွဲ့က ကရုဏာဒေါသောနှင့် သူ့ကို အားမလို အားမရ ပြောလိုက်ပုံကလေးကိုပင် သဘောကျနေသကဲ့သို့ တစ်ယောက်တည်း ခေါင်းကို ညိတ်နေမိသည်။

"ပဲခူးမြို့ကို ကာကွယ်ဖို့ဟာက အစိုးရလုပ်တဲ့ လူစုရဲ့တာဝန် နွဲ့ရဲ့၊ အစိုးရကလည်း ပဲခူးမြို့ကို ကရင်မဝင်နိုင်အောင် ကာကွယ်ဖို့ စစ်တပ်တွေ အသင့်ချထားသားပဲ မဟုတ်လား၊ ပြီးတော့ ရဲဘော်တွေလည်း ရှိသေးသားပဲ"

သူက အေးချမ်းစွာနဲ့ပဲ နွဲ့ကို ပြောပြနေလိုက်ပေသည်။

နွဲ့က ပြတင်းပေါက်ဘက်သို့ ချာခနဲလှည့်သွားလိုက်သည်။

"နွဲ့" သူက အေးအေးချမ်းချမ်းပင် ခေါ်နေလိုက်သည်။ နွဲ့က သူ့ကို ပြန်၍ပင် လှည့်မကြည့်ပါတကား။

"နွဲ့"သူက အသာအယာပြုံးရင်း ထပ်၍ခေါ်နေလိုက်ပြန်ပေသည်။ နွဲ့ကတော့ ပြတင်းပေါက်ဘက်တွင် နှုတ်ခမ်းစူထားလိုက်သည်။ သူသည် ထိုင်ရာမှ အသာအယာ ထလိုက်ပြီးနောက် နွဲ့အနီးသို့ လျှောက်သွား၍ ရပ်လိုက်သည်။

"နွဲ့"

နွဲ့က သူ့ကို လှည့်၍မကြည့်ပါ။

ထိုအခိုက် ဂျစ်ကားလေးတစ်စီးသည် နွဲ့တို့အိမ်ရှေ့မှာ ရပ်လာပြီးနောက် စစ်ဝတ်စစ်စားနှင့် အသက် အစိတ်သာသာခန့် စစ်အရာရှိကလေးနှစ်ဦးသည် ကားပေါ်မှ ဆင်းလာသည်။

"ဟော ကိုလေးတို့ ဒိုက်ဦးက ပြန်လာကြတယ်ထင်ပါရဲ့"

နွဲ့တစ်ယောက်တည်း အားရဝမ်းသာ ပြောနေရာမှ

"ကိုလေးရေ … ကိုလေး"

စစ်ဝတ်စစ်စားနှင့် လူရွယ်နှစ်ယောက်အနက် ပခုံးကြယ်နှစ်ပွင့်နှင့် စစ်အရာရှိကို ကြည့်ရင်း လှမ်း၍ခေါ်လိုက်လေသည်။

ပခုံးမှာ ကြယ်နှစ်ပွင့်နှင့် စစ်အရာရှိက နွဲ့ကို မော်၍ကြည့်လေသည်။

mgyoe.com

"ဦးလေးတို့ ရှိရဲ့လား ဟော့ နွဲ့"

"ဖေဖေ ရန်ကုန်သွားနေတယ် ကိုလေး၊ မေမေလည်း ဝိပဿနာကို ဥပုသ်စောင့်သွားနေတယ်"

နွဲ့က ချာခနဲလှည့်ကာ သူမနောက်နားမှ ရပ်နေသော ကဗျာဆရာကို ရှောင်၍ တံခါးဝဆီသို့ ခပ်သွက်သွက်ကလေး လျှောက်သွားလေသည်။

နွဲ့ရဲ့ကိုလေးနှင့် သူ့ဘေးမှ အဖော်တို့ ဧည့်ခန်းဆောင်ဦးသို့ ဝင်လာကြသည်။

"ဒါက နွဲ့... ကျွန်တော့်နှမ တစ်ဝမ်းကွဲလေ ကပ္ပတိန်အောင်ကြီး၊ ဒါ ကပ္ပတိန်အောင်ကြီးလေ နွဲ့ ... ကိုလေးတို့နဲ့ တစ်တပ်တည်းကပဲ၊ ကတုပ်မှာ ကရင်တွေကို ခံချခဲ့တဲ့ စစ်သားကြီးပေါ့ နွဲ့ရဲ့"

ကိုလေးက သူ့နှမဝမ်းကွဲ နွဲ့ကို သူနှင့်အတူ အဖော်ပါလာသော ကပ္ပတိန်အောင်ကြီးနှင့် ခေတ်မီစွာပင် မိတ်ဆက်ပေးလေသည်။

ကပ္ပတိန်အောင်ကြီးက ပဲခူးမြို့ကို ကာကွယ်ခဲ့သော စစ်သားကြီး၏ ဟန်ဖြင့် ပြုံး၍ ခေါင်းညိတ်လိုက်သည်။ နွဲ့ကလည်း ခေတ်ပညာတတ် တစ်ယောက်ပီပီ သူမရဲ့ လက်ကလေးကို ကမ်းပေးလိုက်သည်။

"လက်ဖတင်နင်လှမြင့်ကတော့ နွဲ့အကြောင်းကို ပြောပြောနေလို့ ကြားဖူးပါပြီ၊ လူချင်း ခုလိုသိရတာ ဝမ်းသာပါတယ်ခင်ဗျာ" ကပ္ပတိန်အောင်ကြီးက ယဉ်ကျေးစွာပင် ပြောသည်။

"နွဲ့ကလည်း ဝမ်းသာပါတယ်ရှင်၊ ပြီးတော့ ခုလို နွဲ့တို့ ပဲခူးမြို့ကို ကယ်တင်ခဲ့တဲ့ သူရဲကောင်းကြီးနဲ့ မထင်မှတ်ဘဲ သိရကျွမ်းရတာ ဂုဏ်တက်မိပါတယ်"

နွဲ့ကလည်း မညံ့လှပါကလား...။

လက်ချင်းဆွဲ၍ နှုတ်ဆက်လိုက်ကြသည်။

နွဲ့ရဲ့အစ်ကိုဝမ်းကွဲက ကဗျာဆရာကို လှမ်း၍ကြည့်ရင်း

"ဟော့ ကိုသန်းဆွေ" အားရဝမ်းသာ ခေါ်လိုက်လေသည်။

ကဗျာဆရာက မချိသွားဖြဲရသလို ပြုံးလိုက်သည်။

"ကိုလှမြင့်..." ဒါပဲ။

ဧည့်ခန်းဆောင်ဦးဝယ် လူငယ်လေးဦး ဝိုင်း၍ထိုင်မိကြသောအခါ နွဲ့က ဒိုက်ဦးမှ ခရီးပန်းလာသော သူမ၏ကိုလေးနှင့် ကပ္ပတိန်အောင်ကြီးတို့အား လိမ္မော်ရည်တိုက်ရန် မီးဖိုဘက်သို့ ထွက်သွားလေသည်။

mgyoe.com

mgyoe.com


"သူက ကိုသန်းဆွေတဲ့၊ ကဗျာဆရာလေ၊ ဒါက ကပ္ပတိန်အောင်ကြီး" လက်(ဖ)တင်နင်လှမြင့်က ကဗျာဆရာနှင့် စစ်သားကို မိတ်ဆက်ပေးလေသည်။

"ကိုသန်းဆွေရေးတဲ့ ကဗျာကလေးတွေကို ဂရုတစိုက် ဖတ်ပါတယ်။ ခင်ဗျား နောက်ဆုံး ဆန်းသစ်ဦးဂျာနယ်ထဲမှာ ရေးလိုက်တဲ့ "နွဲ့ရဲ့ နောက်ဆုံးသော နှင်းဆီတစ်ပွင့်"ဆိုတဲ့ ကဗျာထင်ပါရဲ့"

"ဟုတ်ကဲ့"

"စစ်သားပေမယ့် ကဗျာတော့ ချစ်ကြသေးတာပါပဲဗျာ"

"ဟုတ်ကဲ့ ... ကဗျာသာမရှိရင် လူ့ဘဝကြီးဟာ ဟာတာတာကြီး ဖြစ်နေမှာပဲ"

ဘေးမှ လက်(ဖ)တင်နင်လှမြင့်က ပြုံး၍နားထောင်နေလေသည်။

နွဲ့က လိမ္မော်အဖျော်ကို ယူလာ၍ ချပေးရင်း

"ဒါပေမဲ့ ကမ္ဘာကြီး မီးလောင်နေတဲ့အချိန်မှာ အေးမြတဲ့ ငွေလရောင်ကို ဖွဲ့နွဲ့ထားတဲ့ ကဗျာဟာ ဘယ်လိုများ အသုံးချရဦးမှာလဲ ကိုသန်းဆွေ၊ ရှင်က ရှင့်ကဗျာသာ မရှိရင် မဖြစ်တော့သလို တစ်ဖက်သတ်ပြောနေလို့ နွဲ့က မေးလိုက်စမ်းပါရစေတဲ့ဦး" နွဲ့က မေးလိုက်သည်။

စစ်သားနှစ်ယောက်က ခရိုးပန်းပန်းနှင့် အဖျော်ကို လှမ်းယူကာ အသီးသီး သောက်နေကြရင်း ပြုံး၍ နားထောင်နေကြလေသည်။ ကဗျာဆရာ ကိုသန်းဆွေတစ်ယောက်သာ ခပ်ကြောင်ကြောင် ဖြစ်နေရှာသည်။

ထိုအခိုက် လှေကားမှ တက်လာသော ခြေသံကို ကြားရပြီးနောက် နွဲ့၏ ဖခင်က အထုပ်အပိုးတွေ ပိုက်၍ ဝင်လာလေသည်။

"ဟ ... မောင်လှမြင့်တို့ ဘယ်တုန်းက ရောက်နေကြသလဲ"

လက်(ဖ)တင်နင်လှမြင့်က သူ့ဦးလေးအား ထ၍ ဂါရဝပြုကာ ကပ္ပတိန်အောင်ကြီးနှင့် မိတ်ဆက်ပေးလေသည်။

"ဝမ်းသာပါတယ် မောင်ရယ်၊ မောင်တို့ ကျေးဇူးဟာ ကြီးပါပေတယ်ကွယ်၊ အချိန်မရွေး ဝင်ပါထွက်ပါ၊ စားပါသောက်ပါ မောင်ရယ်၊ ဘာမှ အားနာဖို့ မရှိပါဘူး၊ ကိုယ့်ဦးလေးသားချင်းအိမ်လိုပဲ သဘောထားတာပေါ့"

ပဲခူးမြို့နှင့် မြို့သူမြို့သားများအား ကရင့်လက်မှ ကယ်တင်ကာကွယ်ခဲ့သော စစ်သားကြီးအား နွဲ့ဖခင်က ကြည်ညိုလေးစားစွာ လောကဝတ်စကားများကို ရွှန်းရွှန်းဝေအောင် ပြောဆိုနေလိုက်ပေသည်။

"ကျွန်တော်တို့ကတော့ ကျွန်တော်တို့ တာဝန်ဝတ္တရားအတိုင်း ပြည်သူ့

mgyoe.com

mgyoe.com


လူထုရဲ့အသက်စည်းစိမ် လုံခြုံမှုကို ကာကွယ်ပေးရတာပါပဲ၊ ဦးက ခုလို စေတနာထားတာ ကျေးဇူးတင်ပါတယ်ခင်ဗျာ"

ကပ္ပတိန်အောင်ကြီးက စစ်သားကောင်းပီပီ ယဉ်ကျေးချောင်စွာ ပြန်၍ ပြောလေသည်။

နွဲ့က ငြိမ်သက်စွာ ကြည့်၍ နားထောင်နေရာမှ သူမဖခင်လက်ထဲမှ အထုပ်များကို လှမ်းယူကာ အတွင်းသို့ ဝင်သွားလေသည်။

ကဗျာဆရာ ကိုသန်းဆွေက ပျင်းရိညောင်းညာလာသကဲ့သို့ ထိုင်ရာမှ ထလိုက်သည်။

"ကျွန်တော့်ကို ခွင့်ပြုကြပါဦး"

သူက ပြန်ခွင့်တောင်းလေသည်။ ပြီးတော့ အတွင်းဘက်သို့ မသိမသာ လှမ်း၍ကြည့်လိုက်သည်။

နွဲ့က သူ့ကို မကြည့်။

စစ်ဝတ်စစ်စားနှင့် ခန့်ညားလှသော ကပ္ပတိန်အောင်ကြီးကိုသာ အသာ အယာ ကြည့်နေပါသည်။

(၂)

*လယ်တောကအပြန်*
*ပန်ချင်တယ်ခရေဖူးဆိုလို့*
*မောင်ခူးကာပေး...။*

(၃)

ကိုသန်းဆွေက ကဗျာဆရာ ...

သူက ကဗျာကို မြတ်နိုးချစ်ခင်သော လူငယ်တစ်ယောက် ဖြစ်သည်။ သူက နွဲ့ကို ကဗျာလေးများ သီကုံးဖွဲ့နွဲ့ကာ နွဲ့သည် သူ့အိပ်မက်၏ ဧကရီ လေး ဖြစ်နေကြောင်း ပြောပြလေ့ရှိပေသည်။ နွဲ့ကို သူက ချစ်နေကြောင်းကိုပင် ကဗျာနှင့် ပြောပြ၍ နွဲ့အချစ်ကို ရယူခဲ့သော ကဗျာဆရာတစ်ယောက်...။

ခုတော့ နွဲ့က သူ့ကို စိတ်ပျက်သလိုပင် ပြောလာသည်။ ပြည်ထောင်စုကြီး မီးဟုန်းဟုန်းတောက်လောင်နေသောအချိန်မှာ သူက ကဗျာရေးနေသည် ကို နွဲ့က ဘာကြောင့် အားမရဖြစ်နေရပါသလဲ ... တကယ်ဆိုတော့ ပြည်ထောင် စုကြီး မငြိမ်မသက်ဖြစ်နေရသည်မှာ သူ့အဘိဓမ္မာအရ အထူးအဆန်းမဟုတ်၊

mgyoe.com

mgyoe.com
ကြောက်စရာလည်း မဟုတ်။ လွတ်လပ်ပြီးစ နိုင်ငံတိုင်းမှာ သည်လိုပဲ မငြိမ်မသက် ဖြစ်ခဲ့ကြရသည်ပင် မဟုတ်ပါသလား။ အမေရိကန်ကိုကြည့်ကြည့်၊ ရုရှားကိုကြည့်ကြည့် ပြည်တွင်းလှုပ်ရှားမှု ဂယက်တော့ ထကြခဲ့ရသည်ပင် ဖြစ်ပေသည်။

သည်ဟာကို နွဲ့က အဆန်းလုပ်ပြီး သူ့ကဗျာကို အပြစ်တင်လာပေသည်။ တကယ်ဆိုတော့ ပြည်တွင်းဆူပူမှုနှင့် သူ့ကဗျာမှာ တခြားစီ၊ တစ်ဘာသာစီသာ ဖြစ်ပါသည်။ သူ့ကို လူ့လောကအပြင်ဘက်မှာပင် တစ်ယောက်တည်း စိတ်ကူးယဉ်နေသော ယူတစ်ယောက်ဟူ၍များ နွဲ့က ပြောလိုက်ပေသေးသည်။ မခံချင်စရာပါပဲ။

ဒါပေမဲ့ သူက နွဲ့ကို ချစ်လေသည်။ သူသည် နွဲ့အတွက် ကဗျာကလေးများကို ဖွဲ့နွဲ့သီကုံးပေးခြင်း၌ အပိုမပါ၊ တကယ့်စစ်မှန်သော အနုပညာသက်သက် ဖြစ်သည်။ မောင့်အိပ်မက်ရဲ့ကေရီဟု သူက နွဲ့ကို ဥပမာတင်သောအခါ သူ့အိပ်မက်ရဲ့ တကယ့်ကေရီပင် ဖြစ်လေသည်။

နွဲ့က ပြည်ထောင်စုကြီး မီးဟုန်းဟုန်းတောက်သဖြင့် သူ့ကဗျာကို မီးရှို့ပစ်လိုက်သည်။ ဘယ်လောက်များပင် ကြင်နာခြင်းကင်းသော နွဲ့ပါလဲ…။

"ကမ္ဘာကြီး မီးလောင်နေတဲ့အချိန်မှာ အေးမြတဲ့ငွေလရောင်ကို ဖွဲ့နွဲ့ထားတဲ့ ကဗျာဟာ ဘယ်လိုများ အသုံးချရဦးမှာလဲ ကိုသန်းဆွေ"တဲ့။ နွဲ့က လက်(ဖ) တင်နင်လှမြင့်နှင့် ကပ္ပတိန်အောင်ကြီးတို့ ရှေ့မှာပင် မထောက်မညှာ မေးရက်လိုက်လေခြင်း…။

သူ့အမြင်နှင့် နွဲ့အမြင်မှာ တစ်ခုစီ ဖြစ်နေသည်။ ပြည်ထောင်စုကြီး မီးဟုန်းဟုန်းတောက်နေစဉ် နွဲ့က သူ့ကို ကဗျာအား ခေတ္တဘေးချိတ်၍ မီးကို ဝင်ကူ၍ ငြိမ်းသတ်စေချင်သော အမြင်ရှိသည်။ သူကတော့ ကမ္ဘာကြီး မီးလောင်၍ ပြာပုံသာကျန်ပါစေ အေးမြသော ငွေလရောင်ကို ဖွဲ့နွဲ့ရပေမည်။ ငွေလရောင်သည် အေးမြသည်မှာ အမှန်ပဲမဟုတ်ပါလား။ သူက သစ္စာရှိသော အနုပညာသည် ကဗျာဆရာပီပီ ဘာပဲဖြစ်ဖြစ် မှန်တာကို ဖွဲ့ရမည်။

အမြင်နှစ်ခုက သည်တစ်နေရာတွင် ကွဲခဲ့လေသည်။

နွဲ့က သူမရဲ့ အမြင်အတွက် အလျှော့ပေးမည့် လက္ခဏာမရှိ၊ ပြီးတော့ နွဲ့သဘောကို သူက ကောင်းကောင်းနားလည်ထားသည်။ တစ်ယောက်နှင့်တစ်ယောက် ချစ်လာခဲ့ကြသည်မှာ နှစ်ခါပင် လည်ခဲ့ပေပြီ။ နွဲ့သဘောက သည်ဟာဆို သည်ဟာမှပဲ ဖြစ်သည်။ ဟိုဟာမဆိုထားနှင့်ဦး သည်နားကလေးက
mgyoe.com

mgyoe.com

ဟာကိုတောင်မှပဲ မရ။

ပြီးတော့ နွဲ့က မိန်းမသား ... သူက ယောကျ်ား ...။

အဆင်ပြေ၍ ညီညွတ်ရမည့် အရေးအတွက် သူကသာ ယောကျ်ားကောင်းပီပီ လျှော့ပေးပြီး အဆင်ပြေ ညီညွတ်သွားသောအခါ၌ သူ့ဘက်သို့ တဖြည်းဖြည်း ဆွဲယူရမည်ပင် မဟုတ်ပါသလော။ သို့ရာတွင် ကိုသန်းဆွေမှာ ခက်နေသောတစ်ခုက သူ့ယုံကြည်ချက်ကို ဆန့်ကျင်၍ မလုပ်နိုင်သော တစ်ခုပင် ဖြစ်နေပေမည်။

သူ့မိဘများ ရှိစဉ်က သူ့အဖေက သူ့ကို အစိုးရအလုပ် လုပ်စေချင်သည်။ သူ့အမေက ကုန်သည် လုပ်စေချင်သည်။ သူ့အဖေ လုပ်စေချင်သော အစိုးရအလုပ်အတွက် သူ့မှာ ပညာလည်းရှိသည်။ သူ့အမေက လုပ်စေချင်သော ကုန်သည်လုပ်ငန်းအတွက် အရင်းအနှီးနှင့် မိတ်သင်္ဂဟ အဆက်အသွယ်ကလည်း ရှိသည်။

ဒါပေမဲ့ သူက ဘာမှုမလုပ်ဘဲ စာတွေသာဖတ်ပြီး ကဗျာတွေ ရေးခဲ့ပေပြီ။ သူက ကဗျာဆရာဘဝကို ခံယူလိုက်သည်။ စာရေးဆရာ၊ သတင်းစာဆရာ အများပင် ထမင်းဝသော ခေတ်ကြီးထဲ၌ ကဗျာဆရာ လုပ်ချင်သူမှာ ဘယ်လိုခေါ်ရပါ့မလဲ။

မိဘများ ကွယ်လွန်ကြသောအခါ ကျန်ရစ်ခဲ့သော ပစ္စည်းကလေးများကို ဦးလေးတစ်ယောက်က ထိန်းသိမ်းရင်းနှီးပေးထားသဖြင့် သူ့မှာ အခြေမပျက်ဘဲ ကဗျာဆရာတစ်ယောက်ဘဝဖြင့် အေးချမ်းစွာ နေနိုင်လာခဲ့သည်။

သူ့ကဗျာကို နွဲ့ကလည်း အားပေးသည်၊ စာပေလောကက ကလည်း သူ့မေတ္တာကို အားပေးသည်။

သူ ထင်ရှားစ ပြုလာသည့် ကဗျာဆရာတစ်ယောက် ဖြစ်လာရပေသည်။

သို့ရာတွင် ပြည်ထောင်စုကြီး တစ်နေ့ထက်တစ်နေ့ မီးဟုန်းဟုန်းတောက်လာရာမှ ပဲခူးမြို့ကလေးက ကရင့်ရန်စနက်ကြောင့် ကျီးလန့်စာစားဖြစ်လာသော အချိန်၌ သူ့ကဗျာလေးတစ်ပုဒ်ကို နွဲ့က ဆုတ်ပစ်လိုက်သည်။ ပြီးတော့ မီးရှို့ပစ်လိုက်သည်။

ကဗျာခေတ် နှောင်းလေပြီလော...။

သူက မတွေးမိ နွဲ့က သူ့ကို မပြောရက်သော်လည်း သူက မသိတတ်လွန်းသဖြင့် ဖွင့်ပြောရသောအခါမှ သူ့ကဗျာခေတ် ကုန်တော့မည့် အရိပ်နိမိတ်ကို သူ နားလည်လာခဲ့ပေသည်။
mgyoe.com

ကဗျာခေတ် နှောင်းသောကာလ၌ သေနတ်ခေတ်သည် ရောက်လာရပေသည်။

နွဲ့၏ သူရဲကောင်းဘဝကို ခံယူချင်ရင်တော့ သူက သေနတ်ကိုင်ရပေမည်။

(၄)

ကိုသန်းဆွေက ကလောင်တံကို ဘေးမှာ ချထားလိုက်သည်။

သူက မင်္ဂလာဒုံက စစ်တပ်မှာ လေ့ကျင့်နေရသော စစ်သား... ကလောင်တံအစား သူက သေနတ်ကိုင်နေရပေသည်။

သူ မြတ်နိုးစုံမက်လှသော ကဗျာဆရာ၏ဘဝကို နွဲ့က အထင်ကြီးသော ဗမာ့သားကောင်းဘဝကို ရရှိပါမည့်အတွက် သူက စစ်ထဲသို့ ဝင်ခဲ့သည်။ မီးဟုန်းဟုန်းတောက်နေသော ပြည်ထောင်စုကြီးကို ကာကွယ်မည်။

ကဗျာဆရာနှင့် စစ်သားဘဝက တောင်နှင့်မြောက် ဝင်ရိုးစွန်း ... သူက ဖြစ်အောင်လုပ်သည်။

သူ့အကြောင်းကို သိကြသူများက သူ့ကို အံ့သြကြသည်။ အချို့က ကဲ့ရဲ့ကြသည်။ ဒါပေမဲ့ အပြစ်တော့ မတင်ကြပါ။

ဘာမှမလုပ်ဘဲ စာဖတ်၍ ကဗျာစပ်လာသော သူ့အတွက် လေ့ကျင့်ခန်းဆင်းရသော စစ်သားဘဝမှာ ပင်ပန်းလှသည်။ နေပူ၊ မိုးရွာ ချမ်းချမ်းစီးစီးကြီးများထဲမှာ သူက သေနတ်ကိုထမ်း၍ ပြေးရသည်၊ မှောက်ရသည်၊ ဝပ်ရသည်။

စစ်သားဘဝကား တော်တော်ခွဲ၊ တော်တော်ခံနိုင်ရည်နှင့် မဖြစ်။ ကျားဆိုမှ ကျားရမည်။ တုံးပဲတိုက်တိုက်၊ ကျားပဲကိုက်ကိုက် တိုက်သော တုံးကို ဒူးနှင့် တိုက်နိုင်ရမည်၊ ကိုက်သော ကျားကို နပန်းလုံးရဲရမည်၊ ဒါမှ စစ်သား...။

ကဗျာစပ်ရန် ကာရန်များကို ရှာနေခြင်းမှ လုံ့စွပ်ကို သေနတ်မှာ တပ်ရမည်။ ပြီးတော့ လေ့ကျင့်သားရအောင် ပြေး၍ အထိုးကျင့်ရသည်။ ဘယ်လောက်များ ပင်ပန်းလိုက်သလဲ။

အရင်က သူသည် ကိတ်–ရှာလီနှင့် လောင်းဖဲလိုးတို့၏ ကဗျာများကိုသာ ဖတ်လေ့ရှိသော်လည်း ခုတော့ သေနင်္ဂဗျူဟာများကို ဖတ်ရမည်၊ စစ်ဥပဒေများကို ကျက်မှတ်ရသည်။

ကဗျာဆရာသန်းဆွေက တပ်သားကြီးသန်းဆွေ ဖြစ်လာသည်။ ကလောင်တံကို ချ၍ သေနတ်ကို ကိုင်လာခဲ့သည်မှာ ၆ လပင် ကြာမြင့်ခဲ့ပြီ။

mgyoe.com

mgyoe.com

(၅)

ရန်ကုန်–ပဲခူး လမ်းမကြီးပေါ်ဝယ် ဂျစ်ကားကလေး တစ်စီးသည် တစ်နာရီလျှင် မိုက် ၅၀ ခန့် ပြေးနေလေသည်။

လက မှုံမွှားမွှားသာနေသော ညချမ်းကလေးပင် ဖြစ်လေသည်။

ကားမောင်းသူက စစ်ဝတ်စစ်စားနှင့် ဖြစ်သည်။ စစ်ကိစ္စအတွက် အရေးတကြီး အကြောင်းရှိသလား မပြောတတ်။ တစ်နာရီ မိုင် ၅၀ ဆိုသော အရှိန်ကိုပင် သူက နှေးသည်ဟု ထင်နေပုံရသည်။ သည်လိုထင်သဖြင့် သူက စက်ကုန်ဖွင့်ကာ လီဗာကို အဆုံးနင်းလိုက်သည်။

ထောက်ကြန့်၊ လှည်းကူး၊ အင်းတကော် …

လမ်းဘေးသစ်ပင်များနှင့် လယ်ကွင်းများသည် တရိပ်ရိပ်သာ ကျန်ရစ်ခဲ့ကြသည်။

ရန်ကုန်–ပဲခူး လမ်းမကြီးပေါ်မှာ ပြေးနေသော ဂျစ်ကားကလေးကား ရက်စက်လွန်းလှပေသည်။ ပဲခူးကို ရောက်မည်မှာ သေချာပါ့လျက်နှင့် မညာမတာ မောင်းနေသော ကားမောင်းသူမှာ အဘယ်မျှ ကြီးလေးသော အရေးအခင်းများ ရှိနေ၍ပါလိမ့်…။

ဂျစ်ကားကို မညာမတာ မောင်းလာသူမှာ ကြယ်တစ်ပွင့် တပ်ထားသော စစ်အရာရှိကလေးတစ်ယောက် ဖြစ်လေသည်။ သူ့မှာ စစ်ရေးစစ်ရာထက် အရေးကြီးသော ကိစ္စတစ်ခုခု ရှိနေပုံပင်ရသည်။

ဟုတ်ပါသည်၊ သူ့မှာ ရှိပါသည်။

နွဲ့ကို တွေ့ချင်သော မိုလ်ကလေး သန်းဆွေလေ…။

နွဲ့က ပန်ချင်တယ်ဆိုသော ခရေဖူးတစ်ပွင့်ကို သူက တစ်နှစ်နီးပါး ကျည်ဆန်များနှင့် စိန်ပြောင်းသံများအကြားမှာ အသက်တဖျား ရှာခဲ့ရသည်။ ခု သူ ရပြီလေ။

သူက လီဗာကို အဆုံးနင်းကာ စက်ကုန်ဖွင့်နေသည်။

တစ်နာရီ မိုင် ၆၀ နီးပါးအထိ ပြေးနေသော ဂျစ်ကားကိုပင် သူက အားမရ ဖြစ်နေမိသည်။ ဟုတ်တယ်လေ … သူက နွဲ့ကို တွေ့ချင်လှပါပြီ။ တစ်နှစ်ဆိုသော အချိန်မှာ နည်းနည်းနောနော မှတ်လို့။

ဂျစ်ကားကလေးသည် ရန်ကုန်–ပဲခူး လမ်းမကြီးပေါ်မှာ တရိပ်ရိပ် ပြေးနေနေသည်။

ပဲခူးကိုရောက်လျှင် နွဲ့ကို တွေ့ရမည်။ သူက ကဗျာဆရာသာ မဟုတ်၊

mgyoe.com

mgyoe.com

စစ်သားတစ်ယောက် ဖြစ်သေးကြောင်းကိုလည်း နွဲ့အား ပြချင်ပါသည်။

တကယ်လည်း ဟုတ်ပါပေသည်။

ကဗျာဆရာဘဝကို တစ်နှစ်ခန့်က သူ စွန့်လွှတ်ကာ နွဲ့ကို မေ့၍ ပဲခူးမှ ထွက်လာခဲ့ရသည်။ သူသည် စစ်အတတ်ကို ၆ လခန့် လေ့ကျင့်သင်ကြားရပြီး နောက် စစ်မြေပြင်ကို ထွက်ခဲ့ရပေသည်။

တစ်ဖက်ရန်သူ၏ တဝီးဝီးဖြတ်သန်းနေသော ကျည်ဆံများအကြားမှ အားလျားမှောက်၍ ရန်သူ၏ ခံတပ်ကျင်းထဲသို့ လိမ့်တက်ကာ လုံစွပ်နှင့် ထိုးခဲ့ရသည်။ တဝုန်းဝုန်း ပေါက်ကွဲနေသော စိန်ပြောင်း ပေါက်ကွဲသံများအကြားမှာ ပြားပြားဝပ်ရင်း ရန်သူ့ကျည်ဆန်လာရာသို့ တွား၍ တက်ခဲ့ရသည်။

စစ်မြေပြင်၏ သွေးပျက်စရာ၊ အသည်းထိတ်စရာများအကြားမှ နွဲ့ လိုချင်သော ခရေဖူးကို သူက အသက်ဆံဖျား ခူးခဲ့ရပေသည်။ နွဲ့ သူ ရပြီလေ...။

...ဂျစ်ကားကလေးသည် တျောက်ကန်တိုင်ကို လွန်လာခဲ့လေသည်။

သူက နွဲ့ကို တွေ့ချင်လှပါပြီ။ နွဲ့ ပန်ချင်သော ခရေဖူးကို ပေးချင်လှ ပါပြီ။

တောင်ကြီးကို ကရင့်လက်မှ လွတ်မြောက်ရေး တိုက်ပွဲအပြီး ခရေဖူးကို သူက ရ၍ ရန်ကုန်သို့ လေယာဉ်ပျံနှင့် ပြန်လာခဲ့ကာ လေယာဉ်ကွင်းမှာ သူငယ် ချင်းတစ်ယောက်၏ ဂျစ်ကားကို ဆွဲယူ၍ ပဲခူးသို့ ပြန်လာခြင်း ဖြစ်ပေသည်။

နွဲ့က မီးဟုန်းဟုန်းတောက်နေသော ပြည်ထောင်စုကို ကာကွယ်ကယ် တင်ခဲ့သော သူရဲကောင်းတစ်ယောက်အဖြစ်နှင့် သူ့ကို တွေ့ရရင်တော့ အံ့သြ သွားစေချင်သည်။

ပြီးတော့မှ မမလေး ပန်ချင်သော ခရေဖူးကို သူ ဘယ်လို ခူးခဲ့ရကြောင်း ခရေစေ့တွင်းကျ ပြောပြချင်သည်။

(၅)

မြို့တွင်းသို့ ဝင်လာပြီ ဖြစ်သဖြင့် ကား အရှိန်ကို မလျှော့ချင်ဘဲ သူက လျှော့လိုက်ရသည်။

တံတားဦးထိပ်မှာ ကားများ မရှင်းသေးသဖြင့် သူ့ကို အကြာကြီး ရပ်ခိုင်း ထားရပါမည်လားဟု ရဲပုလိပ်ကို သူက ကားပေါ်မှ ကြိမ်းမောင်းပစ်ခဲ့သေး သည်။

ကန်ဘက်သို့ မျက်နှာမူ ဆောက်ထားသော တိုက်ခံအိမ်ကြီး၏ ဆင့်ဝင်
mgyoe.com

mgyoe.com

အောက်မှာ သူက ကားကလေးကို ထိုး၍ရပ်လိုက်ပြီးနောက် လူသံတိတ်နေသော အိမ်ပေါ်သို့ အားရဝမ်းသာ တက်လာခဲ့သည်။

သူက နွဲ့ကို တွေ့ချင်လှပါပြီ… အင်မတန်ပဲ တွေ့ချင်လှပါပြီ။

"နွဲ့"

သူက ဣန္ဒြေပင် မလုပ်နိုင်တော့ဘဲ ခေါ်လိုက်မိသည်။

အတွင်းကတော့ ဘာသံမျှ မကြား၊ တံခါးဝမှာ သူက ရပ်လိုက်သည်။ ဧည့်ခန်းမှာ မီးလင်းနေသော်လည်း လူတစ်ယောက်မျှ မရှိကြ။ ဘယ်သွားနေကြပါလိမ့်မလဲ။

"နွဲ့"

သူက ထပ်၍ခေါ်လိုက်သည်။

"ဘယ်သူလဲ"

ဟော … နွဲ့အသံကို ကြားရသည်။ သူက မှတ်မိသည်၊ အိပ်ခန်းထဲက…။

"ကိုသန်းဆွေရယ်လေ"

သူက ကိုယ်ရည်သွေးလိုက်သည်။

ခေတ္တတိတ်ဆိတ်နေပြီးနောက် ခပ်လေးလေး လျှောက်လာသော ခြေသံကို ကြားရသည်။

"နွဲ့" သူက ခပ်ကြွားကြွားနှင့် ဝမ်းသာအားရ နွဲ့ကို ကြည့်ကာ ခေါ်လေသည်။

"သြော်… ကိုသန်းဆွေပါလား"

နွဲ့က မပြုံးချင်ဘဲနှင့် ပြုံးနေရသလိုလို…

နွဲ့ ပြုံးပုံမှာ အရင်ကနှင့်မတူ တစ်မျိုးပင် ဖြစ်လေသည်။

"ကိုသန်းဆွေ တောင်ကြီးက ခုညနေပဲ ရန်ကုန်ရောက်ရောက်ချင်း ဒီလာခဲ့တာ"

နွဲ့က မပြုံးချင်သလို ပြုံးကာ နားထောင်နေသည်။

"တောင်ကြီးကို သိမ်းတုန်းက ကိုသန်းဆွေတို့ တပ်တွေပေါ့ နွဲ့ရဲ့"

နွဲ့ကတော့ သူ့ကို အငေးသားပင် နားထောင်နေသည်။

"ဧည့်သည်လားဟေ့ နွဲ့"

အတွင်းမှ အသံထွက်လာသည်။

"ကိုသန်းဆွေလေ မောင်"

နွဲ့က အတွင်းသို့ ပြန်၍ပြောလိုက်လေသည်။

mgyoe.com

mgyoe.com


စစ်ဝတ်စစ်စားနှင့် လူတစ်ယောက်က နွဲ့နှင့် ကိုသန်းဆွေတို့ စကားပြော နေသော တံခါးဆီသို့ ထွက်လာသည်။

ကိုသန်းဆွေက တစ်ခါတည်း မှတ်မိသည်။

ကပ္ပတိန်အောင်ကြီး...

မဟုတ်ပါ ခု သူက မေဂျာအောင်ကြီး ...။

"ဩော် ... ကိုသန်းဆွေပါလား၊ ဘယ်တုန်းက ပြန်ရောက်ပါသလဲ"

နွဲ့ဘေးတွင်ရပ်ရင်း မေဂျာအောင်ကြီးက သူ့ကို ရွှန်းရွှန်းစားစား ကြည့်ကာ ဖော်ဖော်ရွေရွေပင် မေးလေသည်။

"ခုပဲဆိုပါတော့ ဗိုလ်မှူး"

သူက လေးစားစွာ ဖြေရပေသည်။

"ကျွန်တော်နဲ့ နွဲ့ လက်ထပ်တုန်းက ခင်ဗျားဆီ ဖိတ်စာပို့မလို့ပါပဲဗျာ၊ ခင်ဗျား ဘယ်ရောက်နေမှန်း မသိတာနဲ့ပဲ မပို့ရတော့ပါဘူး"

"ခင်ဗျာ..."

ဒါပဲ သူ့ပါးစပ်က ထွက်လာနိုင်သည်။ ဒါ့အပြင် ဘာများ ထွက်လာပါဦး မှာတဲ့လဲ ကဗျာဆရာ ကိုသန်းဆွေလေး...။

*မနက်တုန်းဆီက*
*ကြော့ဆုံးကို မောင်မြင်တော့*
*သူ့ဆံပင် နှင်းဆီပွင့်တွေနဲ့*
*ဂုဏ်တင့်တယ်လေး...။ ။*

မင်းသုဝဏ်

**ရှုမဝမဂ္ဂဇင်း။**

❑

mgyoe.com

mgyoe.com

# ဆန့်ကျင်ဘက်၏သမီး

(၁)

ညအမှောင်ထဲမှာ လျှောက်သွားနေရစဉ် တစ္ဆေပြင်ကဲ့သို့သော ကြောက်မက်ဖွယ်ရာ တိတ်ဆိတ်ခြင်း၏ အထဲမှ ပြန့်၍လာသော တေးဂီတ၏ အလှက ကျွန်တော်၏ခြေလှမ်းများကို ဖမ်း၍ ချုပ်ထားလိုက်သလို ရပ်တန့်သွားစေပါ၏။

ကျွန်တော်က သွားရမည့်လမ်းခရီး၏ အဆုံးကို မျက်ခြည်ပြတ်ကာ မှောင်ထဲမှာ ရပ်နေမိ၏။ အမှန်က ဂီတဖမ်းစားခြင်းကို မိုက်မဲစွာ တွေဝေခံစားနေခြင်းမျှသာ ဖြစ်ပေသည်။

တစ္ဆေပြင်လို တိတ်ဆိတ်ခြင်းကား ညင်သာစွာ ဖောက်ထွင်း၍ ထွက်ပေါ်လာသော တေးဂီတက ပတ်ဝန်းကျင်ဝယ် တော်တော်တန်ခိုးသတ္တိ ကြီးနေပုံရ၏။ တိတ်ဆိတ်ခြင်းနှင့် မှောင်မည်းခြင်းကို ပေါင်းစပ်၍ထားသော ပတ်ဝန်းကျင်သည် တေးဂီတ၏ ခြယ်လှယ်မှုဝယ် စိတ်ကူးယဉ်စရာ သဏ္ဍာန်သို့ ကူးပြောင်းနေပေသည်။ တစ္ဆေပြင်ကဲ့သို့ တိတ်ဆိတ်ခြင်းမျိုး မဟုတ်တော့ဘဲ ချစ်စရာ ငြိမ်သက်ခြင်းသဏ္ဍာန်သို့ ကူးစက်နေသယောင် ထင်စေပါ၏။ မှောင်မည်းခြင်းသည် ကြောက်မက်ဖွယ် မဟုတ်တော့ဘဲ မင်္ဂလာဦးည၏ မီးငြိမ်းသတ်ထားခြင်းမျိုး ထင်နေစေပါ၏။

ကျွန်တော်က ညအမှောင်ထဲမှာ စိတ်ကူးယဉ်ယဉ်နှင့် ရပ်နေသည်။ ကျွန်တော် သွားရဦးမည့် ခရီး၏အဆုံးကိုပါ မေ့လျော့နေ၏။ တေးဂီတ၏ အလှဝယ် မိုက်မဲစွာယစ်မူးနေလိုက်ပါ၏။

တေးဂီတ၏ ဧကရီသည် မှောင်ထဲမှာ ရပ်၍သွားမည့် လမ်းခရီးကို မေ့လျော့ကာ ငေးစိုက်နားထောင်နေသော ကျွန်တော့်ကို ရှိလေသည်ဟုများမှပင် သိပါလေစ။ ကျွန်တော်က ဒါကိုလည်း တွေးကြည့်လိုက်ပါသေး၏။ တေးသံ

mgyoe.com

mgyoe.com


သည် ညအမှောင်နှင့် တစ္ဆေပြင်လို တိတ်ဆိတ်ခြင်းကား စိတ်ကူးယဉ်ညတစ်ည အဖြစ်သို့ ဖန်တီးဆွဲဆောင်လျက်ပင် ရှိပေသည်။

*နွေရာသီဦး× × × ရွှေဖီဖူးပေါ်လေပြီ× × × ပူသူများကွယ်လေ့ ပူရော့မည်× × × နေသူများ နေရက်သည်× × ×*

နွေဦးတွင် သရဖီတွေက ဖူးလေပြီဖြစ်သောကြောင့် ပူသူက ပူ၍နေရစဉ် နေရက်နိုင်သူအား မကျေမချမ်း အပြစ်တင်လိုက်သော အနက်ကို ညည်းညူသီဆိုနေပေသည်။ တေးသံရဲ့နောက်ပါးက တို့ကာပင့်ကာ လိုက်လာသောစောင်းကောက်၏ညင်းသံက ပဒေသရာဇ်အဆောင်အယောင်ကို တသလွမ်းဆွတ်စွာ ပါလာ၏။

မှောင်ထဲမှာ ကျွန်တော်က ယစ်မူးနေ၏။ ခရီးလမ်း၏ အဆုံးကိုလည်း မေ့နေ၏။

ပဒေသရာဇ်အဆောင်ကိုင် စောင်းရဲ့ညင်းသံက ရောက်လုနီးပြီဖြစ်သော ရွှေပြည်တော်၏ မုခ်ဦးဝမှ အလုပ်သမား၏ သမီးရဲ့ တေးကြိုးသံကို မေ့လျော့စေပုံရ၏။

တကယ်သာဆိုတော့ ကျွန်တော်သည် အမှောင်ထဲမှာ တွေဝေနေခြင်းမျှသာပါ။

(၂)

ည၏ မှောင်မိုက်ခြင်းထဲမှာ လျှောက်လျက်လာခဲ့ရသည်မှာ တော်တော်ပင် ကြာပြီဖြစ်ပါ၏။ မှောင်မိုက်ခြင်းဖြစ်၍ အလင်းရောင်သည် မရှိ။ အလင်းရောင်မရှိသောကြောင့် သာယာခြင်း ဘာတစ်ခုမျှ မတွေ့ခဲ့မိ။ ရုံဖန်ရုံခါ သေမင်း၏ အရိပ် လွှမ်းမိုးသော တောင်ကြားတွင် လျှောက်သွားရစဉ် မမြင်ရသော စမ်းမှ ရေစီးသံကို သဲ့သဲ့ကြားရ၏။ သာယာခြင်းဆို၍ ဒါပဲရှိသည်။ နောက် မုန်တိုင်းတိုက်နေခြင်းများ... ညအမှောင်များ...။

ကျွန်တော်သည် သာယာစရာ၊ ညွှတ်နူးစရာများကို မတွေ့မြင်ရသည်မှာ တော်တော်ပင် ကြာမြင့်ခဲ့ပါပြီကောဆိုသည်ကို မှောင်ထဲမှ ကြားနေရသော တေးဂီတ၏ ရှမှုက်တွင် မူးယစ်ငိုက်မျဉ်းနေစဉ် အိပ်မက်လိုလို သတိရ။

မမြင်ရဘဲ ကြားရရုံမျှသော တေးဂီတက မှောင်ထဲမှာ ရပ်နေသူအတွက် စိတ်ကူးယဉ်ဧကရီအား မိုးတိမ်များအကြားသို့ အထင်ရောက်စေပါ၏။

*သံရကာ× × × တမာကျေး ညင်းလေသွေးရင် ကြွေးမာဂဓာ ဘာသာ*

mgyoe.com

mgyoe.com

နေ့ဘ× × × ပြောလေ့ပြီ...

တေးက နွေ၏ အငွေ့အသက်ကို အနုစိပ်၍ ဖွဲ့နွဲ့နေပါ၏။ ညှဉ်းလုံးက လည်း မထိတရိနှင့် ကလိသလို ရှိလှသည်။

ကျွန်တော်သည် မှောင်ထဲမှာ မိုက်မဲစွာ တွေဝေနေသော နယ်နိမိတ်ကို ပင် ကျော်လွန်၍ ငိုက်လာပါ၏။ ငိုက်မျဉ်းသောကြောင့် ဘာမျှမသိ။ အိပ်ပျော် ခြင်းကိုသာ တောင့်တနေပါ၏။

တေး၏အဆိုသည် ပြီးဆုံးသွားဟန် ရှိပေသည်။ နောက်ထပ်၍ကား မတီးမဆို၊ စောင်းအုံ၏ ညှဉ်းလုံးခတ်သံကလေးများကသာ ပြန့်လွင့်နေပေ သည်။

စောင်းသံက တေးသီဆိုသံ မပါဘဲနှင့်ပင် တစ်မျိုးနားထောင်၍ ကောင်း နေ၏။ ငြိုးငွေ့ခြင်းမရှိ၊ ခတ်သံ၊ တို့သံ၊ ပင့်သံကလေးများသည် ညလုံးများကို မွေးဖွားပေးနေ၏။

ကျွန်တော်က မောပန်းလာသူဖြစ်၍ အလှ၏ အမြင်ရသော ရင်ခွင်ထက် မှာ အရှုးသဖွယ် မိန်းမောနေရာမှ အလှ၏ ဆွဲဆောင်ခေါ်ငင်ရာသို့ ခြေတရွတ် တိုက်ကာ လျှောက်သွားနေ၏။

တကယ်ဆို ကျွန်တော်သည် သွားရမည့် လမ်းစဉ်ခရီးကို ကျောခိုင်း၍ နောက်ကြောင်းပြန်ကာ ပဒေသရာဇ် စောင်းအုံရှင်မ ရှေ့တော်မှောက်သို့ အဖူး အမြော် ဝင်နေပါပြီကောလား။

(၃)

ငွေသဇင်လွှာက မြင့်လှပါ၏။

မြပင်တိုင် ဆောင်တော်ဦး၏ မှန်ပြတင်းက မှျော်နေဟန် ရှိပေသည်။

ကျွန်တော်က မြေကြီးပေါ်မှ ကျိုးကန်းလို မတုန်မလှုပ်ရပ်ကာ ငွေသဇင် လွှာကို တသစွာ မော်ကြည့်နေမိသည်။

စောင်းသံနှင့် တေးသံက ယခု တိတ်ဆိတ်သွားပေပြီ။ တီးခတ်သီဆိုလို ဟန်မရှိ၊ ဆွဲငင်လိုသော ဝတ္ထုပစ္စည်းကို ခြေတော်ရင်းသို့ အခစားရောက်စေ ခဲ့ပြီ။

ဒါကို ကျွန်တော်က ကျိုးတောအလိုမသိ။ နှားနောက်သို့ လက်ညှိုးထိုး ကာ တကောက်ကောက်လိုက်နေသော သူရူး...။

mgyoe.com

mgyoe.com


မှန်ပြတင်းက ကျော့မှူးသည် မြေပြင်ပေါ်မှ အရှုးကို ရှိလေသည်ဟု သိများမှပင် သိပါလေစ၊ သိလို့ကော စိတ်ဝင်စားမည်တဲ့လား…။

ကျွန်တော်က တောကျိုးကန်းအလို မှန်သေတ္တာထဲက ဒိန်ဖြူခဲကို မျှော်နေသည်နှင့် တူလှပါ၏။ သို့ရာတွင် ဒါကို ကျွန်တော်သည် မသိ၊ သိနိုင်စွမ်းမည်လည်း မဟုတ် အအ… အကျိုးတောအ…။

တကယ်ဆိုတော့ ကျွန်တော်သည် ကြာမြင့်စွာက လျှောက်လိုက်လာခဲ့ရသော ကျွန်တော်၏ အတိတ်လမ်းခရီးကိုမှပင် အားမနာ၊ မစဉ်းစားမိ၊ သွားရဦးမည့်လမ်းနှင့် ထိုခရီး၏ အဆုံးဖြစ်သော ရွှေပြည်တော်သစ်ကိုလည်း မိုက်မဲစွာ မေ့လျော့နေပေသည်။

မြပင်တိုင်တော်ဦး၏ နန်းဆောင်ထက်မှ ကျွန်တော်က မသိ၍ ကျွန်တော့်ကိုလည်း မသိသော သမီးပျိုကို အဓိပ္ပာယ်မရေရာသော တပ်မက်ခြင်းဖြင့် ငေးမောကြည့်နေပါ၏။

သည်အခိုက်မှာပင် ကျွန်တော်၏ နောက်ကျောတွင် မာကျောသော အရာဝတ္ထုတစ်ခုက လာ၍ထောက်လိုက်သည်နှင့်ပင် မရှေးမနှောင်း …

"ဟေ့ မပြေးနဲ့၊ မင်း သူပုန်မဟုတ်လား၊ လာ လိုက်ခဲ့"ဟူသော အမိန့်ပေးသံများကို ကြားရပြီးနောက် ကျွန်တော့်ကို သန်မာသော အာဏာပါးကွက်သားလေးယောက်က ချုပ်နှောင်ဖမ်းဆီးကြပေသည်။

ကျွန်တော်သည် ဘာမျှမတတ်နိုင်တော့၊ ဆန့်ကျင်ဘက်၏သမီး ဖမ်းဆီးခြင်းခံရလေပြီ။ ထိုသို့ဖမ်းဆီးခြင်း ခံရပြီးသည့်နောက်ပိုင်း၌ ကျွန်တော်၏ အနာဂတ်ကို ကျွန်တော်ကလည်း နားလည်ပြီး ဖြစ်ပါ၏။

မြပင်တိုင်ဦးက ငွေသဇင်လွှာသည် မှန်ပြတင်းမှာ မျှော်ဆဲပင် ဖြစ်ပါ၏။ သို့ရာတွင် မြေကြီးပေါ်တွင် ဘာဖြစ်နေသည်ကို မသိ၊ သိချင်မှပဲ သိချင်မည်။ သိသည့်တိုင်အောင် စိတ်ဝင်စားမည်မဟုတ်။

ငွေသဇင်လွှာကဖြင့် လှပါ၏။ ကျွန်တော်ကသာ မြေကြီးပေါ်မှာ ဖြစ်ပါ၏။

သည်အခိုက်မှာပင် ဆန့်ကျင်ဘက်၏ အာဏာပါးကွက်သားများက ကျွန်တော့်ကို ဖမ်းဆီးချုပ်နှောင်၍ ဆွဲခေါ်သွားကြပါ၏။

ဆန့်ကျင်ဘက်၏ သာယာမှုဟောင်းကို တပ်မက်မောသော ကျွန်တော်၏ အပြစ်ဒဏ်ကို ခံယူရမည် ဖြစ်ပေသည်။ မိမိကိုယ်နှင့် မိမိသာ ဖြစ်ပေသည်။

ညအမှောင်နှင့် တစ္ဆေပြင်လို တိတ်ဆိတ်ခြင်းများ၏ အကြားမှာ ဆန့်

mgyoe.com

mgyoe.com



ကျင်ဘက်၏ အာဏာပါးကွက်သားများသည် ကျွန်တော့်အား ဖမ်းဆီးချုပ်နှောင်၍ ခေါ်ဆောင်သွားကြစဉ် မြပင်တိုင်ဦးထက်မှ ဆန့်ကျင်ဘက်၏သမီး စောစောကကြားရသော တေးဂီတသံကို မသဲမကွဲ ကြားရပြန်ပါ၏။

နွေရာသီဦး x x x ရွှေဖီဖူးပေါ်လေပြီ x x x ပူသူများကွယ်လေ့နှင့်ရှ ပူရှော့မည် x x x နေသူများ နေရက်သည်။

သည့်ပဒေသရာဇ်၏ အဆောင်ကိုင်တေးဂီတသည် ကျွန်တော့်အား သို့သာနှ်တစပြင်သို့ ပို့ဆောင်သော ဆန့်ကျင်ဘက်၏သမီးရဲ့ တေးပါတကား၊

mgyoe.com

mgyoe.com

## မုတ်သုန်ဦး

### (၁)

ဥသြတွန်သံကို ကြားရသောအခါ နွေကျောင်းရက်သည်လည်း ပိတ်လိုက်ခဲ့ပေပြီ။

ရှည်လျား၍ ပျင်းရိပင်ပန်းဖွယ်ရာ နွေကျောင်းရက်ကို အဘယ်သို့ အဘယ်မှာ သွားရောက်ကုန်လွန်စေရပါမည်နည်း။ ခါတိုင်း နွေကျောင်းရက်ရှည်ပိတ်သောအခါများ၌ ဖခင်က သူနှင့်အတူ လာရောက်နေထိုင်ဖို့ ဖိတ်ခေါ်လေ့ရှိသဖြင့် သူနှင့်အတူ သွားရောက်နေထိုင်ကာ နွေရက်ရှည်ကို ကုန်လွန်စေခဲ့ရသည်။

သည်နှစ် နွေဦးပေါက်လာသောအခါ၌ ဖခင်သည် ဖိတ်ခေါ်ခြင်း မရှိခဲ့ပါ။ သူ၏ နောက်ထပ်ပြုသော အိမ်ထောင်သစ်တွင် သမီးကလေးတစ်ယောက် ထွန်းကားလာသဖြင့် မေ့လျော့နေလေသလားတော့လည်း မပြောတတ်။ ဖခင်နှင့် သားပင် ဖြစ်ကြသော်လည်း မဖိတ်ခေါ်သော ဖခင်၏ အိမ်ခေါင်မိုးအောက်မှာ သားသည် အဘယ်သို့ အရိပ်ခိုကာ နားနေနိုင်ပါမည်နည်း။ သည်မာနသည် ဖခင့်ထံမှ ရရှိခဲ့သော မာနပင်ဖြစ်ပါသည်။

ကျောင်းမှ မြို့ထဲရှိ အသိအိမ်တစ်အိမ်သို့ ပြောင်း၍ နွေကျောင်းပိတ်ရက်ရှည်ကို ကုန်လွန်စေတော့အံ့။

နွေကျောင်းရက်ရှည် ပိတ်လိုက်ပြီဖြစ်သဖြင့် ကျောင်းသူ၊ ကျောင်းသား အသီးသီးတို့သည် မိဘနှင့် ဆွေမျိုးများ ရပ်ထံ ပြန်သွားကြပေပြီ။ ယခင်က ဆူဆူညံညံနှင့် စိုစိုပြည်ပြည် ရှိနေခဲ့သော ကျောင်းမှာ အထီးတည်း ငြိမ်သက်ကျန်ရစ်ခဲ့လေသည်။

မြို့ထဲမှ အသိအိမ်သို့ ပြောင်းလာခဲ့သည်။

mgyoe.com

mgyoe.com

နွေဦးရာသီတော် အဝင်မှာ အသစ်သော ဝတ်လုံသစ်ဖြင့် တောက်ပနေသည်။

အနာဂတ်ကာလရဲ့ မျှော်လင့်စရာများဖြင့် ဖူးပွင့်နေသည်။

ဥဩ … ဥဩ … ဥဩ

နွေဦးရာသီအလယ်မှာ ဆူးမရှိတော့သော နှင်းဆီပန်းများ ဖူးပွင့်ဝေဆာမည့်အကြောင်းကို နွေရဲ့ အချစ်တော် ရွှေဥဩသည် ဖွဲ့ကာနွဲ့ကာနှင့် အမှန်မှာ ဝါဒဖြန့်နေခြင်းသာပဲ ဖြစ်ပါသည်။

ဥဩတွန်သံ ကြားရခါစ နွေရာသီမှာ သာယာသော ချစ်စဖွယ်အနာဂတ်ကို ကတိပြုထားပေသည်။ သူ ကတိပြုထားသော အနာဂတ်ရဲ့ ပန်းချီကားချပ်လွှာမှာ ကြယ်၊ လ၊ နက္ခတ်တာရာ ဆန်လှသည်။ ဒါပေမဲ့ သူ့ပန်းချီကားချပ်လွှာမှာ ရွှန်းရွှန်းဝေနေပါသည်။ သည် ရွှန်းရွှန်းဝေနေသော ပန်းချီကားချပ်လွှာကို လူများ တော်တော်ပဲ စိတ်ကူးယဉ်ယဉ်နှင့် သဘောကျ လက်ခံလိုက်ကြပေသည်။

တကယ်ဆိုတော့ ဆီးနှင်းများ မိုးပေါက်ပမာ တဖျောက်ဖျောက် ကျဆင်းနေကာ မြောက်လေတဟူးဟူး တိုက်ခတ်နေသော ညလယ်မှာ လူတို့သည် ဥဩကို မျှော်မှန်းရင်း နွေဦးကိုသာပဲ အိပ်မက် မက်နေခဲ့ကြပါပြီ။ ချမ်းချမ်းစီးစီးနှင့် နွေးထွေးသော နေရဲ့ ရောင်ခြည်ကင်းမဲ့သော ဆောင်းရက်မှန်တိုင်းများအကြားမှ လူတို့သည် ကြယ်၊ လ၊ နက္ခတ်တာရာ ဆန်လှသော နွေရဲ့ အနာဂတ် ပန်းချီကားချပ်လွှာကို စိတ်ကူးယဉ်ယဉ်နှင့် လက်ခံလိုကြပေလိမ့်မည်။

ဥဩ … ဥဩ … ဥဩ

နွေရာသီလယ်မှာ ဖူးပွင့်ကြတော့မည့် နှင်းဆီပန်းများမှာလည်း ဆူးမရှိတော့ပါဘူးတဲ့။

လူတို့သည် ဥဩပြောသမျှကို ယုံကြည်လက်ခံကာ ဩဘာပေးကြသည်။

အသစ်သော ဝတ်လုံဖြင့် နွေဦးသည် တောက်ပနေပါပြီ။

အနာဂတ်ကာလရဲ့ မျှော်လင့်စရာများဖြင့်လည်း ဖူးပွင့်နေပါသည်။

ထိုစဉ် သီတာဦးမှ စာတစ်စောင် ရောက်လာလေသည်။

သီတာဦးမှာ မိခင် ရသေ့မ ဝတ်နေသော ချောင်တစ်ချောင်ဖြစ်သည်။ ဖခင်နှင့် မိခင် တစ်ကွဲတပြားစီ နေထိုင်ခဲ့ကြသော လွန်ခဲ့သည့် သုံးနှစ်ခန့်မှစ၍ မိခင်သည် ဝတ်ကြောင်ကို စွန့်လွှတ်၍ ရသေ့မဝတ်ကာ သီတာဦးတွင် တရား

mgyoe.com

mgyoe.com

အားထုတ်နေခဲ့ပေသည်။ ထိုစဉ်က သီတာဦးသို့ ခေတ္တလောက် အလည်အပတ် ရောက်ခဲ့ဘူးသည်။

မိခင်က သည်နွေရာသီ ကျောင်းရက်ရှည် ပိတ်ထားသည့် အတော အတွင်း သူနှင့်အတူ သီတာဦးတွင် လာရောက်နေထိုင်ရန် ခေါ်လိုက်ပေသည်။ မိခင်ကလည်းပဲ သားကို မတွေ့ရသည်မှာ ကြာပြီဖြစ်၍ အင်မတန်တွေ့ချင်ပါ သည်တဲ့။ သား သီတာဦးကို လာရောက်၍ နွေရာသီအတွင်း မိခင်နှင့်အတူ နေထိုင်မည်ဆိုလျှင် မိခင် များစွာဝမ်းသာပါလိမ့်မည်။ ပြီးတော့ လူများ ကျပ် ကျပ်တည်းတည်း နေထိုင်ကြသော မြို့ကြီးပြကြီးများမှာ နွေရာသီ ကျရောက် သောအခါ မီးဘေးနှင့် ကူးစက်တတ်သော ရောဂါများကိုလည်း များစွာစိုးရိမ်ရ ပါသည်တဲ့။

သစ်လွင်တောက်ပသော အဆောက်အဦးနှင့် အဝတ်တန်ဆာများ၊ လုပ ခေတ်ဆန်သော အပျိုမ ချောချောကလေးများနှင့် ရုပ်ရှင် စသော ပျော်ရွှင်စရာ များကို ကျောခိုင်း၍ လောကုတ္တရာကိုသာ ဦးတည်နေသော သီတာဦးသို့ သွား ရောက်နေထိုင်၍ နွေကျောင်းရက်ရှည်ကို ကုန်လွန်စေရမည်မှာ တကယ်တော့ လည်း စိတ်ပျက်စရာပဲ မဟုတ်လား။

ဒါပေမဲ့ မိခင်ကိုတော့ အင်မတန်မှပဲ တွေ့ချင်သည်၊ မတွေ့ရသည်မှာ လည်း သုံးနှစ်ပင် ရှိသွားခဲ့ပေပြီ။

သီတာဦးရှိ မိခင်ဆီသို့ သွားရောက်နေထိုင်ဖို့ ပြင်ဆင်နေရတော့သည်။

ဒါပေမဲ့ သီတာဦးမှာ ထူးခြားတာတစ်ခု ရှိသည်။ သီတာဦးတစ်ရွာလုံးမှာ စာဖတ်တတ်သူ သုံးလေးယောက်သာ ရှိခြင်းဖြစ်သည်။ လွန်ခဲ့သော သုံးနှစ် လောက်က ရက်သတ္တ တစ်ပတ်လောက် မိခင်နှင့်အတူ ရောက်ခဲ့စဉ်က ပျင်းပျင်း ရှိလှသဖြင့် စာအုပ်လိုက်၍ ငှားရာ စာအုပ်ဆိုသည်မှာ ဖြူသလား၊ မည်းသလား မသိသော အိမ်ခြေပေါင်း ၃၀ လောက် တွေ့ခဲ့ရသည်။ ဘုန်းတော်ကြီး ဦးရေဝတ ၏ ဘီရိုထဲက စာအုပ်များမှာ ပါဠိဘာသာဖြင့်ပြီးသော အဘိဓမ္မာနှင့် ဝိနည်းများ သာပဲ တွေ့ရသည်။ သူကြီးဦးသာဗျော၊ ဆယ်အိမ်ခေါင်းက ကိုတုတ်ဖြူနှင့် ကာလသားခေါင်း ကိုရေချမ်းတို့ ဘုရားစင်ပေါ်မှ တွေ့ရသော စာအုပ်များမှာ ပဒကုသလဝတ္ထုဆန်း၊ တေမိဝတ္ထုဆန်း စသော တေးထပ်ဒိုချင်း၊ လွမ်းချင်းများ ဖြင့် တန်ဆာဆင်ထားသော ဝတ္ထုဆန်းများသာပဲ ဖြစ်သည်။

သီတာဦးသို့ ထွက်မလာမီ တစ်နေ့က အင်မတန်တောင့်တနေမိခဲ့သော စာအုပ်ကြီးတစ်ခုကို မိတ်ဆွေတစ်ယောက်ထံမှ အမှတ်မထင်ဘဲ ရရှိခဲ့သည်။
mgyoe.com

mgyoe.com


နွေကျောင်းရက်ရှည်အတွင်း ဘည်စာအုပ်ကြီးတစ်ခုကို သေသေချာချာ ဖတ်ရှုလေ့လာရဦးမည်။

(၂)

နွေရဲ့ ယဉ်ကျေးမှု သရုပ်ဖော် ပန်းချီကားလွှာ...

စာအုပ်ပုံများအကြားမှာ ကြာမြင့်စွာ စူးစိုက်နစ်မြုပ်နေခဲ့ရာမှ ဘေးပြတင်းပေါက်ကို ကျော်လွန်၍ ပတ်ဝန်းကျင်သို့ လှမ်းမျှော်ကာ ကြည့်လိုက်မိပေသည်။

အဝေးမှာ ခပ်ရေးရေးသာ မြင်ရသော တောင်တန်းကြီးများသည် ထိုင်းမှိုင်းစွာ အထီးတည်း ရပ်နေကြသည်။ တောင်တန်းကြီးများကို ကျော်လွန်၍ သွား သော အခါ မြူခိုးနှင့် မင်းလွင်များအကြားမှာ မသဲကွဲ မထင်ရှားသော နောက်ခံကား။

လယ်ကွင်းရဲ့ အဆုံးသတ် ကလနားနှင့် တောင်တန်းများအကြားမှာ မုတ်သုန်တောအုပ်သည် ကန့်လန့်ဖြတ် လျှင်းထားသည်။ မုတ်သုန်တော သစ်ပင် ဝါးရုံများအကြားမှာ တောမီးများ တဟုန်းဟုန်းလောင်ကျွမ်းကာ မီးခိုး မှိုင်းများသည် တလိမ့်လိမ့် တက်နေကြသည်။ မှိုင်း၍မှိုင်း၍ တက်သွားကြသော မီးခိုးများသည် မြူခိုးမင်းလွင်တို့နှင့် ရောထွေးပေါင်းယှက်လိုက်ကာ အာကာသကို မှိုင်းနေသည်ထက် ပို၍ ထိုင်းသွားစေသည်။ ဝါးရုံပင်များ တောမီးလောင်သဖြင့် တဖြောင်းဖြောင်းပေါက်ကွဲသော အသံကို တစ်ခါတစ်ခါ ကြားရသည်။

ပက်ကြားများ အက်ကွဲ၍ လိုက်နေသော လယ်ကွင်းထဲမှ ရိုးပြတ်ငုတ်များလည်း မီးလောင်ခဲ့ပြီ ဖြစ်သောကြောင့် မည်းနက်၍ ကျက်သရေကင်းသော ပြောင်ကြီးသာပဲ ထင်ကျန်ရစ်လေသည်။ လယ်ကွင်းရဲ့အုံကြောင်းကို ထွင်းဖောက်၍ မိုးမခပင်ကလေးများကို တိုးကာ ဝှေ့ကာနှင့် တသွင်သွင် တငြိမ့်ငြိမ့် စီးဆင်းနေခဲ့သော စမ်းချောင်းကလေးဟာလည်း ရေစီးပြတ်နေပါပြီကော။

ဘေးပတ်လည်ရဲ့ ဝန်းကျင်မှာ သစ်ပင်ကြီးငယ်တို့သည်လည်း သစ်ရွက် သစ်ညွန့်များ ကြွေလွင့်ကင်းစင်ကာ ခြောက်သွေ့ညှိုးနွမ်း၍ လဲနေကြပေပြီ။

ဥသြ ... ဥသြ ... ဥသြ

အိမ်ခေါင်းရင်းက ထနောင်းပင် ပြောင်တလင်းကိုင်းထက်မှ နွေရဲ့ဂီတသည် ဆူညံစွာ ပွဲတင်ထပ်နေသည်။

mgyoe.com

mgyoe.com

နွေ ... နွေ ... နွေ ဘယ်လောက်များ စိတ်ပျက်စရာ ကောင်းလိုက်တဲ့ ရာသီပါလဲ။

တကယ်ဆိုတော့ နွေဝတ်လုံကြီးမှာ ဆွေးမြည့်ဟောင်းနွမ်းကာ သူ့အနံ့ မှာလည်း ပုပ်သိုး၍နေပါပြီ။

စာအုပ်ပုံများအကြားမှာ သက်ပြင်းကိုသာပဲ ချလိုက်မိသည်။

ဘယ်ဆီ ဘယ်အရပ်ကို မျှော်လိုက်မျှော်လိုက် သာယာမှု၊ စိမ်းစိုမှုတို့ သည် အရိပ်အငွေ့မျှပင်လျှင် မတွေ့ရတော့ဘဲ မမြင်နိုင်သော ဘယ်အရပ်ဆီသို့ ထွက်ပြေးပုန်းအောင်းနေသည်လည်း မသိရတော့။

ဆူးမရှိတော့သော နှင်းဆီကိုလည်း မတွေ့ခဲ့ရသေးပါကလား။ ဘယ်မှာ လဲ ဆူးမရှိတဲ့ ရွှေနှင်းဆီရယ်...။

ထိုစဉ် လေပူကြီးကလည်း ဖုန်တထောင်းထောင်းနှင့် အမှိုက်သရိုက်များ ကိုပါ ဖိတ်ခေါ်၍ ပြတင်းပေါက်မှ ပြေးဝင်လာလေသည်။

ဘယ်လောက်များ စိတ်ပျက်ဖို့ ကောင်းလိုက်တဲ့ နွေရာသီပါလိမ့်မလဲ။

ပူလွန်းအိုက်လွန်းလို့ ရေချိုးချင်သော်လည်း ရေကာ ရှားပါဘိ။ ရှားရှား ပါးပါးနှင့် ရေကလေး ရတတ်သမျှကို ချိုး၍ပင် ကိုယ်ရေမစစ်သေးမီ ပြန်၍ အိုက်စပ်လာကာ သြော ... ချွေးများပင် ထွက်လာပြန်ပါပြီကော...။

ဥသြ ... ဥသြ... ဥသြ

အိမ်ခေါင်းရင်း ထနောင်းပင် ပြောင်တလင်းကိုင်းထက်မှာ နွေရဲ့ဂီတ သည် ပွဲတင်ထပ်နေတုန်းပင် ဖြစ်ပါသည်။

တကယ်ဆိုတော့ နွေရဲ့ ဂီတသည် မဟုတ်ပါ၊ အသက်ငင်နေခြင်းသာ ဖြစ်ပါလိမ့်မည်။

ဟုတ်ပါပြီ...

နွေရဲ့ ဝတ်လုံကြီးမှာလည်း ဟောင်းနွမ်းကာ ဆွေးမြည့်နေပါပြီ။ ပြီး တော့ သူ့အနံ့ကိုလည်းပဲ ခံကြည့်လိုက်စမ်းပါဦး။

ဟုတ်ပါသည်...

နွေရဲ့ အနံ့မှာလည်း ပုပ်သိုးနေပါသည်။

စာအုပ်ပုံများအကြားမှာ ကြာမြင့်စွာ စူးစိုက်နစ်မြုပ်နေခဲ့ရာမှ ဘေး ပြတင်းပေါက်ကို ကျော်လွန်၍ ပတ်ဝန်းကျင်သို့ လှမ်းမျှော်ကြည့်လိုက်မိသော အခါ...

နွေရဲ့ ယဉ်ကျေးမှု သရုပ်ဖော် ပန်းချီကားချပ်လွှာ...

(၃)

တစ်နေ့ရာသီတာလုံး ဖတ်ရှုလေ့လာခဲ့ရသော စာကြည့်စားပွဲပေါ်တွင် အထပ်ထပ်ပုံနေသော စာအုပ်ကြီးများကို ပင်ပန်းကြီးစွာဖြင့် ငုံ့ကာ ကြည့်လိုက်မိပြန်သည်။

"ယဉ်ကျေးမှုရဲ့ သမိုင်း"

သမိုင်းကိုတော့ကာ ဖတ်ရှု၍ ပြီးဆုံးသွားခဲ့ပေပြီ။ ဒါပေမဲ့ သမိုင်းကို လေ့လာကြည့်သောအခါ ယဉ်ကျေးမှုဆိုသော စကားတစ်လုံးကို သမိုင်းရဲ့ အစမှအဆုံး တစ်လျှောက်လုံးအထိ မှားယွင်းပျက်ချော်သော ဝေါဟာရတစ်ရပ် အနေဖြင့် ရက်ခြင်းကင်းစွာ လိမ်လည်သုံးစွဲလာခဲ့သည်ကို တွေ့ရသည်။

ဒါပေမဲ့ တစ်ခုတော့ သတိပြုမိသည်။ သမိုင်းမှ လူတို့သည် တစ်ခုသော သင်ရန် စာကိုပင် ယူငင်လေ့လာရမှန်း မသိခဲ့ကြကြောင်းကိုတော့ သမိုင်းကို လေ့လာကြည့်ခဲ့သောအခါ သတိပြုမိသည်။

အင်ပါယာကြီးများသည် တစ်ခုပြီးတစ်ခု ပြိုလဲသွားခဲ့ကြသည်။

အီဂျစ်၊ အစီးရီးယားခရိ၊ ချာ(လ်)ဒီးဘေဘီလုံး အင်ပါယာကြီးများ...

ဂန္ဓလရာစ်၊ အိန္ဒိယ၊ မီးဒီး စသော အာရှတိုက်ရဲ့ အင်ပါယာများ...

ပြီးတော့ ပါးရှား၊ ခေါမ၊ ရောမ စသော ဥရောပတိုက်ရဲ့ အင်ပါယာကြီးများ...

ဟော နေမဝင်သော နောက်ဆုံး အင်ပါယာတစ်ခုသည်လည်း ပြိုလဲစပြုနေပါပြီကောလား။

အင်ပါယာများ ပြိုလဲသွားသောအခါ သူနှင့်အတူ သူ၏ယဉ်ကျေးမှုများသည် လဲပြိုတိမ်ကော၍ သွားခဲ့ကြပေသည်။

ယဉ်ကျေးမှုရဲ့ သရဖူကို ဆောင်းကာ အင်ပါယာကို ခွစီးထားသော သူများ၏ အမြင့်ဆုံးသော မျှော်မှန်းချက်မှာ သူတို့သာပဲ ချမ်းသာကြွယ်ဝဖို့ဖြစ်သည်။

စီးပွားရေးကို သူတို့သည် ဘုရားသခင်အဖြစ် ကိုးကွယ်ကြကာ အင်ပါယာဆိုသည်မှာလည်း သူတို့၏ အကြီးအကျယ် ရောင်းဝယ်ဖောက်ကားခြင်းပြုဖို့ ဈေးကြီးပင် ဖြစ်လေသည်။

တုတ်၊ ဓား၊ သေနတ်များဖြင့် သူတို့ ထူထောင်လာခဲ့သော ဘာသာတရားနှင့် ဈေးကြီးများသည် တုတ်၊ ဓား၊ သေနတ်များဖြင့် ပြိုလဲပျက်စီး၍သာပဲ သွားခဲ့ကြရပေသည်။

mgyoe.com

mgyoe.com


သမိုင်းမှာ သည်လိုသာပဲ ပြန်၍ပြန်၍ ထပ်နေသည်။

ပြန်၍ ပြန်၍ ထပ်နေသော သမိုင်းမှ လူတို့သည် သင်ရန်စာကို ယူငင် လေ့လာရမှန်းပင် မသိခဲ့ပါဘဲနှင့် လူသည် တိုးတက်ယဉ်ကျေးလျက် ရှိနေသည်ဟု သူ့ကိုယ်ကိုယ် ယုံကြည်ကာ အထင်ကြီးနေပါသည်။

တကယ်ဆိုတော့ ယဉ်ကျေးမှုဆိုသော ဝေါဟာရစကားတစ်လုံးကို လူသည် မှားယွင်းပျက်ချော်စွာနှင့် လှည့်စားသုံးစွဲနေခြင်းသည်ပဲ ဖြစ်ပေသည်။

ကဗျာကို နှစ်သက်မက်မောစွာ ဖတ်ရှုသည်။ ရုပ်ရှင်ကားကို သွားရောက် ကြည့်ရှုသည်။ ပြီးတော့ လူသည် သူ့ကိုယ်ကိုယ် ယဉ်ကျေးသည်ဟု အထင် ရောက်ကာ ယုံကြည်တတ်ပေသည်။

သူလုပ်ချင်တာ လုပ်ကောင်းဖို့ ဆင်ခြေကို ရှာကြသည်။ သူ ယုံကြည်လို တာကို ယုံကြည်ဖို့ ဆင်ခြင်တုံတရားကို ကြံဆသည်။ ပြီးတော့ လူသည် သူ့ ကိုယ်ကိုယ် ယဉ်ကျေးသည်ဟု ပြောဆိုလျက် ရှိနေသည်။

လွန်ခဲ့သော အနှစ် ၇၀၀ ခန့်က ဂျင်ဂစ်ခန်သည် မြင်းစီး၍ ဓားလွတ်ဖြင့် ဈေးကြီးများကို တည်ဆောက်၍ ဘာသာတရားကို ကိုးကွယ်ခဲ့သည်။ မကြာမီက ပြီးဆုံးသွားခဲ့သော ဈေးလုပွဲနှင့် ဘာသာတရားအတွက် တစ်နာရီလျှင် မိုင်ပေါင်း ၄၀၀ ခန့် ပျံသန်းနိုင်သော ဗုံးကြဲလေယာဉ်ပျံကြီးထက်တွင် တစ်မိနစ်လျှင် ယမ်း တောင့် ၈၀၀ ခန့်ထွက်သော စက်သေနတ်များ တပ်ဆင်ကာ သာမန်မြို့ ကြီး တစ်မြို့ကို မြေလှန်ပစ်လိုက်နိုင်သော အနုမြူဗုံးကြီးများဖြင့် တိုက်ခိုက်ခဲ့ကြ သည်။

သည်ဟာကိုပဲ ယဉ်ကျေးခြင်းဟု သမိုင်းဆရာက ဆိုချင်ပါသလား။

ဂျင်ဂစ်ခန်ရဲ့ မြင်းနှင့် ဓားလွတ်...

အမေရိကန်ရဲ့ ဗုံးကြဲလေယာဉ်ပျံ... စက်သေနတ်နှင့် အနုမြူဗုံးကြီး...

ဘယ်ဟာက ယဉ်ကျေးခြင်းပါလဲ သမိုင်းဆရာရယ်။

အဆုံးမှာတော့ သူတို့သည် ဈေးလုပွဲနှင့် ဘာသာတရားမှ ကင်းလွတ်နိုင် ပါသေးသလား။

ဆီးနှင်းများက တဖြောက်ဖြောက်ကျ၍ မြောက်လေ တဟူးဟူး တိုက် ခတ်နေသော ဆောင်းညတစ်ညက ချမ်းပါသည်။ ဥသြတွန်သံ ကြားရခါစက နွေဦး အဝင်ကို ချမ်းချမ်းစီးစီးထဲမှ အိပ်မက် မက်နေခဲ့ကြသော်လည်း နွေရာသီ မှာ ခြစ်ခြစ်တောက်ပူပါသည်။

ဆောင်းရဲ့ညက ချမ်းသည်။

mgyoe.com

mgyoe.com

နွေလယ်မှာ ပူသည်။

ဘယ်ဟာကများ သက်သာပါသေးသလဲ။

အချမ်းနှင့် အပူသည် ဆန့်ကျင်ဘက် ဖြစ်သည်။ ဒါပေမဲ့ ညီမျှပါသည်။

တစ်နွေရာသီတာလုံး ဖတ်ရှုလေ့လာခဲ့ရသော စာကြည့်စားပွဲပေါ်တွင် အထပ်ထပ်ပုံနေသော စာအုပ်ကြီးများကို ပင်ပန်းကြီးစွာဖြင့် ငုံ့ကြည့်လိုက်မိပြန်သည်။

"ယဉ်ကျေးမှုရဲ့ သမိုင်း"ပါတဲ့။

ဒါပေမဲ့ အချမ်းနှင့် အပူသည် ဆန့်ကျင်ဘက်ဖြစ်သော်လည်း ညီမျှကြပါသည်။

(၄)

နွေကျောင်းရက်ရှည် စေ့၍ သီတာဦးမှ ကျောင်းသို့ ပြန်ရတော့မည့် နံနက် ဝေလီဝေလင်း အိပ်ရာမှ နိုးလာသောအခါ အိမ်ခေါင်းရင်း ထနောင်းပင်ကိုင်းထက်မှ ဥသြကို စဉ်းစားနေသည်။

"သား နိုးပြီလား၊ မျက်နှာသစ်ပါကွယ်၊ သားဖို့ အမေ ကော်ဖီဖျော်ထားပြီးပြီ"

ရသေ့မ မိခင်က အပြင်ဘက်မှ ပြောနေသည်။ ငိုင်ရာမှ ထလာခဲ့၍ မျက်နှာပါ သစ်ပြီးနောက် မိခင်နှင့် မျက်နှာချင်းဆိုင် လက်ဖက်ရည်စားပွဲတွင် ထိုင်လိုက်ပေသည်။

သည်အထိပဲ ငိုင်မိနေတုန်းပင် ဖြစ်သည်။

ကြားနေကျ မကြားရတော့သော ဥသြသံကို လွမ်းဆွေးနေ၍ဖြင့် မဟုတ်ဟု ထင်ပါသည်။ ပြောင်းလဲခြင်း၏ အစပြုလိုက်သော ဝေဒနာ၏ ဂယက်ထကြွမှုသာပဲ ဖြစ်ပါလိမ့်မည်။

"ကော်ဖီသောက်လေကွယ်၊ အေးကုန်ရင် ဘယ်အရသာ ရှိတော့မှာလဲ သားရဲ့"

ကော်ဖီပန်းကန်ကို အသာအယာကိုင်ရင်း မိခင်မျက်နှာကို မော်၍ ကြည့်လိုက်သည်။

"ငါ့သား ဘာများ စဉ်းစားနေသလဲကွယ် ဟင်"

မွေးထုတ်ခဲ့ရသော မိခင်သည် သား၏ အရိပ်အကဲကို တစ်ခါတည်း သိနေသည်။

mgyoe.com

mgyoe.com


"ဥသြတွန်သံ ခါတိုင်းလို မကြားရလို့ ကျွန်တော် စဉ်းစားနေတာပါ အမေ"

"သခ်ါရမွေတွေပဲ သားရယ်၊ ဘယ် ထာဝရ တည်မြဲနေနိုင်ပါ့မလဲ"

ကော်ဖီကို သောက်ရင်း မိခင်ပြောသော စကားကို စဉ်းစားနေမိသည်။ ထိုစဉ် ထနောင်းပင်ထက်မှ ငှက်မြည်သံတစ်ခုကို ကြားလိုက်ရပေသည်။ ထို ငှက်မှာ ဥသြတော့ဖြင့် မဟုတ်။ ဒါပေမဲ့ ဥသြရဲ့နေရာကို ယူလိုက်သော အခြား ငှက်တစ်ကောင်သာပဲ ဖြစ်ရပေမည်။ ထိုငှက်သည် ဘာငှက်ပါလိမ့်မလဲပဲ။

ကော်ဖီကို ကုန်အောင်မှ မသောက်နိုင်သေးဘဲ စားပွဲမှထကာ ခေါင်းရင်း ပြတင်းပေါက်ကို လျင်မြန်စွာ ဖွင့်လိုက်ကာ ထနောင်းပင်ထက်သို့ လှမ်းမော့၍ ကြည့်လိုက်ပါသည်။

မိုးစွေ...

ထိုစဉ် ထနောင်းပင်ကိုင်းထက်မှ မိုးစွေသည် မြင့်မားစွာ ပျံသန်းထိုး တက်သွားကာ ကောင်းကင်ထက်မှာ ပျံဝဲရင်း နားမလည်နိုင်သော မာဂဓဘွဲ့ တစ်ပုဒ်ကို မြူးတူးရွှင်ပျစွာ ရင့်ကြူးသီဆိုနေပေသည်။

ထိုစဉ် ဘေးပတ်ဝန်းကျင်ကို သတိထားလိုက်မိပေသည်။

နွေရဲ့ ယဉ်ကျေးမှုသရုပ်ဖော် ပန်းချီကားချပ်လွှာသည် တစ်စထက်တစ်စ မှိန်၍မှိန်၍ သွားနေပေပြီ။ ဆူးမရှိတော့သော အနာဂတ်ကာလရဲ့ နှင်းဆီပွင့်များ အကြောင်းကို ဝါဒဖြန့်နေခဲ့သော နွေ့အချစ်တော် ရွှေဥသြသည်ပင်လည်း ဝေး သော... အင်မတန်ဝေးသော နောက်ခံကားထဲဆီသို့ ပြေးသွားပုန်းအောင်း၍ နေခဲ့ ပေပြီ။

"သား ... ဘာတွေကြည့်နေတာလဲ"

မိခင်က နောက်နားမှာ ရပ်လာကာ မေးပေသည်။

"ကောင်းကင်ထက်မှာ ပျံနေတဲ့ မိုးစွေငှက်ကလေးကို ကြည့်စမ်းပါ အမေ ရယ်"

"သူ့အချိန် ရောက်လာပြီပဲကွယ်၊ သူ့အလုပ်ကို သူ လုပ်ရပေမပေါ့"

"မိုးစွေငှက်မှာလည်း အလုပ် လုပ်ရတယ်ပဲ ရှိသေးသလား အမေ"

"ငါ့သားက ငယ်သေးတာကိုးကွဲ့၊ သတ္တဝါမှသမျှ အသက်ရှင်နေနိုင်ဖို့ အလုပ်ကို လုပ်ကြရတယ်"

"ဩော်... ဩော် ဒါဖြင့် မိုးစွေငှက်ရဲ့ အလုပ်ဟာ ဘာလဲအမေ၊ ကျွန်တော် သိချင်လိုက်တာ"

mgyoe.com

mgyoe.com


"မိုးဦးကလေး တောင်ပင်လယ်ဘက်ဆီက လာနေပါပြီလို့ ပြောနှင့်ရတာ သူ့အလုပ် ဖြစ်တော့မပေါ့ကွယ်"

"သြော် ... မိုးဦးကလေး လာနေပြီတဲ့ပေါ့ အမေ"

"အေးကွဲ့"

ထိုစဉ် အနောက်တောင်ဘက်ဆီမှ မည်းမှောင်အုံ့ဆိုင်း လာသည်ကို တွေ့ မြင်ရပေသည်။

"ကော်ဖီတွေ အေးကုန်မယ်ကွဲ့၊ သောက်လိုက်ဦး သားရယ်၊ ပြီးတော့ တော်တော်ကြာ ကာလသားခေါင်း မောင်ရေချမ်းတို့ ငါ့သားကို ဘူတာရုံလိုက်ပို့ဖို့ လှည်းနဲ့ လာကြလိမ့်မယ်၊ လာကွယ်"

ကော်ဖီကို သောက်နေစဉ် တောင်ပင်လယ်ဘက်ဆီမှ လာနေသော မိုးဦးကလေးရဲ့အကြောင်းကို စဉ်းစားနေမိသည်။ ထနောင်းပင်ကိုင်းထက်မှ ရောက်လာတော့မည့် မိုးဦးကလေးအကြောင်းကို ကြိုတင်ဖွဲ့နွဲ့နေသော မိုးစွေငှက်ရဲ့ ရင့်ကျူးသံကိုလည်း ကြားနေရပေသည်။

"ငါ့သားပစ္စည်းတွေ အကုန်သိမ်းပြီးပြီလားဟင်"

မိခင်က မေးလိုက်တော့ကာမှပဲ မိမိပစ္စည်းများကို အားလုံးမှ သိမ်းရဲ့လားဆိုတာကို စဉ်းစားမိပေသည်။

"သြော ... မေ့နေလိုက်တာ အမေ"

စားပွဲမှထ၍ စာကြည့်ခန်းဘက်ဆီသို့ လျှောက်လာခဲ့သည်။ စာကြည့်စားပွဲမှာ အထပ်ထပ်ပုံနေသော စာအုပ်ကြီးများကို အငြိုးကြီးဖြင့် ကြည့်လိုက်မိသည်။

"ယဉ်ကျေးမှုရဲ့ သမိုင်းပါ" တဲ့။ ဘယ်လောက်များ အလွဲသုံးစား ပြုထားသော နာမည်ပါလဲ။ သည်ဟာကိုပဲ ကျောင်းကြီးများမှာ ကျောင်းသားသူငယ်တို့ကို အလွဲလွဲအချော်ချော် သင်ကြားနေလိုက်ပါသေးသည်။

သမိုင်းရဲ့ ခိုင်လုံသော အနှစ် ၃၄၀၀ အတွင်း လူတို့သည် ၂၆၈ နှစ်မျှသာ စစ်မတိုက်ဘဲ နေခဲ့ကြရသော်လည်းပဲ ထို ၂၆၈ နှစ်သည် ထို ၃၁၃၂ နှစ်လုံးလုံး တိုက်ခိုက်သတ်ဖြတ်နေသော စစ်ပွဲများအတွက် ပြင်ဆင်နေခဲ့ကြရသည်ပဲ မဟုတ်ပါလား။

"ယဉ်ကျေးမှုရဲ့ သမိုင်း" ဟု နာမည်တပ်မည့်အစား "မုန်တိုင်းထဲက လူ" ဟု တပ်က ပိုမို၍ ဆီလျော်ပေလိမ့်မည် ထင်သည်။ သရဖူဆောင်းထားသူ အချင်းချင်း သူ့သရဖူထက် ငါ့သရဖူက စိန်ကျောက်များများ တပ်ဆင်နိုင်ရန်

mgyoe.com

mgyoe.com

တိုက်ခဲ့ရခြင်းများ၊ သရဖူဆောင်းထားသူက သူ၏ သရဖူ ခိုင်မြဲရေးအတွက် သူ့ဓားလွတ်အောက်မှ လူများကို သတ်ဖြတ်ခဲ့ခြင်းများ၊ အဆုံးမှာတော့ လူများ ဒုက္ခခံခဲ့ရသောအကြောင်းကို "ယဉ်ကျေးမှုရဲ့ သမိုင်း"ဟု ခေါ်ထားပါသည်။

"သားရေ ... မောင်ရေချမ်းတို့လည်း ရောက်နေပြီကွဲ့"

စာအုပ်များကို ကမန်းကတန်း သိမ်းဆည်းပြီးနောက် ပစ္စည်းများကို လှည်းပေါ်ဖို့ ချရပေတော့သည်။ လှည်းပေါ်သို့ ပစ္စည်းများကို ချပြီး၍ ထွက်တော့မည်ပြုသောအခါ မိခင်က အိမ်ပေါ်မှ လှမ်း၍ခေါ်သဖြင့် ပြန်၍တက်ခဲ့ရပေသည်။

"အမေ စောစောကပြောတာ သား မှတ်မိသေးသလား"

"ဘယ်ဟာလဲ အမေ"

"မိုးစွေငှက်လေးရဲ့ အလုပ်လေ"

"ဪ ... ဟုတ်ကဲ့"

"အမေတို့ မော်တလိန်းမှာတုန်းက ကဗျာတစ်ပုဒ် သင့်ဖူးတာကို အမေ ပြောပြချင်တယ်။ အဲဒီကဗျာကိုရေးတဲ့ ကဗျာဆရာကိုတော့ အမေ မေ့နေပြီ။ ဒါပေမဲ့ သူ့ကဗျာလေးရဲ့ အဓိပ္ပာယ်ကတော့ အင်္ဂလန်ပြည် ပင်လယ်ကမ်းခြေ တစ်ခုမှာ တံငါလင်မယားနှစ်ယောက် ရှိကြတယ်။ တစ်နေ့ ပင်လယ်ထဲမှာ လေမုန်တိုင်း ကျသတဲ့ကွဲ့။ ဒါပေမဲ့ တစ်နေ့လုပ်မှ တစ်နေ့စားရရှာတဲ့ အဲဒီ တံငါယောကျ်ားဟာ လေမုန်တိုင်းထန်နေတဲ့ ပင်လယ်ပြင်ကြီးထဲကို သူ့ကွန်နဲ့ လှေကလေးနဲ့ ငါးဖမ်းဖို့ ထွက်သွားရရှာတော့ အိမ်ထဲမှာ ကျန်ရစ်ခဲ့ရှာတဲ့ မိန်းမ ဖြစ်သူဟာ ငိုယိုပြီး ဘုရားမှာ ဆုတောင်းနေရှာသတဲ့ကွယ်"

"ဪ ... ဪ"

"အဲဒါ ငါ့သား မှတ်ထားနော်၊ ယောကျ်ားဟာ အလုပ် လုပ်ရမယ်၊ မိန်းမ ဟာ ငိုတတ်ရမယ်ဆိုတာပဲကွဲ့"

ထိုစဉ် တောင်အရပ်ဆီမှ မိုးထစ်ချုန်းသံကို ကြားလိုက်ရပေသည်။ မိုးစွေ ငှက်ရဲ့တေးသံသည်လည်း ယခင်ကထက် ပွင့်လင်းကျယ်လောင်လာလေသည်။

သီတာဦးမှ လှည်းထွက်လာသောအခါ၌ ကောင်းကင်တစ်ပြင်လုံး မှောင် မည်းလျက် ရှိနေပေပြီ။ လျှပ်စီးတို့သည် တလက်လက်တည်း လက်ကာ မိုးသည် နားကွဲလုမတတ် ထစ်ချုန်းမြည်ဟည်းနေသည်။ မုတ်သုန်တောင်လေသည် နွေရဲ့ မေးမိုက်နေသော ယဉ်ကျေးမှုသရုပ်ဖော် ပန်းချီကားချပ်လွှာကို အရင်း အမြစ်မှ ဖြိုလှဲချေမှုန်းပစ်တော့အံ့အလို့ငှာ တရကြမ်း တိုက်ခတ်လာပေပြီ။
mgyoe.com

နွေရဲ့ ဆွေးမြည့်နေသော ဝတ်လုံသည် အစိပ်စိပ်အမွှာမွှာ ကွဲစပြုနေပေပြီ။

ပုပ်သိုးနေသော နွေရဲ့ အနံ့အသက်ကို တောင်လေမုတ်သုန်သည် လွင့်စင်သွားအောင် တိုက်ခတ်လိုက်ပေပြီ။

နွေရဲ့ ဥသြနေရာထက်မှာ မိုးစွေသည် ရောက်နေပါပြီကော။

ကာလသားခေါင်း ကိုရေချမ်းသည် သူ၏ဖွဲ့သားကြီးများကို ချော့ကာ တစ်လှည့်၊ ငေါက်ကာ တစ်ချီနှင့် မောင်းနှင်လျက်ရှိနေပေသည်။ လှည်း နောက်မြီးမှ သီတာဦးကို ရေးရေးသာပဲ မြင်ရတော့သည်။

သို့ရာတွင် မိခင် နောက်ဆုံးမှာခဲ့သော စကားကလေးများကို ကြား ယောင် နေမိပါသည်။

"ယောကျ်ားဟာ အလုပ် လုပ်ရမယ်" တဲ့။

မိန်းမသည် ငိုတတ်ရမည်၊ မငိုတတ်ရမည်မှာ သူမရဲ့ အလုပ်သာ ဖြစ်လိမ့်မည်။

ထိုစဉ် မိုးကြိုးသည် ပြင်းထန်စွာ ဆက်ကာဆက်ကာ ထစ်ချုန်းလိုက်သည်။ လျှပ်စီးများသည်လည်း ဝင်းခနဲ၊ လက်ခနဲနှင့်။

မိုးကောင်းကင် တစ်ခုလုံးလည်း' မှောင်မည်းနေပါသည်။

မုတ်သုန်တောင်လေသည် သစ်ပင်တောအုပ်များ အကြားမှာ နွေရဲ့ ဝတ်လုံကြီးကို အပြီးအပိုင် ဆုတ်ဖြဲလွှာပစ်လိုက်အံ့သောအလို့ငှာ သောင်းကျန်း ဟိန်းဟောက်ကာ မာန်ဖီနေပေပြီ။

ထိုစဉ် လှည်းခေါင်မိုးထက်မှ မိုးစွေငှက်သည် ပျံ့ဝဲလိုက်ပါ၍ လာရင်း မာဂဓဘာသာနှင့် သီကုံးထားသော ဘွဲ့ကို ရင့်ကျူးလျက် ရှိပေသည်။ မိခင်က ပြောခဲ့ပေသည်။ "မိုးဦးကလေး တောင်ပင်လယ်ဘက်ဆီက လာနေပါပြီ" တဲ့။

သည်အတိုင်းသာ ဆိုရင်တော့ နွေရဲ့သက်တမ်း ကုန်ဆုံးပေပြီ။

မှန်ပေသည်။ နွေရဲ့သက်တမ်း ကုန်သောအခါ မိုးဦးသည် ရောက်လာရ တော့မည်။ ဆောင်းရဲ့တစ်ညက ချမ်းသည်။

နွေလယ်တုန်းက ပူသည်။ အချမ်းနှင့် အပူသည် ဆန့်ကျင်ဘက်ဖြစ်ကြ သော်လည်း ညီမျှကြပါသည်။

ဒါပေမဲ့ မုတ်သုန်ဦးကျတော့...

မိုးကောင်းကင်တစ်ခုလုံးလည်း မှောင်မည်းနေပါပြီ။

လျှပ်စီးများသည်လည်း ဝင်းခနဲ လက်ခနဲနှင့်...

mgyoe.com

mgyoe.com


မိုးကြိုးသည် ဆက်ကာဆက်ကာ ထစ်ချုန်းနေပေပြီ။

သစ်ပင်တောအုပ်များ အကြားမှာ တောင်လေမုတ်သုန်သည်လည်း ဟိန်းဟောက်နေပါသည်။

မိုးစွေငှက်ငယ်သည် မုတ်သုန်ဦးကို ကောင်းချီးပေးလျက် ရှိနေပါပြီကော။

❑

mgyoe.com

mgyoe.com

# လမ်းဘယ်မမြင်

(၁)

ဩ … ဘယ်လောက်များပင် လှနေလိုက်သော ရန်ကုန်မြို့တော်ရဲ့ ညပါလဲ…။

မီးရောင်များဖြင့် လင်းထိန်နေသော လမ်းမကြီးများပေါ်ဝယ် တအိအိ တငြိမ့်ငြိမ့် လိမ့်နေကြသော ပလိုင်းမောက်ကားသစ်ကြီးများ၊ ထိုကားသစ်ကြီးများထဲက ပိုး၊ ဖဲ၊ နိုင်လွန်နှင့် စိန်၊ ရွှေတို့သည် တဖိတ်ဖိတ် တောက်နေသည်။ ရန်ကုန်မြို့တော်ရဲ့ ညအလှ…။

ရန်ကုန်မြို့တော်ရဲ့ ညသည် တော်တော်ပဲ ပျော်ရွှင်နေပုံလည်းရပေသည်။

ပြည်ထောင်စု အလံတော်ကို အိမ်တိုင်းအိမ်တိုင်း၊ အစိုးရအဆောက်အဦးတိုင်းမှာ ကြွားဝင့်စွာ စိုက်ထူထားကြလေသည်။ လမ်းတိုင်းလမ်းတိုင်းမှာလည်း အငြိမ့်ပွဲ၊ ဇာတ်ပွဲ၊ အို… ပျော်ပွဲရွှင်ပွဲတွေက စုံပဲ စုံနိုင်လှတော့သည်။ ရန်ကုန်မြို့တော်သူ၊ မြို့တော်သားများသည် သစ်လွင်တောက်ပသော ဝတ်စားတန်ဆာများဖြင့် ရယ်ကာမောကာ၊ စားကာသောက်ကာနှင့် ပျော်ပွဲကို မြန်မာပီသစွာပင် ဆင်နွှဲနေကြပေသည်။ ဟုတ်ပေသည်၊ သူတို့အဖို့ ပျော်စရာ၊ ရွှင်စရာ လမ်းစကား များပါသည်။

လှနေလိုက်သော ရန်ကုန်မြို့တော်ရဲ့ ည …

ပျော်ရွှင်နေလိုက်ကြသော ရန်ကုန်မြို့တော်ရဲ့ ည …

ဟုတ်တယ်လေ… သုံးကြိမ်မြောက် လွတ်လပ်ရေးအောင်ပွဲကို ရန်ကုန်မြို့တော်၌ လှပပျော်ရွှင်စွာနှင့် လွတ်လွတ်လပ်လပ် ဆင်နွှဲနေကြတာပဲ မဟုတ်လား။

mgyoe.com

mgyoe.com

ညဲ ... ဘယ်လောက်များပင် ပျော်ရွှင်လှပ နေလိုက်သော ရန်ကုန်မြို့တော်ရဲ့ ညပါလဲ ...။

(၂)

အံကို ကြိတ်ထားရာမှ သံချောင်းက တောက်ခေါက်လိုက်သည်။

ပြီးတော့ သူသည် သက်ပြင်းကို ရှည်လျားစွာ ချနေလိုက်ပေသည်။ ဘာများ ဖြစ်နေရပါလိမ့်။ သံချောင်းတစ်ယောက်လည်း အတော်ကလေး ခပ်လှမ်းလှမ်းက အငြိမ့်ပွဲမှ ဆိုင်းသံကို မသဲမကွဲ ကြားနေရပေသည်။ တစ်ချက်တစ်ချက် ပြက်လုံးခပ်ကောင်းကောင်းကလေးများကြောင့်ပဲ ထင်ပါရဲ့၊ တဝေါဝေါ ရယ်မောလိုက်သံများကိုလည်း ကြားရသည်။ သူများလို အငြိမ့်ပွဲမှာ သွားမပျော်ရ၊ မရယ်ရလို့များ သံချောင်းတစ်ယောက် အံကြိတ်တောက်ခေါက်ပြီး သက်ပြင်းများ ချနေလိုက်တာလား။

မဟုတ်ရှာပါ၊ သံချောင်း ဘာဖြစ်နေရသည်ကိုလည်း ကြည့်ပဲ ကြည့်လိုက်ကြစမ်းပါဦး။

တကယ်ပါပဲ... သံချောင်းတစ်ယောက်ရဲ့ ပတ်ဝန်းကျင်ကလည်း မှောင်ပဲ မှောင်နိုင်လွန်းလှသည်။

ခုမှသာ မဟုတ်၊ အတိတ်ကလည်း မှောင်မည်းနေခဲ့သည်။ မျက်မှောက်ပြုရင်ဆိုင်နေရသော ခုပတ်ဝန်းကျင်က အတိတ်တုန်းကထက်ပဲ သာလွန်၍ မှောင်လာသည်။ အို... အနာဂတ်ကို သူ ဘယ်လိုများ ရင်ဆိုင်ရပါ့မတုံး။

"တောက်..."

တိရစ္ဆာန်မှ တိုးတက်လာခဲ့ရသော သတ္တဝါပီပီ သံချောင်းက တောက်ခေါက်လိုက်သည်။ ပြီးတော့ သက်ပြင်းကို ရှည်လျားစွာ ချနေလိုက်ပေသည်။

လူ့ဘဝဆိုသည်မှာ သည်လိုဆိုတော့ သံချောင်းလို သတ္တဗေဒ သတ္တဝါတစ်ကောင်အတွက် ဘယ်လိုများ အဓိပ္ပာယ်ရှိပါသေးသလဲ။ လူ့ဘဝဆိုသည်မှာ တကယ်တော့လည်း သံချောင်းတစ်ယောက်အဖို့တော့ အဓိပ္ပာယ်မရှိ။ မြက်စားနေသော နွားလောက်မှပင် သူ့ လူ့ဘဝသည် တန်ဖိုးမရှိ။ နွားကို ခိုင်းမည့်သူ၊ ကျွေးမည့်သူ၊ အိပ်စက်ရန် တင်းကုတ်နှင့် မီးဖိုပေးမည့်သူများ ရှိသေးသည်။ သံချောင်းဆိုသော လူတစ်ယောက်အတွက်သာပဲ။ သည်ဟာတောင်မှပဲ လူ့ဘဝဆိုသည်မှာ အင်မတိအင်မတန်မှ ရခဲဖြစ်ခဲသည်ဟု ပြောကြသူများက ပြောနေလိုက်ကြပေသေးသည်။ ဘယ်မှာလဲ လူ့ဘဝ...။

mgyoe.com

mgyoe.com


အတော်ကလေး ခပ်လှမ်းလှမ်းက လွတ်လပ်ရေးအောင်ပွဲ အငြိမ့်မှ မင်းသမီးရဲ့ သီချင်းဆိုသံနှင့် ဝါးပတ္တလားသံသည် လေသင့်သဖြင့် မသဲမကွဲတော့ ကြားနေရပေသည်။

*"လူထုအားကို အများကြီးလိုသည် × × × သခင်နုအစိုးရ အချိုးကျ ကူညီ ... ဝိုင်းဝန်းကြစို့ညီ × × × ရိုင်းပင်းကြစို့ညီ"*

အငြိမ့်မင်းသမီးက သခင်နုအစိုးရကို အချိုးကျဝိုင်းဝန်းရိုင်းပင်းကူညီဖို့ လူထုအားကို ဖိတ်ခေါ်နေသည်။

ပတ္တလားသံကလည်း ဆိုင်းသံပေါက်နေသည်။

*"နည်းနည်းတော့ အပျော်အပါး လျှော့စေချင်ပါသည်။*

*မြန်မာပြည်ထောင်စုကို ပြန်လည်ထူထောင်မှုနှင့် ပြုပြင်မည်။"*

သံချောင်းက နားကို ပိတ်ထားနေလိုက်သည်။

သူသည် နားကို ဖွင့်လိုက်သောအခါ...

"အမောက်ကြီးကို လိပ်ကြီးမှတ်လို့ ခွေးတွေဟောင်"

တဝေါဝေါနှင့် လူအုပ်ကြီး၏ ရယ်မောလိုက်သံများ...

အံကို တင်းတင်းကြိတ်ထားရာမှ သံချောင်းက တက်ခေါက်လိုက်သည်။

တကယ်ပါပဲ... သံချောင်းရဲ့ ပတ်ဝန်းကျင်ကလည်း မှောင်ပဲ မှောင်နိုင်လွန်းလှသည်။

(၃)

ဆိုကုန်လုနီးပြီ ဖြစ်သဖြင့် ရေနံဆီမီးခွက်ငယ်သည် စောစောက မှိန်နေရာမှ ရုတ်တရက် လင်း၍လာသည်။ မီးရောင်အောက်မှ သူ့ပတ်ဝန်းကျင်ကို မကြည့်ချင်ရက်နှင့် မြင်နေရပေသည်။ တစ်ချက်တစ်ချက် မြစ်ပြင်ဘက်ဆီမှ မြောက်လေ သုတ်လိုက်သောအခါ ထရံအပေါက်အကျိုအကြား အများအပြားမှ လေဝင်သဖြင့် မီး၏ အလင်းရောင်သည် ငင်၍ ငင်၍ သွားလေသည်။ သူ့ပတ်ဝန်းကျင်သည်လည်း ဝါး၍ ဝါး၍ သွားလိုက်သည်။

သူ့မျက်နှာသည် လူ့ဘဝအား အရှုံးပေးတော့မည့်အသွင် အရိပ်များဖြင့်သာ ဝေနေပေတော့သည်။

"ဟီး... ဟီး... ဟီး" သံချောင်းရဲ့မယား နှင်းနု၏ ညည်းသံ...။ သံချောင်းက သူ့နားကိုပဲ ပိတ်လိုက်ရပြန်သေးသည်။ သူ့မယားနှင်းနု မျက်နှာမြင်ပြီးနောက် နနွင်းလည်း ဝဝမစားရ၊ မီးလည်း မလှုံရသဖြင့် မီးယပ်ဖော

mgyoe.com

mgyoe.com

ဖောနေသည်မှာ ရက် ၂၀ လောက် ရှိသွားပြီ။ ဘာဆေးမှလည်း မစားရ၊ တော်သေးသည်။ ထမင်းပင် မစားရ၊ ဩော် ... နှင်းနုလေး...။

နှင်းနု မျက်နှာမြင်ပြီးနောက် ကလေးဆုံးသွားသည်။ ဆုံးသွားသည်ပင် ထိုကလေးအတွက် ကုသိုလ်ကောင်းပေစွတကား။ မဟုတ်ရင်တော့ ထမင်း မချက်ရသည်မှာ ကြာပြီဖြစ်သော မီးဖိုရဲ့ပြာပုံထက်မှာ အသက် ၅ နှစ်ခန့် အရွယ် သူ့သမီးငယ် မြသွေးသည် ခပ်စောစောက ချမ်းရှာသဖြင့် တအင်အင် ညည်းနေရာမှ ပက်လက်ကလေး အိပ်ပျော်နေရှာပါပြီကော။ ကလေးမတွင် အင်္ကျီမရှိ၊ ထဘီတို အစုတ်ကလေးကလည်း အရှက်မလုံအောင်ပင် ပေါက်နေ လိုက်တဲ့ ဖြစ်ခြင်း။ ညှိုးငယ်စွာနှင့်သာ အိပ်ပျော်နေရသော သမီးငယ်မြသွေး၏ မျက်နှာတွင် ဆာလောင်မွတ်သိပ်ခြင်းများ၏ အရိပ်အရောင်တို့နှင့် ဝေနေသည်။ ဟုတ်တယ်လေ ... မြသွေး ထမင်းမစားရသည်မှာ ၂ နပ်ပင် ရှိသွားခဲ့ပြီ။

သံချောင်းသည် တက်တစ်ချက် ခေါက်လိုက်ပြန်သည်။ ပြီးတော့ အံ သွားကို ကြိတ်လိုက်သည်။ ဒါပဲ သည့်အပြင်ကော သူက ဘာများ တတ်နိုင် ပါသေးသလဲ။

"ကိုသံချောင်း ... ငအေး ပြန်မလာသေးဘူးလား ဟင်"

နှင်းနုက ဖျာကြမ်း အစုတ်အပြဲကလေးပေါ်မှာ ပက်လက်ကလေး မှိန်း နေရာက တိုးတိုးပဲ မေးလိုက်သည်။

သံချောင်းသည် ခေါင်းကို ခါလိုက်သည်။

ငအေးက သံချောင်းနှင့် နှင်းနုတို့ရဲ့သားဦး။ ခု ငအေး ၁၀ နှစ်ရှိသွားပြီ။ မိဘများက အသက်ရှင်နိုင်သော အစားအစာကို မကျွေးနိုင်သဖြင့် ငအေးသည် အိမ်တွင်မနေဘဲ လမ်းတကာမှာ လိုက်၍ လျှောက်တောင်းနေသည်။ သူ့အသက် ကလေး ရှင်နေနိုင်ဖို့ သူ့ဝမ်းကို သူ ကျောင်းနေရရှာသော ငအေးလေး... သည် ဟာတင် မကသေးဘဲ ညမိုးချုပ်၍ အိမ်သို့ ပြန်လာသောအခါ ငအေးက သူတောင်း၍ ပိုလာသော ပိုက်ဆံကလေး တစ်မူး၊ သုံးပဲဖြင့် သူ့ညီမကလေး မြသွေးအတွက် မုန့်အပြင် သူ့အဖေနှင့် အမေ ကြိုက်တတ်သော ဆေးပေါ့လိပ် တစ်လိပ်တလေကိုပင် ဝယ်ယူလာခဲ့သေးသည်။

"ငအေး ပြန်မရောက်သေးဘူးလား ဟင် ကိုသံချောင်း"

နှင်းနုအသံက ခပ်တိုးတိုးပဲ ထွက်လာရှာပြန်သေးသည်။ မိမိကိုယ်ကို မထူနိုင်ရာမှပင် သားအတွက် ပူပန်ရရှာသည်။ မွေးထုတ်လိုက်ရတဲ့ အမေရယ်။

"ပြန်မရောက်သေးပါဘူးကွယ်"
mgyoe.com

mgyoe.com


သံချောင်းက ခပ်အေးအေး ပြောလိုက်သည်။

"ကားတွေ ဘာတွေနဲ့ ကိုသံချောင်းရယ်၊ ကျုပ် ငအေးအတွက် ပူလိုက်တာ"

"လာမှာပေါ့ကွယ်၊ ပွဲတွေ လမ်းတွေ များတာနဲ့ ဝင်ကြည့်နေသလားမှ မဆိုနိုင်တာ"

ထိုအခိုက် မြစ်ပြင်ဘက်မှ လေသုတ်လာသဖြင့် ထရံပေါက်များအကြားမှ လေတိုးဝင်လာသည်။

"ဟီး ... ဟီး ... ဟီး"

နှင်းနုတော့ မီးယပ်ဖျား ထလာကာ ညည်းနေလိုက်သည်။ ခြုံပေးစရာ စောင်ကလည်း မရှိ၊ စောင်မရှိ၍ မီးဖိုပေးစရာ ထင်းကလည်း မရှိ၊ အို... မီးမွေးစရာ မီးခြစ်တစ်လုံးတောင်မှပဲ မရှိ။ ဘာမှမရှိ...။

သံချောင်းသည် ခေါင်းကိုသာ ခါနေမိသည်။ ဒါပဲလား သံချောင်း...။

မီးခွက်ငယ်သည် ရုတ်တရက် လင်းလိုက်ပြီးနောက် ငြိမ်းသွားပေပြီ။ တင်းကုတ်တစ်ခုလုံးလည်း မှောင်သွားရှာပြီ။

"တောက်"

အမှောင်တွင်းဆီက ထွက်လာသောအသံနှင့် မရှေးမနှောင်းပင် လူတစ်ယောက်သည် တင်းကုတ်အတွင်းမှထွက်လာကာ တင်းကုတ်ရှေ့တွင် ရပ်လိုက်သည်။ တင်းကုတ်အပေါ်ဝယ် ကုက္ကိုပင်က လွှမ်းထားသဖြင့်မှောင်ရိပ်ကျနေသည်။

လဆုတ် ၂ ရက်ည ဖြစ်သဖြင့် လ သာနေပေသည်။ သို့ရာတွင် တင်းကုတ်ရဲ့ လောင်းရိပ်အောက်မှ ထိုသူတစ်ယောက်အတွက် လသာခြင်းသည် အဓိပ္ပာယ် ကင်းမဲ့နေပေတော့မည်။

လေက သင့်လာပြန်သည်။ သူနှင့်အတူ...

"လူထုအားကို အများကြီးလိုသည်"

ပြည်ထောင်စု နိုင်ငံတော်အား ပြန်လည်ထူထောင်နိုင်ရန်အတွက် "လုပ်အား"ကို ဖိတ်ခေါ်နေသော တေးသံက လွတ်လပ်ရေးအောင်ပွဲရဲ့ အငြိမ့်စင်မှ ပြန့်လွင့်လာသည်။

ထိုသူသည် နားကိုမပိတ်တော့။ "တောက်" တစ်ချက်သာ ခေါက်လိုက်သည်။ သက်ပြင်းလည်း မချတော့။ ဟုတ်တယ်လေ... သံချောင်း သက်ပြင်း မချတော့။ ဒါပေမဲ့ သူ့လက်ထဲမှာ တင်းတင်းကျပ်ကျပ်ကြီး ဆုပ်ကိုင်ထားတာ

mgyoe.com

mgyoe.com


ကတော့ ...

စားမကြီးတစ်ချောင်း...။

(၄)

မှောင်ရိပ်လွှမ်းသော တင်းကုတ်ရှေ့က သံချောင်း ထွက်လာပေပြီ။ လက်ထဲမှာလည်း စားမကြီးတစ်ချောင်းနှင့် ဘယ်လဲ...။ သံချောင်း၏ မျက်နှာသည် ခက်ထန်လှသည်။ သည်အမှောင်ထဲမှ ထွက်ရပ်လမ်းကို သူက ရှာမလို့လား။ သူ့လက်ထဲမှာလည်း စားမကြီးတစ်ချောင်းနှင့် သူ လမ်းစကို ရှာရပေမည်။

သူသည် ခပ်လေးလေး မှန်မှန်ပင် လျှောက်လာခဲ့သည်။

အတိတ်သည် သူ့ကျောရဲ့ နောက်နားမှ ကပ်လိုက်လာသည်။ သူသည် ပစ္စုပ္ပန်မှာ ရှိနေသော်လည်း အနာဂတ်သို့ သွားရာလမ်းစကို ဝင်နေလိုက်ပေပြီ။

သံချောင်းသည် ညောင်တုန်းဘက်က လယ်သမား ဖြစ်သည်။ ဘိုးဘွား မျိုးစဉ်ကစ၍ သံချောင်းသည် လယ်သမားမျိုးရိုး ဖြစ်ပေသည်။ သံချောင်း အဘိုး အဘွားများ လက်ထက်က စားမဦးချ၍ တိုးခဲ့သော လယ်ကွက်သည် သံချောင်း မိဘများ လက်ထက်ကျကာမှ သာယာဝတီ သူပုန်မထမီကလေးတွင် သူများလက် ထဲသို့ ရောက်သွားရပေသည်။ ထိုစဉ်က သံချောင်းမှာ ခပ်ငယ်ငယ်ဖြစ်၍ ဘာမျှ မသိလိုက်။ သံချောင်းကို နှင်းနှင့် ပေးစားပြီးနောက် မကြာမီ မိဘများ ရှေ့ဆင့် နောက်ဆင့် ကွယ်လွန်သွားကြသောအခါမှ သံချောင်းသည် သူလုပ်နေရသော လယ်ကွက်မှာ သူများလယ်မှန်း သိရသည်။ သူသည် သူများလယ်ကို သီးစားပေး ၍ လုပ်ခဲ့ရသော ဘဝတွင် ဝသည်ဟု မရှိခဲ့။ တင်းတိုးကြီးကြီးနှင့် စပါးပေး ပေးခဲ့ရသော သူ့ လယ်သမားဘဝမှာ နွားကဲ့သို့ လုပ်၍ နွားကဲ့သို့ပင် ဝအောင်မစားခဲ့ရ။ လူနှင့်သူနှင့် တူအောင်ပင် လည်း မဝတ်ရ။ မယားကလည်း အစုတ်စုတ်... သားသမီးကလေးတွေက လည်း အပြတ်ပြတ်နှင့် ... သည်လို မှောင်နေသော အတိတ်ရဲ့ ပတ်ဝန်းကျင် ထဲမှ ထွက်ရပ်လမ်းကို သူ မစဉ်းစားတတ်ခဲ့။

မြေကြွေးချစနစ်ခေတ်သည် မြန်မာပြည်၌ တဖြည်းဖြည်း ဟောင်းလာ သည်။ ပြည်သူပိုင် လယ်မြေစနစ်...။

သူ့အတွက် လမ်းစ ပေါ်ခဲ့ပေပြီ။

စပါးဈေး ကောင်းလာသည်။ သီးစားခစနစ် ပြိုလဲပေပြီ။ လယ်သမားကို ဘာထင်သတုံး။

mgyoe.com

mgyoe.com


သူသည် အသက်ရှင်နေထိုင်မှုအတွက် ကရင့်လက်မှ သူ့မယားနှင့် သားသမီးများကို အပါခေါ်၍ ပြေးမိပြေးရာ ပြေးခဲ့ရာမှ ဟော... လွန်ခဲ့သော ၆ လလောက်က ရန်ကုန်သို့ ရောက်လာခဲ့သည်။

သူက လယ်သမား ... ရန်ကုန်မှာ ဘာများ လုပ်ကိုင်စားမလို့ပါလဲ။ ပြီးတော့ နှင်းနုမှာ ကိုယ်ဝန် ၄ လလောက် ရှိနေပြီ။

သံချောင်းသည် ကြည့်မြင်တိုင် ကန္တားဘက်တွင် တင်းကုတ်ဆောက်ရပေတော့သည်။ နေထိုင်ဖို့ရန် လူမှာ ဗိမာန်ရှိရဦးမည် မဟုတ်ပါလား။ သိန်းတန်တိုက်ပဲဖြစ်ဖြစ်၊ ၆ ပြားတန် တင်းကုတ်ပဲဖြစ်ဖြစ်...။

သမီးကလေး မြသွေးကို ချစ်စနိုး၍ ကပ်သီးကပ်သပ် စုဆောင်းလုပ်ပေးထားခဲ့သော ရွှေ တစ်မူးသားခန့် နားဆွဲကလေးကို ထုခွဲ၍ တင်းကုတ်ဆောက်ကာ ဖျာနှင့် ရေအိုးများ ဝယ်ရသည်။ သည့်အပြင် ဘာမျှမရှိတော့၊ ကုန်ပြီ။

သံချောင်းသည် ခွန်အားနှင့် ရင်းရသောအလုပ်ကို ရှာခဲ့သည်။ လူထုအားကို အများကြီးလိုသည်ဟု လမ်းပေါ်မှ ကလေးကပဲ ဖြစ်စေ၊ အရူးကပဲ ဖြစ်စေ သီချင်းဆိုသံကိုသာ ကြားနေရသည်။ သူ့မှာ လုပ်စရာ အလုပ်ရှာမရ၊ ဘယ်မှာလဲ လူထုအား...။

ငွေအရင်းပေါ်မှ အမြတ်ထုတ်ရသော ယဉ်ကျေးမှုကို သံချောင်း နားမလည်၊ နားလည်လို့ကော သူ့မှာ ဘာရှိသေးသလဲ။ "လုပ်အား" သည်ဟာပဲ ရှိ သည်။ သူ့လုပ်အားကို ဝယ်သူမရှိရင် သူ ငတ်ရတော့မည်။

သူသည် တစ်ခါတစ်ရံ ဆန်အိတ်ထမ်းသည်။ ဆန်အိတ်ထမ်းအလုပ်ပြတ်သောအခါ စက်ရုံများတွင် ကူလီလုပ်ရသည်။ သည်လိုနှင့် လေးငါးလကုန် လာပြီးနောက် ယခုအတောအတွင်း စက်ရုံများကလည်း ပိတ်၊ ဆန်အိတ်တင်စရာ ဆန်ကလည်း မရှိသဖြင့် အိမ်မှာ မီးခိုးတိတ်တော့သည်။

သည်အတွင်း မယားနှင်းနုက မျက်နှာမြင်ပြီး ဖောနေလိုက်သည်။ ဆောင်းဝင်လာသည်။ ခြုံစရာ စောင်ကမရှိ၊ ကလေးတွေလည်း ထမင်းမစားရသည်မှာ ဘယ်လောက်များ ဆိုးရွားလိုက်ပါသလဲ။

အတိတ်မှ ပစ္စုပ္ပန်သို့သာ တိုင်ခဲ့ပြီ သူ့ဘဝသည် ဘယ်မှာများ သာယာသော အကွက်တစ်ကွက် ရှိခဲ့ပါသေးသလဲ။

ဒါပေမဲ့ အနာဂတ်သို့ သွားရာလမ်းစကို သူက လက်ထဲမှာ ဓားမကြီးတစ်ချောင်းနှင့် ဝင့်နေလိုက်ပါပြီကော။

တကယ်ဆိုတော့ လူ့ဘဝဆိုသည်မှာ အသက်ရှင်နေနိုင်ရဖို့ပင် မဟုတ်

mgyoe.com

mgyoe.com

ပါသလော။ အသက်ရှင်နေနိုင်ဖို့ ဘာတွေလိုသလဲ။ အစားအစာနှင့် အဝတ်အထည်၊ နေအိမ်၊ ဘယ်လို ရနိုင်ပါ့မလဲ။ ငွေရင်းမရှိလျှင်တော့ လုပ်အားကို ဝယ်မည့်သူ၊ ယူမည့်သူ မရှိရင်တော့ကာ...

သံချောင်းသည် သားနှင့် မယားနှင့်လူ ဖြစ်သည်။ သူသည် အသက်ရှင်လိုပေမည်။ ဒါပေမဲ့ သူ့မှာ ငွေရင်းမရှိသဖြင့် သူ့လုပ်အားနှင့် အသက်ရှင်နေနိုင်မှုအတွက် ရှာကြံသည်။ သူ့မယားကလည်း မမာရသည့်အထဲ ချမ်းချမ်းစီးစီးကြီးမှာပင် ခြုံစရာ စောင်မရှိသည်ထက် ဆေးဝါးနှင့် အာဟာရကား ဝေးသေးတော့။ ပြီးတော့ ကလေးနှစ်ယောက် ငတ်နေသည်။ အငယ်က ချမ်းချမ်းစီးစီးကြီးထဲမှာ ဝတ်စရာ အင်္ကျီပင် မရှိဘဲ ပြာပုံမှာ အိပ်နေရသည်။ အကြီးက လမ်းတကာမှာ ပိုက်ဆံလိုက်တောင်းသည်။ ခုထက်ထိပင် ပြန်မလာ။ ကားများ တိုက်နေလိုက်မလားပဲ။

တင်းကုတ်ထဲမှာ ရေနံဆီမီးခွက်ငယ်ပင် ဆီကုန်၍ ငြိမ်းသွားခဲ့ပေပြီ။

ဓားမကြီးတစ်ချောင်းနှင့် ဘယ်ကိုများလဲ သံချောင်းရယ်...။

တကယ်ပါပဲ သံချောင်းရဲ့ ပတ်ဝန်းကျင်ကလည်း မှောင်ပဲ မှောင်နိုင်လွန်းလှသည်။

(၅)

ခရေပင်ရိပ်က မှောင်လှသည်။

သံချောင်းသည် ကမ်းနားလမ်း ခရေပင်ရိပ်မှာ ကပ်၍ ရပ်နေလိုက်သည်။

ခရေပင်ကို မှီရင်း သူသည် လမ်းမကြီးဘက်ဆီသို့ မျှော်၍ ကြည့်မိသည်။ သူက ဘာလုပ်မလို့ပါလဲ။

လွတ်လပ်ရေး ပျော်ပွဲကို သွားနေကြသဖြင့် ကမ်းနားလမ်းပတ်ဝန်းကျင်မှာ လူသူကင်းရှင်းကာ တိတ်ဆိတ်နေပေသည်။ မြစ်ဘက်က တစ်ချက်တစ်ချက် မြောက်လေသုတ်၍ လာသောအခါ သစ်ရွက်များ တရှိရှိမြည်သံသည်သာ တစ်ခါ တစ်ခါ အသက်ဝင်လာသည်။ ပြီးသွားသောအခါ ပြန်၍ တိတ်ဆိတ်မြဲ တိတ်ဆိတ်နေလိုက်ပေသည်။

သံချောင်းက အံကို ကြိတ်လိုက်သည်။ လက်ထဲက ဓားမကြီးကို တင်းကျပ်စွာ ဆုပ်ထားသည်။ သည်ဓားမကြီးနှင့် သူသည် လယ်သမားဘဝနှင့်တုန်းက ထင်းခုတ်ခဲ့ရသည်။ လယ်ရှင်းခဲ့ရသည်။ လယ်သမားဘဝမှ လုပ်အား
mgyoe.com

mgyoe.com


ကိုသာ လှည့်လည်၍ ရောင်းစားရသော ကူလီဘဝတွင် သည်ဓားမကြီးကို ချောင်ထိုးထားခဲ့ရပေသည်။ ခု လုပ်အားကို ရောင်းမရသောအခါ ဓားမကြီးကို သူသည် ထိုးထားသော ချောင်ထဲက ပြန်၍ထုတ်ယူလာခဲ့ ပြန်သည်။ ဘာလုပ်မလို့များလဲ သံချောင်းလေး...။

လူသည် တိရစ္ဆာန် အတန်းမြင့် အမျိုးအစားထဲက သတ္တဝါတစ်မျိုးပဲ မဟုတ်လား။ တိရစ္ဆာန်တို့သည် တစ်ကောင်နှင့်တစ်ကောင် တိုက်ခိုက်၍ အစားအစာကို လုကြသည်။ လူကြတော့လည်း ဘာများ ထူးသေးလို့ပါလဲ။ အနုမြူဗုံးကြီးတွေနှင့်ပဲ မဟုတ်ပါလား။

သံချောင်းက ခရေပင်မှောင်ရိပ်က စောင့်နေသည်။

မြို့ထဲသို့ ကြက် သွား၍ရောင်းကာ သည်အချိန်လောက်တွင် သည်လမ်းအတိုင်း ပြန်လာလေ့ရှိသော ကြက်ရောင်းသမား ယူစွတ်ကို သံချောင်းက စောင့်နေပါသည်။ ယူစွတ်က ကြက်ရောင်း၍ ပြန်လာသောအခါ သူ့အိတ်ထဲမှာ ငွေတွေ ပါတယ်လေ။

ငွေ ... ငွေ ... ငွေ

ဟုတ်တယ် ... ငွေပါပဲ။

သည်ငွေကို သံချောင်းက လိုချင်သည်။ ယူစွတ်ကလည်း လိုချင်၍ ကြက်ရောင်းရသည်။ အဆုံးမတော့ ငွေပါပဲ။

သူ ကြက်ရောင်းရလာသော ငွေကို ယူစွတ်က သံချောင်းကို မေတ္တာရိ ပေးမှာတဲ့လား။ သူ ပင်ပန်းစွာ လုပ်ကိုင်ရှာဖွေခဲ့ရသော သူ့ပစ္စည်း၊ ဒါပေမဲ့ ယူစွတ်အိတ်ထဲမှ ငွေကို သံချောင်း ရမှပဲဖြစ်မည်။

"ယူစွတ်ဘိုင်ရယ် ကျုပ်မှာ ဒုက္ခဖြစ်နေလို့ ငွေတစ်ကျပ်လောက် ပေးပါဗျာ"

သည်လို တောင်းကြည့်စမ်းပါ။

ယူစွတ်က သံချောင်းကို သူ့ကိုယ်ကိုယ် သနားတတ်တာထက် သနားမှာတဲ့လား။

ဘာပဲဖြစ်ဖြစ် ယူစွတ် ကြက်ရောင်းရလာသော သူ့အိတ်ကပ်ထဲမှ ငွေကို သံချောင်းက မရ မဖြစ်တော့။ မရလျှင် ရသောနည်းနှင့် ရအောင်ပင် ယူရပေတော့မည်။ သံချောင်းမှာ ဉာဏ်တော့ အရှိသား။ သူ့လက်ထဲက ဓားမကြီး။

သံချောင်းက ခရေပင် အမှောင်ရိပ်မှ စောင့်နေသည်။

မှောင်ရိပ်ပြင်ဘက်မှာတော့ လရောင်က ဖြာနေသည်။

mgyoe.com

mgyoe.com


သံချောင်းသည် ကြက်ရောင်ကုလား ယူစွတ်လာမည့် လမ်းဘက်ဆီသို့ မျှော်၍မျှော်၍ ကြည့်လေသည်။ ယူစွတ်ကတော့ ပေါ်မလာသေး။

လေက သင့်လာပြန်ပါသည်။ သူနှင့်အတူ ...

"လူထုအားကို အများကြီးလိုသည်" တဲ့။ အငြိမ့်စင်မှ ပြန့်လွင့်၍ လာသော ဂီတ...။

သံချောင်းက ပြုံးလိုက်မိပေသည်။ "ဩ ... လူထုအားကို အများကြီး တောင်မှပဲ လိုသတဲ့လား" သူက သူ့ဘာသာ တစ်ယောက်တည်း ပြောနေလိုက်ပြီးနောက် အသံထွက်အောင် ရယ်လိုက်ပြန်သည်။

"နည်းနည်းများသာ လိုရင်တော့ ဟင်း" သံချောင်းက ရယ်မောခြင်းကို အရှိန်သတ်လိုက်သည်။

ပြီးတော့ တက်တစ်ချက် ခေါက်လိုက်သည်။ သူသည် အတန်ကြာ တွေဝေစဉ်းစားနေပြီးမှ အသံထွက်အောင် ရယ်မောနေလိုက် ပြန်ပါပြီကော... သံချောင်းလေး...။

ထိုအခိုက် လမ်းမဘက်ဆီမှ လူတစ်ယောက် ကမ်းနားဘက်ဆီသို့ လျှောက်လာသည်။

သံချောင်းသည် ကိုယ်ရှိတ်သတ်လိုက်ပြီးနောက် လမ်းမဘက်ဆီသို့ လျှောက်လာသော လူကို သေသေချာချာ ကြည့်လေသည်။ ထိုသူသည် တဖြည်းဖြည်းနှင့် ခရေပင်ရိပ်ဆီသို့ လျှောက်လာနေသည်။

ယူစွတ်...

ဟုတ်ပေသည်၊ သံချောင်း စောင့်နေရသော ကြက်ရောင်ကုလား ယူစွတ် ပါပဲ။

ယူစွတ်က ပုပင်ကြောင့်ကြခြင်း တင်းမဲ့စွာ စစ်တကောင်းကို လွမ်းဆွတ်ကြောင်း ဖွဲ့နွဲ့ထားသော သီချင်းကို ခပ်အေးအေးကလေး ညည်းရင်း လျှောက်လာလေသည်။ သူ့အတွက် အသက်ရှင်နေနိုင်မှုအတွက် ပြည့်စုံလာပြီ ဖြစ်သဖြင့် သူသည် လွမ်းဆွတ်မှုကို စဉ်းစား စိတ်ကူးယဉ်နိုင်ပေပြီ။

သံချောင်း ရင်ထဲတွင် ထိတ်ခနဲတော့ လှုပ်သွားသည်။

လူ့စိတ် ...

သူသည် အသက်ကို ရှူသွင်းလိုက်ပြီးနောက် ခရေပင်ရိပ်သို့ နီးကပ်လာသော ယူစွတ် ရွှင်ပျသောမျက်နှာကို ကြည့်ရင်း ဓားမကြီးကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။

mgyoe.com

mgyoe.com


"ငါ့ကိုချစ်တဲ့ ကောင်မလေး ... ဘဂံလားကို လိုက်မလား"

ယူစွတ်က ရုတ်တရက် ဘာစိတ်ကူးရလာသလဲ မသိ၊ ဗမာလိုများပင် တေးဆို နေလိုက်ပြန်ပေသေးသည်။

သံချောင်းက အံသွားကို ကြိတ်လိုက်သည်။ ပြီးတော့ ဓားမကြီးကို တအား ဆုပ်ကိုင်လိုက်သည်။

ထိုစဉ် ယူစွတ်သည်လည်း ခရေပင်ရိပ်သို့ ဝင်လာခဲ့ပေပြီတကား...။

(၆)

သြော ... ဘယ်လောက်များပင် လှနေလိုက်တဲ့ ရန်ကုန်မြို့တော်ရဲ့ ညပါလဲ...။

လှနေလိုက်တဲ့ ရန်ကုန်မြို့တော်ရဲ့ ည...။

ဟုတ်တယ်လေ... သုံးကြိမ်မြောက် လွတ်လပ်ရေးအောင်ပွဲကို ရန်ကုန်မြို့တော်၌ လှပပျော်ရွှင်စွာနှင့် လွတ်လွတ်လပ်လပ် ဆင်နွှဲနေကြတာပဲ မဟုတ်လား။

ဒါပေမဲ့ ကြည့်မြင်တိုင်ကမ်းနားဘက်က ခရေပင်ရိပ်မှာ လူဆိုသော သတ္တဝါနှစ်ယောက် ဘာဖြစ်သွားကြပါလိမ့်။ အပြင်ဘက်မှာတော့ လသာနေပါသည်။ ခရေပင်ရိပ်မှာသာ မှောင်နေသည်။

ထိုအခိုက် လမ်းတကာ လူတကာဆီမှာ ပိုက်ဆံလျှောက်တောင်း၍ ပြန်လာသော သူငယ်ကလေးတစ်ယောက်သည် ကမ်းနားဘက်ဆီသို့ တစ်ယောက်တည်း လျှောက်လာရင်း သီချင်းတစ်ပုဒ်ကို အော်၍ ဆိုသွားရှာသည်။

"ဖိုးခေါင်ကြွေးကြော်... မန်းတောင်ရိုးပေါ်"

သူငယ်ကလေးက လွမ်းလွမ်းဆွေးဆွေးနှင့် ဆိုသွားရှာသည်။

သီချင်းသည် မဆုံးသေးပါ။ အဆုံးကို သူငယ်က ဆက်၍ ဆိုပြန်ရှာသည်။

"ပြည်တော်ကို မျှော်လိုက်စမ်း လမ်း ဘယ်မမြင်..."

သူငယ်၏ တေးဆိုသံသည် ခရေပင်ရဲ့ မှောင်ရိပ်မှာ ရုတ်တရက်ပျောက်သွားလိုက်ပါပြီကောလား...။

"ပြည်တော်ကို မျှော်လိုက်စမ်း လမ်းဘယ်မမြင်..."

အတွဲ-၄၊ အမှတ်-၂၄၊ တာရာမဂ္ဂဇင်း။

❑

mgyoe.com

mgyoe.com

## အင်းဝဇာတ်ဝတ္ထုဟောင်း

(၁)

ခမည်းတော်ဖြစ်သော ဘဝရှင်သာလွန်မင်းတရားကြီး လွန်သောအခါ အရိုက်အရာဖြစ်သော နောင်တော် ပင်းတလဲမင်းသည် အင်းဝထီးဖြူကို ဆက်ခံစိုး၍ ဗမာနိုင်ငံတော်အားလုံးကို သိမ်းပိုက်အုပ်ချုပ်သည်နှင့်အညီ ညီတော်မင်းသားဖြစ်သော ကျွန်ုပ်သည်လည်း အင်းဝသစ္စာတော်ခံအဖြစ်မှ ခမည်းတော်လက်ထက်ကပင် စားခဲ့ရသော ပြည်ထီးခရိုင်ကို ဆက်လက်၍ အုပ်ချုပ်ခန့်ခွဲမြဲပင် ခန့်ခွဲရပေ၏။

(၂)

ဘေးတော် ဆင်ဖြူများရှင် ဘိုးတော် ညောင်ရမ်းမင်းတရားကြီးများ၊ ရွှေလက်ထက်တော် အခါကာလတစ်လျှောက်လုံး ဝါးအစည်းပြေသကဲ့သို့ တစ်နယ်တစ်မင်းနှင့် အကွဲကွဲအပြားပြား ဖြစ်လာခဲ့ရသော မြန်မာနိုင်ငံတော် အဝှမ်းတွင် စည်းလုံးနိုင်ရေးအတွက်နှင့် နှစ်ပရိစ္ဆေဒ ကြာမြင့်ရှည်လျားလှစွာ တိုက်ခိုက်ခဲ့ရ သော စစ်ပွဲဒဏ်များကြောင့် နိုင်ငံတော်အဝှမ်းတွင် မှီတင်းနေထိုင်စားသောက်ကြရသော အများပြည်သူ ဆင်းရဲသားနှင့် ရှင်လူ ရဟန်းတို့သည် ဆင်းရဲမွတ်သိပ်၍ ပင်ပန်းနာကျင်ခြင်းမက နာကျင်ခဲ့ကြခြင်း ဖြစ်ကြလေရာ ခမည်းတော် သာလွန်မင်းမြတ်လက်ထက်တော်၌ တရားမျှတ ငြိမ်းချမ်းစွာ အုပ်ချုပ်ခန့်ခွဲတော်မူခဲ့သဖြင့် စစ်ဘေးစစ်ဒဏ်မှလည်း ကင်းဝေးကာ မြန်မာနိုင်ငံတော် အဝှမ်း၌ တစ်စထက်တစ်စ စည်ပင်သာယာ၍ ငြိမ်းချမ်းဝပြောမှုကို ရရှိ၍ လာခဲ့လေသည်။

ခမည်းတော်မင်းမြတ်သည် အများပြည်သူတို့အား ရင်ဝယ်သားကဲ့သို့

mgyoe.com

mgyoe.com

ချစ်ခင်ခြင်း ရှိ၏။ တရားမျှတစွာ ဖြောင့်မတ်မှန်ကန်စွာ အုပ်ချုပ်၏။ ထို့ကြောင့် ပင် နိုင်ငံတော်အတွင်း၌ ဆူပူလှုပ်ရှားမှုနှင့် ခြားနားပုန်ကန်မှုများသည် လုံး၀ မရှိသလောက် ဖြစ်ခဲ့၏။

ခမည်းတော်မင်းမြတ်သည် အများပြည်သူတို့၏ သက်သာချောင်ချိမှု နှင့် ကောင်းကျိုးချမ်းသာကို လိုလားကြံဆတတ်သော မင်းကောင်းမင်းမြတ် လည်း ဖြစ်ပေသည်။

နိုင်ငံတော်အတွင်း၌ လုပ်ကိုင်စားသောက် နေထိုင်ကြသော ပြည်သူတို့ ၏ စီးပွားရေးအခြေအနေနှင့် ခံစားနေရသော ဒုက္ခနှင့် အကျပ်အတည်းများ ကို တိတိကျကျ သိရှိ၍ ကူညီထောက်ပံ့နိုင်ရန် လိုက်လံစုံစမ်း စစ်ဆေး၍ မှတ်တမ်းများ ရေးမှတ်ခဲ့၏။

ပြည်သူနှင့် ပြည်ရှင်တို့၏ ဆက်ဆံရေးသည် ခမည်းတော်၏ ရှေ့လက် ထက်တော်ကာလကဲ့သို့ ရာဇဝင်၌ တစ်ကြိမ်တစ်ခါမျှ မရှိခဲ့စဘူးပေ။ "သာ လွန်မင်းမြတ်" ဟူသော ခမည်းတော်၏ ဘွဲ့နာမသည် အများပြည်သူတို့က ချစ်ကြည်လေးမြတ်စွာ ပေးအပ်ခေါ်ဝေါ်ခြင်း ပြုခဲ့ကြသော နာမည်ပင်ဖြစ်၏။

ဤကဲ့သို့ ခမည်းတော် သာလွန်မင်းတရားကြီး၏ မြော်မြင်တိုင်းထွာ တတ်ခြင်းနှင့် ပြည်သူတို့အား ကျောနှင့်ရင် မခွဲခြားဘဲ တရားမျှတစွာ စောင့် ရှောက်အုပ်ချုပ်တော်မူခဲ့ခြင်းကြောင့် ကြက်ပျံမကျ တစ်နေ့တခြား ငြိမ်းချမ်း စည်ပင်လာခဲ့သော နိုင်ငံတော်ကြီးသည် ခမည်းတော် လွန်၍ အရိုက်အရာဖြစ် သော နောင်တော် ပင်းတလဲမင်း အင်း၀ရွှေထီးကို ဆက်ခံလျှင်ပင် တစ်မျိုးတစ်ဖုံ ပြောင်းလဲရန် အကြောင်းများ ဆိုက်ရောက်၍ လာခဲ့၏။

(၃)

နောင်တော် ပင်းတလဲမင်း ရွှေပြည်အင်း၀နန်းကို တက်ရောက်စိုးစံချိန် ၀ယ် ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်နှင့် အိမ်နီးချင်း တရုတ်ပြည်ကြီးတွင် "မင်" နန်းဆက် ဥတည်ဘွား ရုံလိုအား မန်ချူးကေရာဇ်သည် တရုတ်ပြည်မကြီးမှ မောင်းနှင်တိုက်ခိုက်လျက် ရှိခဲ့ပေရာ စစ်ရေးရှုံးနိမ့်ခဲ့သော ဥတည်ဘွားသည် ယူနန်အရပ်သို့ ထွက်ပြေးလာခဲ့ရပြီးနောက် တရုတ်–မြန်မာ နယ်စပ်ဒေသ တလျှောက်တွင် ၎င်း၏ စစ်တပ်များကို စွဲစေကာ အင်း၀၏ လက်နက်နိုင်ငံဖြစ် သော ရှမ်းပြည်ဒေသဘက်ရှိ သိန္နီ၊ သီပေါ စသော နယ်ပယ်များတွင် ၎င်း၏ လက်နက်ကိုင် တရုတ်စစ်ပြေးတပ်များနှင့် ကျူးကျော်ဝင်ရောက်ကာ ပြည်သူ

mgyoe.com

mgyoe.com
ပြည်သားတို့ထံမှ နိုင့်ထက်စီးနင်း အခွန်ဘဏ္ဍာများ ကောက်ခံခြင်း၊ စားနပ်ရိက္ခာများ တောင်းခံခြင်းများ ပြုလုပ်လာလေ၏။

ထိုကဲ့သို့ အသာတကြည်နှင့် တောင်းခံ၍ မရသော ဒေသရပ်ရွာများအား သတ်ဖြတ်လုယက်ခြင်း၊ စော်ကားမီးရှို့ခြင်းများ အထိပင် ကျူးလွန်သောင်းကျန်း၍ လာလေ၏။

ထိုကဲ့သို့ ရှမ်းပြည်ဒေသ၌ တရုတ်စစ်တပ်များ တစ်နေ့တခြား အတင့်ရဲ သောင်းကျန်းသည်ထက် သောင်းကျန်းလာနေခြင်းကို နောင်တော်ရွှေနန်းရှင်သည် အရေးထား ကာကွယ်ခြင်းလည်းမပြုဘဲ အမှုမဲ့သာ နေခဲ့၏။

ရှမ်းအမျိုးသားများသည် တရုတ်စစ်ပြေးများ၏ နှိပ်စက်မှုဒဏ်ကို မခံမရပ်နိုင်လာသည့် အဆုံးတွင် ရွှေနန်းရှင်အား တိုင်ကြားလျှောက်ထားခြင်း ပြုလာကြလေ၏။

သို့ရာတွင် ရွှေနန်းရှင်က ထိုအရေးအား ပေါ့ပေါ့တန်တန် သဘောထားကာ လောလောဆယ် ပြည်သူတို့ ကျရောက်ခံစားနေရသော ဘေးအန္တရာယ်ထက် ၎င်း၏ နောင်တမလွန်ဘဝ၌သာ မျှော်မှန်းရသော ဗြဟ္မာမင်းစည်းစိမ်အတွက် စစ်ကိုင်းအရပ်တွင် ငါးထပ်ကြီးဘုရားကို တည်တော်မူနေချေ၏။ ရှမ်းပြည် ဒေသတွင် မြို့စောင့်လောက်သာ ထားရှိသော ဗမာစစ်တပ် အနည်းငယ်မှာလည်း တရုတ်စစ်ပြေးများ၏ သတ်ဖြတ်နှိပ်စက်ခြင်းကို ခံနေရလေသည်။

ဤကဲ့သို့ ပြည်ထဲရေးထက် နောင်တမလွန်ဘဝမှ ဗြဟ္မာမင်းစည်းစိမ် အရေးလောက်ကိုသာ လုပ်ဆောင်သော နောင်တော်ရွှေနန်းရှင်၏ ဉာဏ်အမြော်အမြင် ခေါင်းပါးမှုကြောင့် အောက်မြန်မာနိုင်ငံ၌ မွန်အမျိုးသားများသည် သူတို့အရေးကို မကြည့်ရကောင်းလားဟု မကျေနပ်ကာ ခြားနားပုန်ကန်ရန် အခြေသို့ ဆိုက်ရောက်လာခဲ့ပေသည်။

ဤကဲ့သို့လျှင် "ငါးထပ်ဒါယိကာ" ဟူသော ဘွဲ့ထူးဝိသေသကို တပ်မက်မောနေသော နောင်တော်မင်းတရား ရွှေဝနန်းကို တက်ရောက်စိုးစံလျှင်ပင် အောက်ပြည် မွန်အမျိုးသားများ၏ ခြားနားပုန်ကန်ခြင်းနှင့် တရုတ်စစ်တပ်များ၏ ကျူးကျော်စော်ကားမှုများကို တွေ့ကြုံလာခဲ့ရပေတော့သတည်း။

(၄)

ထိုကဲ့သို့ အထက်မီး၊ အောက်မီး ညှပ်၍ ပင့်လောင်နေစဉ် ယူနန်နယ်တွင် ခိုအောင်းနေသော ဥတည်ဘွား ရုံလှီအား တိုက်ခိုက်ချေမှုန်းရန် မန်ချူး
mgyoe.com

mgyoe.com


ကေရာဇ်သည် ယူနန်နယ်အထိ ချီတက်လာသောအခါ မန်ချူးကေရာဇတ်၏ ဒဏ်ကို မခံနိုင်သော ရုံလီမင်းသည် မြန်မာနိုင်ငံအတွင်းသို့ ဝင်ပြေးပြီးနောက် ၎င်း၏ တရုတ်စစ်ပြေးတပ်များသည် ယခင်က သိန္နီသီပေါအရပ်ဒေသများထက် ကျယ်ပြန့်စွာ မိုးနဲ၊ ညောင်ရွှေ စသော ရှမ်းပြည်တောင်ပိုင်း ဒေသများအထိ ကျူးကျော်ဝင်ရောက်ကာ အမျိုးမျိုး ခြိမ်းခြောက်လုယက်ခြင်း၊ နှိပ်စက်သတ်ဖြတ်ခြင်းများကို ကျူးလွန်ပြုလုပ်၍သာ လာလေ၏။

ရှမ်းပြည်၌ သစ္စာတော်ခံ မြို့စား၊ နယ်စားတို့သည် အင်အားကြီးမားသော တရုတ်စစ်ပြေးများဒဏ်ကို မခုခံနိုင်ကြသဖြင့် နောင်တော်မင်းမြတ်ထံသို့ အဖူးမြော်ဝင်ရောက်ကာ တရုတ်စစ်ပြေးတို့၏ အန္တရာယ်ကို ရှိခိုးလျှောက်ထားခြင်း ပြုလာကြလေသည်။ သို့ရာတွင် ဥတည်ဘွားရုံလီအား စစ်ကိုင်းအရပ်၌ပင် ခွင့်ပြုထားသော နောင်တော်မင်းတရားသည် ရှမ်းပြည်အရပ်ဒေသ၌ ပြည်သူတို့အား ခြိမ်းခြောက်ညှဉ်းပန်းနေသော တရုတ်စစ်ပြေးများ၏အန္တရာယ်ကို အရေးတော် မမှတ်ခဲ့ချေ။ ၎င်းအတွက် နောင်သံသရာတွင် အရေးကြီးနေသော ငါးထပ်ကြီး ဘုရားကိုသာ အပြီးသတ်အောင် တည်နေ၏။

ထိုကဲ့သို့ အများပြည်သူ၏ အရေးကို ပမာဏမထား လျစ်လျူရှုကာ ဒါယကာမင်းတရားသည် နောင်သံသရာ တွက်ကိန်းလောက်ကိုသာ တွက်ချက်နေစဉ် ရုံလီ၏ တရုတ်စစ်ပြေးတပ်များသည် တရုတ်–မြန်မာ နယ်စပ်တွင်ရှိသော ရှမ်းပြည်ဒေသတစ်ခုလုံးကို ခြိမ်းခြောက်သိမ်းပိုက်ရုံမျှနှင့် အားရတင်းတိမ်ခြင်း မပြုတော့ဘဲ ရှမ်းပြည်ဒေသမှ တစ်ဆင့် ဆန်စပါး ပေါများလှသော ကျောက်ဆည်နယ်ကြီးတစ်ခုလုံးကို ဝင်ရောက်တပ်စွဲကာ သိမ်းပိုက်လာကြလေသည်။ အချို့သော တရုတ်စစ်ပြေးတပ်များသည် အင်းဝ ရွှေမြို့တော်အနီးသို့ပင် ခြိမ်းခြောက်လာကြလေ၏။

တရုတ်စစ်ပြေးများကား ရက်စက်ကြမ်းကြုတ်လှ၏။ ၎င်းတို့ ကျူးကျော်သိမ်းပိုက်ခဲ့သောနယ်မြေဒေသများရှိ ပြည်သူတို့အားသာ ညှဉ်းပန်းနှိပ်စက်သည်နှင့် မပြီးဆုံးသေး၊ မြို့ရွာကျောင်းကန်များကို ရက်ရက်စက်စက် မီးရှို့ကြ၏။ ရှင်၊ လူ၊ ရဟန်းတို့အား ညှာတာခြင်း ကင်းစွာ သတ်ဖြတ်ကြ၏။ စေတီပုထိုးများကို ဖောက်ထွင်း၍ ဌာပနာများကို လုယက်ကြ၏။

ထိုကဲ့သို့ ရွှေနန်းရှင်၏ မိုက်မဲတွေဝေမှုကြောင့် နိုင်ငံတော်အဝှမ်း၌ ပြည်သူရှင်၊ လူ၊ ရဟန်းတို့အား တရုတ်စစ်ပြေးများက နိုင့်ထက်စီးနင်း နှိပ်စက်ကလူပြုမူနေခြင်းအား ပြည်သူတို့သည် မခံမရပ်နိုင်တော့သည့် အဆုံး၌ ထိုတရုတ်

mgyoe.com

mgyoe.com

စစ်ပြေးတို့၏ ဘေးဒုက္ခမှ လွတ်ကင်းချမ်းသာရာ ချမ်းသာကြောင်းကို ၎င်းတို့ အချင်းချင်း ဆွေးနွေးတိုင်ပင်လာကြရလေ၏။

ထိုကဲ့သို့ ဆိုးရွားလှသော ပြည်ထဲရေးအခြေအနေကို ပြည်သူတို့သည် မိမိတို့ စိတ်တူသဘောတူ အချင်းချင်း ဆွေးနွေးတိုင်ပင်နေရချိန်၌ မြော်မြင်ခြင်း ခေါင်းပါးလှသော နောင်တော်မင်းတရားသည် ပြည်သူတို့ ငတ်မွတ်ခေါင်းပါး နေရသော ဒုက္ခအသွယ်သွယ် အဝဝကိုမှပင် မထောက်ထား၍ ပြည်သူတို့ထံမှ အခွန်ဘဏ္ဍာများကို အတင်းအကျပ် ရိုက်နှက်ကောက်ခံလာကြ၏။

ဤကဲ့သို့လျှင် ပြည်သူတို့၏ အရေးကို မဖြေရှင်းနိုင်သည်နှင့်အမျှ ပြည်သူတို့နှင့် ဆန့်ကျင်နေခဲ့သော ပြည့်ရှင်မင်းတရား၏ နေ့ရက်ဆိုးသည် ဆိုက် ရောက်၍သာ လာခဲ့ရပေသည်ဟု ဆိုရပေမည် ဖြစ်ပါသတည်း။

(၅)

အများပြည်သူ ရှင်လူရဟန်းနှင့် အမှုထမ်းများ၊ သူရဲသူခက်များတို့ ညှိနှိုင်း၍ ရွှေဝနန်းကို တက်ရောက်သိမ်းပိုက်ကာ ပြည်သူတို့အား တရုတ် စစ်ပြေးများ အန္တရာယ်မှ ကယ်တင်ရန် ကျွန်ုပ်အား တစ်သွေးတစ်သားတည်း တောင်းဆိုလာ ကြသောအချိန်၌ ကျွန်ုပ်သည် ပြည်သူတို့နှင့် မဆန့်ကျင်ဝံ့သည့် အားလျော်စွာ ထိုသို့တောင်းဆိုလာကြသော ပြည်သူတို့၏ဆန္ဒကို စဉ်းစားခဲ့ရ ပေ၏။

ကျွန်ုပ်သည် အင်းဝနန်းကို သစ္စာခံရသော မင်းငယ်မျှသာ ဖြစ်ချေ၏။ ၎င်းအပြင် ရွှေနန်းရှင်သည်လည်း အခြားသူမဟုတ်၊ ကျွန်ုပ်၏ နောင်တော်ရင်း စစ်သာ ဖြစ်ချေသည်တကား...။

သစ္စာတော်လည်း ခံရ၍ နောင်တော်ရင်းလည်း ဖြစ်တော်မူသော ရွှေနန်း ရှင်အား အများပြည်သူ ဗိုလ်လူတို့၏ ဆန္ဒနှင့်ဆန့်ကျင်ကာ ကျွန်ုပ်သည် လျစ် လျူရှု၍နေချေပါက များမကြာမီတွင် မြန်မာနိုင်ငံတော်တစ်ဝှမ်းလုံးသည် တရုတ်စစ်ပြေးများ လွှမ်းမိုးသွားရန်သာ ရှိပေသည်။

ထိုလွှမ်းမိုးသော တရုတ်စစ်ပြေးများသည် အများပြည်သူ ရှင်၊ လူ၊ ရဟန်းတို့ကို ညှဉ်းပန်းနှိပ်စက်၍ ပြည်ကြီးသည် မသာမယာ ရှိပေလိမ့်မည်။

ကျွန်ုပ်သည် မြန်မာတစ်မျိုးသားလုံး ရင်ဆိုင်နေရသော စစ်အန္တရာယ်ကို အပြန်ပြန်အလှန်လှန် စဉ်းစားဝေဖန်ခြင်း ပြုရပေ၏။ တစ်မျိုးသားလုံး၏ ကံ ကြမ္မာသည် ကျွန်ုပ်၏ လုပ်ဆောင်မှုပေါ်တွင် မှီလျက်ရှိပေ၏။ ကျွန်ုပ်သည်
mgyoe.com

mgyoe.com


အများပြည်သူ ရှင်၊ လူ၊ ရဟန်းတို့၏ အာသီသဆန္ဒနှင့် တောင်းဆိုချက်ကို လျစ်လျူရှုနေချေက အများပြည်သူတို့နှင့်အတူ ကျွန်ုပ်ပါ ထိုကျရောက်လာသော အန္တရာယ်ကို ခံစားရမည့်အပြင် နောင် ရာဇဝင်၌လည်း ကျွန်ုပ်သည် အလွန်တရာ သူရဲဘောနည်းကြောင်း၍ ရိုင်းစိုင်းလှသော မင်းသားတစ်ယောက်အဖြစ် စွန်းကွက်ကျန်ရစ်ပေတော့မည်။

ထို့ကြောင့် အများပြည်သူနှင့် လူ၊ ရဟန်းတို့၏ ကောင်းစားချမ်းသာရေးကို ကျွန်ုပ်သည် မလုပ်ကိုင်လျှင် မဖြစ်တော့သော ကျွန်ုပ်ကျရောက်နေရသည့် ဘဝကို နားလည်၍ လာခဲ့သည်နှင့်အညီ နောက်ဆုံး၌ ကျွန်ုပ်သည် ပြည်မှ အင်းဝ သို့ ဆန်တက်ခဲ့ပြီးလျှင် နောင်တမလွန်ဘဝ၌ ဖြဟ္မာမင်းစည်းစိမ်ကို ပြည်သူတို့ ၏ ဒုက္ခနှင့် ဖလှယ်၍ အိပ်မက်နေသော နောင်တော်ရွှေနန်းရှင်အား ဖမ်းဆီးကာ နန်းမှချ၍ ရွှေဝနန်းကို သိမ်းယူခဲ့ရပေသတည်း။

(၆)

နောင်တော် ပင်းတလဲမင်းအား ထီးနန်းမှချ၍ ကျွန်ုပ် ရွှေဝနန်းကို တက်ရလျှင် တက်ရခြင်း ရှေးဦးပထမ ပြုလုပ်ရသော လုပ်ငန်းသည်ကား မြန်မာနိုင်ငံ အရပ်ရပ်၌ ကျူးကျော်ဝင်ရောက်၍ သောင်းကျန်းဆိုးသွမ်းနေသော ရုံလိုဥတည်ဘွား၏ တရုတ်စစ်ပြေးများကို အများပြည်သူတို့၏ ထောက်ပံ့ကူညီချက်ဖြင့် သုတ်သင်ရှင်းလင်းရခြင်းသာ ဖြစ်ပေသည်။

ထိုကဲ့သို့ ပြည်သူတို့၏ အန္တရာယ်ကို ရှင်းလင်းသုတ်သင်ရာ၌ ရှင်၊ လူ၊ ရဟန်းတို့၏ ထောက်ခံအားပေး ကူညီမှုကို အားတက်ဖွယ်ရာ ရရှိခဲ့သောကြောင့် များမကြာမီ ကာလအတွင်း၌မှာပင် တရုတ်စစ်ပြေးများ၏ အန္တရာယ်ကို သုတ်သင်ရှင်းလင်း၍ အောင်မြင်ခဲ့ပေ၏။ ဤကဲ့သို့ တရုတ်စစ်ပြေးများ၏ အန္တရာယ်ကို ရှင်းလင်းပြီးချိန်၌မှာပင် မန်ချူးဧကရာဇ်သည် ကျွန်ုပ်ထံသို့ သံတမန်စေလွှတ်ကာ ဥတည်ဘွားရုံလိုအား ၎င်းထံပေးပို့ပါရန် မေတ္တာရပ်ခံလာပေသည်။

ကျွန်ုပ်၏ နိုင်ငံတော်၌ ဝင်ရောက်နှောင့်ယှက် သောင်းကျန်း၍ ကြီးစွာသော ဒုက္ခကို ပေးခဲ့သည့် ထိုဥတည်ဘွားရုံလိုအား ကျွန်ုပ်သည် ကာကွယ်ထိန်းသိမ်းထားရန် အထောက်အထားတော့ကား မရှိတော့ပေ။

၎င်းအပြင် ဘိုးတော်ညောင်ရမ်းမင်းတရား လက်ထက်တော်အခါက ဗန်းမော်စော်ဘွားသည် ပုန်ကန်၍ တရုတ်မင်းထံသို့ ခိုဝင်ခဲ့စဉ်ကလည်း တရုတ်

mgyoe.com

mgyoe.com

မင်းတို့သည် ထုတ်ပေးခဲ့ဘူးသည်ကို ထောက်၍ ရုံလီ ဥတည်ဘွားနှင့်တကွ ၎င်း၏ သားမြေးများအားလုံးကို ကျွန်ုပ်သည် မန်ချူးကေရာဇ်ထံသို့ ပို့ပေးလိုက်ခဲ့ပေသည်။ ၎င်းအလိုရှိသော ရုံလီ ဥတည်ဘွားနှင့် သားမြေးများကိုရလျှင် မန်ချူး ကေရာဇ်သည် ပီကင်းသို့ အေးချမ်းစွာ ပြန်၍ဆုတ်ခွာသွားပေ၏။

ထိုကဲ့သို့ မြန်မာနိုင်ငံအား ကျူးကျော်ဝင်ရောက်၍ နှောင့်ယှက်ဖျက်ဆီးခဲ့သော တရုတ်စစ်ပြေးများ၏ အန္တရာယ်ကို ရှင်းလင်းနိုင်ခဲ့သဖြင့် အင်းဝရွှေနန်းသည် စစ်ဘေးဒုက္ခကို ရှောင်လွှဲနိုင်ခဲ့သည်သာမက ငြိမ်းချမ်းရေးနှင့် တရားမျှတရေးကို ရရှိခဲ့စားလာခဲ့ကြပြီဖြစ်သော မြန်မာနိုင်ငံတော်အဝှမ်း၌ လုပ်ကိုင်စားသောက်ကာ မှီတင်းနေထိုင်ကြသော ပြည်သူ၊ ရှင်၊ လူ၊ ရဟန်းတို့သည်လည်း ဝမ်းသာအားရ သာဓုခေါ်ကြကာ နိုင်ငံတော်အား ကြက်ပျံမကျ စည်ကားသာယာအောင် အားကြိုးမာန်တက် တည်ဆောက်ခဲ့ကြပေ၏။

ပြည်သူတို့အား ဆန့်ကျင်ခဲ့သော နောင်တော် ပင်းတလဲမင်းကိုမူကား ၎င်း၏ မိဖုရား၊ သားမြေးများနှင့်အတူ ပြည်သူတို့သည် သလ္လာဝတီ ချင်းတွင်းမြစ်ရေတွင် ဖျက်ဆီးလိုက်ခဲ့ကြပေသတည်း။

ဂန္ထဝင်မဂ္ဂဇင်း၊

မေလ၊ ၁၉၅၃ ခုနှစ်။

❑

mgyoe.com

mgyoe.com

# လွတ်နေသောပါမောက္ခ

(၁)

လူ့တစ်လောကလုံး ဖြစ်ချင်ရာတွေ ဖြစ်ကာ မိုးကောင်းကင်သည် လဲပြို ကျ၍ ဤကမ္ဘာမြေကြီးသည်ပင် အိုးထိန်းစက်လို ချာချာလည်နေပါစေ... အဆိုး ဆုံးဆိုသော အမှန်တရားသည်ပင် ထင်ရှားရှိလာ၍ နေ၊ လ၊ နက္ခတ်တာရာများ နှင့်တကွ စကြဝဠာကြီး တစ်ခုလုံးသည်ပင် ချုပ်ငြိမ်းကာ ဆိတ်သုဉ်းသွားပါစေ တော့ သူက ဂရုစိုက်လိမ့်မည် မဟုတ်။ ဝမ်းနည်းလိမ့်မည် မဟုတ်။ သို့သော် သူက ဝမ်းသာလိမ့်မည်လည်း မဟုတ်ပါ။

ဖြစ်ချင်ရာတွေ ဖြစ်နေသော ဝေဘာကကြီးထဲမှာ သူက ဤလောကသည် သူနှင့် မည်သို့မျှ မသက်ဆိုင်တော့သကဲ့သို့ ကြောင့်ကြပူပင်ခြင်း ကင်းသော အမြင်ဖြင့် ကာလနဂါးနှင့် ယှဉ်ပြိုင်အိပ်စက်နေတတ်ပါ၏။ မိုးပြိုသော ကာလ၌ သူသည် ညည်းတွားရေရွတ်ကာ ကံတရားကို ကျိန်ဆဲလိမ့်မည် ဖြစ်၍ မြေကြီး သည် ချာချာလည်နေသောအချိန်၌ သူသည်လည်း လိုက်၍ ချာချာလည်နေမည် သာ ထင်ရ၏။

သူသည် ဝမ်းနည်းခြင်းကို မသိ။ သို့သော် ဝမ်းသာခြင်းကိုလည်း နား မလည်။ သူ့အဘိဓာန်၌ ငိုခြင်း၊ ရယ်ခြင်းသည် မရှိ။

အသက်ရှင်နေခြင်းကိုလည်း သူက ပမာဏမထား။ သေခြင်းကိုလည်း သူက များစွာအရေးထားသည် မဟုတ်။ အသက်ရှင်ရခြင်းနှင့် သေရခြင်းသည် သူ့အဖို့ ခြားနားခြင်း ရှိပုံမရ။ သေခြင်းနှင့် ရှင်ခြင်းမှာ သဟဇာတသဘောတရား မျှသာ ဖြစ်သည်ဟု သူက ပြောလေ့ရှိသည်။ အသက်ရှင်ရခြင်းမှာ သေခဲ့ရခြင်း ကြောင့်သာ ဖြစ်၍ သေရဦးမည်မှာလည်း အသက်ရှင်နေခဲ့ရသောကြောင့်ဟု သူက ဆို၏။ သူ၏ဘဝကို ဆင်ခြင်မြော်ခေါ်သော သဘာဝတ္တအမြင်မှာ

mgyoe.com

mgyoe.com

ကြက်မ နှင့် ကြက်ဥ ဘယ်ဟာက စဖြစ်သနည်းဟူသော ရှာပုံတော်ပင် ဖြစ်ပေသည်။

အစ ရှာမရသည့်အတွက် အဆုံးသည်လည်း ကြံဆ၍ မဖြစ်နိုင်ဟု သူက ဆွေးမြည့်၍ သုံးချမရတော့သော ခေါမတက္ကဗေဒမှ ဆင်ခြင်ပုံနိသျှည်းကို အားထား၍ ပြောတတ်ပေသည်။ သည်လို အစကိုသာ ရှာမရ၍ အဆုံးကို မကြံဆနိုင်ဟုသာ ပြောလေ့ပြောထ ရှိသော်လည်း တစ်ခါတစ်ခါ သူသည် အဆုံးကို စိတ်ကူးယဉ်တတ်ကာ ထိုစိတ်ကူးယဉ်ထဲမှာပင် သူက ဘိန်းမှိန်းသလို မှိန်းပြီး သစ္စာတရားတွေကို ကြံဆနေသေး၏။ ထာဝရ တည်တံ့ငြိမ်းချမ်းသော အဆုံးကို အိပ်မက် မက်နေတတ်၏။

သို့သော် ပစ္စုပ္ပန်ကို သူက ငြင်း၏။ မရှိဟု ဆို၏။ လက်လည်း မခံ၊ သူသည် သူ၏ဘဝအား ငြင်းပယ်နေခြင်းကိုပင် သတိမထား။ သူသည် အတိတ်မှလာ၍အနာဂတ်သို့သာ ဝဋ်ဆင်းရဲလို ဆင်းရဲကြီးစွာ တိုးဝင်သွားနေရသည်ဟု ဆိုပါ၏။ ပစ္စုပ္ပန်သည် မရှိ၊ အတိတ်နှင့် အနာဂတ်သည် သဟဇာတသဘော အဖြစ် ရှိခြင်းကို ဘာကြောင့် ပစ္စုပ္ပန်ခေါ်နေကြပါသလဲဟု သူက မေးတတ်၏။ မြေကြီးနှင့် မြေကြီးပေါ်မှာ အသက်ရှင်နေရသော သူ့ဘဝကိုပင် မေ့လျော့ငြင်းပယ်ထားသော လူတစ်ယောက်။

သူသည် သူ့ဘဝကို မေ့သဖြင့် မြေကြီးကိုပါ မေ့၏။ တစ်ခါတရံ သူ့နာမည်ကို မေ့နေတတ်ကာ သူသည်လည်း လူတစ်ယောက် ဆိုသည်ကို မေ့လိုက်သေးတော့၏။ ငယ်ပေါင်းကြီးဖော်များ နာမည်ကိုလည်း မကြာခဏ အမှားမှား အယွင်းယွင်းခေါ်သည့် အသက်နှစ်ဆယ်အရွယ် မိန်းမပျိုကလေးအား အဒေါ် ခေါ်လိုခေါ်၊ အစ်မကြီး ခေါ်လိုလည်း ခေါ်တတ်ပါ၏။

တစ်ဖက်သားအား နစ်နာ၍ အကျိုးယုတ်သွားစေလိုသော စေတနာကား သူ့မှာ အလျဉ်းမရှိ၊ လှောင်ပြောင်ပြက်ချော်သော သဘောသည်လည်း မရှိ။ သူ့စိတ်ထဲတွင် ဖြစ်လာသမျှကို ရိုးသားစွာ ဖွင့်ဟပြောလိုက်ခြင်းသာ ဖြစ်ပါ၏။

(၂)

လူဖြစ်သဖြင့် လူ့သဘာဝတော့ သူ့မှာ ရှိတန်သရွေ့ ရှိပေမည်။ ပျက်စီးသွားသော လူ့သဘာဝများလည်း ရှိပေသည်။ သူက အဘယ်မျှပင် လူ့ဘဝနှင့် မြေကြီးပြင်ပေါ်မှမှ လွတ်မြောက်အောင် ထွက်ပြေးသွားနေသည်ပင် ဖြစ်စေ သူ သည် ရှောင်ကွင်းပြေးလတ်နိုင်မည်ကား မဟုတ်။

mgyoe.com

mgyoe.com


သွေးသား၊ အသိနှင့် လူသည် အသိနှင့် သွေးသားကို ငြင်းပယ်၍ ရမည်ကား မဟုတ်ပေ။ အသိက သူ့ကို ပဲ့ကိုင်၏။ သွေးသားက သူ့ကို ဆူပူတောင်းဆို၏။ ထိုအခါ အိပ်ရာမှ ထကာ သူ့မိတ်ဆွေများရှိရာသို့ နေပူပူ၊ မိုးရွာရွာ လိုက်ရှာတတ်၏။ ထီးနှင့် ဦးထုပ်မပါ။ ဖိနပ်လည်း ရှိသောအခါမှ စီး၏။ သို့ရာတွင် သူ့လက်ထဲ၌ သူ အင်မတန်မြတ်နိုးသော သူ့ပစ္စည်းတစ်ခုသည် ပါ၏။ ထိုပစ္စည်းကို သူသည် ဘယ်တော့မျှ သူ့ကိုယ်မှ မခွာ။ သူသည် အခြားဘာကိုမျှ မတပ်မက်၊ ဤပစ္စည်းကိုသာ အသက်နှင့် ထပ်တူထပ်မျှ တပ်မက်မြတ်နိုးပုံရပေသည်။ အိပ်သောအခါ၌ ထိုပစ္စည်းကို ခေါင်းအုံး၍ အိပ်လေသည်။

ထိုပစ္စည်းမှာ စာအုပ်ကြီးတစ်အုပ်ဖြစ်၍ ထိုစာအုပ်မှာ သဘာဝဗေဒအမြင်ဖြစ်သည်။ ထိုစာအုပ်ကို သူ တက္ကသိုလ်ကျောင်း၌ သဘာဝဗေဒအမြင် ဂုဏ်ထူးယူခဲ့စဉ်က စတင် သင်ကြားရကာ ဖတ်ရှုခဲ့ရသည်။ ထိုစာအုပ်သည် သူ့ဘဝကို ဖန်တီးလိုက်ပေသည်။ ထိုစာကို သင်ရိုးကုန်သောအခါ သူသည် ကျောင်းပရဂုဏ် အပြင်ဘက်သို့ ထွက်ပြေးလာသည်။ သူ့ကို သင်ကြားပေးသော ခပ်ကြောင်ကြောင် ပါမောက္ခအိုကြီးများက သူတို့လို ကြောင်၍ ထွက်သွားသော သူ့ကို ချီးမွမ်း၏။ ထောပနာ ပြုကြသည်။ သူတို့လောက်ကြောင်လျှင် သူ့ကို ဘွဲ့နှင်း သဘင်ဆောင်လယ်မှာ တစ်ခါတည်း "ပါရဂူ"ဘွဲ့ကို ပေးလိုက်ကြဖို့ ဖြစ်သည်။ သို့ရာတွင် သူတို့ကဲ့သို့ မကြောင်သဖြင့် သူသည် ဒေါက်တာဘွဲ့ထူးကို မရခဲ့။

ထိုစာအုပ်ကြီးကို လက်မှမချဘဲ သူသည် သွားချင်ရာသွား၊ အိပ်ချင်ရာအိပ်၊ စားချင်ရာစားနေခဲ့သည်။ သို့ရာတွင် သူသည် လူ့ဝတ္တရား၊ လူ့အလုပ်ဘာတစ်ခုမျှ မလုပ်။ သူ့စကားကို နားထောင်မည့်သူများရှိလျှင် သူသည် ဒေါနှင့်မောနှင့် ပြောစရာစကား ရှိသမျှကို ပြောတတ်သည်။

ဒစ်(စ်)ကားတီး၊ စပင်စာ၊ စပင်နိုဇာရှိုပင်ဟော၊ ကန့် စသော ဆရာကြီးများ၏ အယူအဆနှင့် တွေးခေါ်ပုံ၊ မြော်မြင်ပုံများကို သူက ပြောလိမ့်မည်။ နောင်တမလွန်ဘဝနှင့် လွန်လေပြီးသော အတိတ်ဘဝများကို သူက မလျော့တမ်း ပြောလိမ့်မည်။ သို့ရာတွင် ပစ္စုပ္ပန်ဘဝ၏ အသက်ရှင်နေရခြင်းနှင့် ငြိမ်းချမ်း သာကြည်စွာ အသက်ရှင်နိုင်ရေးကို သူက မသိ။ မသိသဖြင့် မပြော။

သူသည် ခပ်ကြောင်ကြောင် ပါမောက္ခကြီးများ၏ တပည့်ဖြစ်ရကား ဘယ်လိုနည်းနှင့် ကောင်းနိုင်ပါဦးမည်နည်း။ အားတိုင်းယားတိုင်း လူ့ဘဝနှင့် အကျိုးမဝင်၊ မစပ်ဆိုင်သော အတိတ်ကာလမှ ဘဝများနှင့် အနာဂတ်ကာလ

mgyoe.com

mgyoe.com

ဘဝများကို လျှောက်စဉ်းစားကာ ဆင်ခြင်နေကြ၏။ မြေကြီးပြင်ပေါ်မှာ သာယာ ဝပြော၍ ငြိမ်းချမ်းစည်ပင်သော လူ့လောက တည်ဆောက်ရေးထက် သေလွန် သွားပြီးနောက်၌ ထာဝစဉ်ငြိမ်းချမ်းရေးကို အပျင်းပြေ စိတ်ကူးယဉ်ကြည့်နေ သည်။

လူတို့ အသိဉာဏ်ဖြင့် မသိနိုင်သော အကြောင်းတရားက သူတို့မသိနိုင် သော အကြောင်းတရားက သူတို့မသိနိုင်သော အနာဂတ်ကာလ၌ အကျိုးတရား ကို ဖြစ်ထွန်းစေလိမ့်မည်ဟု ပြောဟောယုံကြည်ကြသော်လည်း လူတို့သိသော ပစ္စုပ္ပန်၌ လူတို့အလိုရှိသော အကျိုးတရားအတွက် အကြောင်းတရားကိုတော့ အဘယ့်ကြောင့် မဆင်ခြင်၊ မစဉ်းစား၍ မကြံမဆ ရှာဖွေကြပါသလဲ။

သေွးသားက ဆုပူတောင်းဆိုလာသောအခါ သူက ဘာလုပ်ရမည်ကို သိ၏။ ဘဝက ပေးအပ်သောအသိကို ငြင်းပယ်၍ မရ။

စာအုပ်ကြီးကိုပိုက်၍ သူ၏ သူငယ်ချင်းများကို လိုက်ရှာ၏။ သူ့ဆံပင် နှင့် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများသည် ရှည်လျားနေ၏။ အင်္ကျီနှင့် လုံချည် တို့သည် အဆင်းအရောင်ပင် မရှိကြ။

သူကတော့ ဘာကိုမှ ဂရုမစိုက်။

သူ မသိသော ပစ္စုပ္ပန်၌ အသက်ရှင်နိုင်အံ့ အလို့ငှာ သူသည် လူ့လောက တစ်ခုလုံးမှာ သူသာ တစ်ယောက်တည်းသောလူလို လျှောက်သွားနေပါ၏။

(၃)

မိုးက တဖွဲဖွဲ ရွာနေသောအောက်မှာ ထီးမပါ၊ ဦးထုပ်မပါ၊ သူက လျှောက်သွားနေသည်။ သူသည် မွတ်သိပ်ဆာလောင်နေခြင်းကို ပြေငြိမ်းစေ ခြင်းအလို့ငှာ အသက်ရှင်နိုင်ခြင်းကို ရှာနေပေသည်။

တဖွဲဖွဲ ရွာနေသော မိုးသည် သဲသဲမဲမဲ ရွာချလိုက်သောအခါ သူသည် မလှမ်းမကမ်းမှာ သစ်ပင်ရိပ်အောက်သို့ ပြေးဝင်ကာ မိုးခိုလိုက်ရင်း မိုးကို ကျိန်ဆဲနေ၏။

သူ့တစ်ကိုယ်လုံးကား ရွှဲရွှဲစို၍ သူသည်လည်း ချမ်းနေပါ၏။ သစ်ပင်ရိပ် အောက်မှာ မိုးခိုရင်း တစ်ချက်တစ်ချက် လမ်းမကြီးအတိုင်း ပြေးလွှားဖြတ်သန်း သွားသော ကားကြီး ကားငယ်တို့ကို လှမ်း၍ ကြည့်နေသည်။

ကားကြီး ကားငယ်တို့ပေါ်မှ လူများက သစ်ပင်ရိပ်မှာ မိုးခိုနေသော သူ့ကို ဂရုမစိုက်ဘဲ သူတို့လမ်း သူတို့ သွားနေကြသကဲ့သို့ သူကလည်း ထိုသူ

mgyoe.com

များကို များစွာတော့ ဂရုမစိုက်။
မကြာမီ အလံထိုးထားသော ကားကလေးတစ်စီးသည် မိုးဖွဲဖွဲအောက်မှာ တငြိမ့်ငြိမ့် ပြေးလာသည်။
ထိုကားထဲမှလူကို သူက မှတ်မိသည်။ သူနှင့် တက္ကသိုလ်ကျောင်းမှာ တုန်းက အင်မတန် ရင်းနှီးသော သူငယ်ချင်းဖြစ်သည်။ ထိုကားထဲက သူငယ် ချင်းသည် မကြာမီက ဝန်ကြီးဖြစ်သွား၏။ ထို့ကြောင့် သူ့ကားမှာ အလံထိုး လာသည်ပင် ဖြစ်ပေသည်။
ကားကလေးသည် တငြိမ့်ငြိမ့် လိမ့်လာရာမှ သူ့ရှေ့သို့ ရောက်လာ သည်။
"ဟေး … ဖားကြီး" သူက ကျောင်းတုန်းက ခေါ်သလို သူ့သူငယ်ချင်း ဟောင်း ခေတ်သစ်ဝန်ကြီးကို လှမ်း၍ ခေါ်လိုက်သည်။
ကားဘေးပြတင်းမှ စစ်ဝတ်စစ်စားဝတ်ကာ ကာဘိုင်သေနတ်ကို ထုတ် ၍ ခေါင်းပြူလာသော လူတစ်ယောက်ကို တွေ့လိုက်ရသဖြင့် နားရွက်ပင် မခတ် ဘဲ ပု၍ ကုပ်နေလိုက်ရ၏။
သို့နှင့် ကားကလေးသည် ကျော်လွန်၍ သွားသည်။
"ခွေးမသား … အလကားကောင်တွေ၊ ခုမှ ဝန်ကြီးဖြစ်လို့ ဖင်ခေါင်း ကျယ်နေလိုက်ကြတာ။ ကျောင်းတုန်းက ဘိုင်ကျတိုင်း ငါက မြို့ထဲခေါ်သွားပြီး ရုပ်ရှင်ပြခဲ့ရတာတွေကို မေ့သွားပြီ၊ တောက်…"
သူက ဒေါနှင့်မောနှင့် ကြိမ်းမောင်းနေလိုက်သည်။ သူက လှမ်း၍နှုတ် ဆက်ပါလျက် သူ့ကို အဖက်ပင်မလုပ်သွားသော သူငယ်ချင်းဟောင်းကို ဆက် လက် ကျိန်ဆဲနေသည်။
သို့ရာတွင် သူကတော့ တော်တော်ဆာလှနေပေပြီ။ ဆာပေမယ့် စားစရာ ကို ဝယ်စရာ ပိုက်ဆံကမရှိ။ ပိုက်ဆံမရှိရသည်မှာ သူ အလုပ် မလုပ်၍ဖြစ်သည် ကို သူက မသိချင်ယောင်ပြုကာ သူငယ်ချင်းတကာဆီ လျှောက်၍တောင်း သည်။
မိုးက ရွာနေသည်။
ဘယ်သူငယ်ချင်းနှင့် ဒကာမှလည်း မတွေ့။ တွေ့သော သူငယ်ချင်းက ကာဘိုင်သေနတ်ကို ပြသွား၏။
မိုးကိုသာ သူက ကျိန်ဆဲနေပြန်သည်။ သည့်အပြင် ဘာမှလည်း မတတ် နိုင်။
mgyoe.com

mgyoe.com


သစ်ပင်ကိုမှီရင်း ဝမ်းထဲက ဆာသဖြင့် မှိန်းနေလိုက်၏။ အဘယ်မျှ ကြာသွားသည်ကို သတိထားမိပုံလည်း မရ။ သတိပြန်ရ၍ မျက်လုံးဖွင့်လိုက်သောအခါ မိုးသက်သည်သာ ဟဖွဲ့ဖွဲ့ ကျနေတော့၏။

မိုးသက်တဖွဲဖွဲ အောက်မှာ သူ့လို ထီးနှင့် ဦးထုပ်မပါသော ပိန်ပိန်ပါးပါး လူတစ်ယောက်သည် တနဲ့နဲ့နှင့် တဖြည်းဖြည်း လျှောက်သွားနေသည်ကို လူရှင်းလှသော လမ်းမကြီးပေါ်မှာ မြင်ရသည်။

ထိုသူသည်လည်း သူ့ပတ်ဝန်းကျင်လောကကို မကြည့်ချင်သလို ခေါင်းကိုငုံ့ကာ တဖြည်းဖြည်းပင် လျှောက်လာနေပါ၏။ တစ်စုံတစ်ရာကိုပင် နက်နက်နဲနဲ ထိုသူက တွေးတောစဉ်းစား၍ လျှောက်လာနေပါသလား။

တဖြည်းဖြည်း သစ်ပင်ရှေ့သို့ ရောက်လာသည်။

ထိုသူမှာ ကြာမြင့်စွာ နာမကျန်း၍ ဆေးဝါးလည်း မစားခဲ့သော လူတစ်ယောက်လို ပိန်လှီသည်။ ဆံပင်များသည် ကြည့်မကောင်းအောင်ပင် ရှည်လျားလှကာ အင်္ကျီအဝတ်အစားတို့မှာ မွဲခြောက်ရိပြဲ၍ နေလေသည်။ သို့ရာတွင် ထိုသူ၏ ကျယ်ပြန့်သော နဖူးနှင့် စူးရှလျက်ရှိသော မျက်လုံးတို့သည် သူ၏ ထူးခြားသော အချက်အလက်များပင် ဖြစ်လေသည်။

ထိုသူသည် လမ်းဘေးမှ ဖဲ့ဆင်းကာ သစ်ပင်ရိပ်သို့ ဝင်လာသည်ကို ထမင်းဆာနေသော လူက အငေးသား ကြည့်နေရာမှ ရုတ်တရက် သတိရ၊ အမှတ်ရသလို ...

"ဟေ့ ကျော်စိုး" ဟု ဝမ်းသာအားရ ခေါ်လိုက်သည်။

"ဟေ့ မင်း ... အုံးကျော် မဟုတ်လား" ကျော်စိုး အခေါ်ခံရသူက ဗာည်ငြိမ်စွာပဲ ပြန်မေးသည်။

"အေး... မင်း ဘယ်က ဘာဖြစ်လာတာလဲ"

"ငါ့ကို ထားပါဦးကွာ၊ မင်းကကော"

"အရင်ကလိုပေါ့ကွာ၊ ဩော်... ဒါထက် မင်းမှာ ငွေ ငါးကျပ်၊ တစ်ဆယ်များပါရင် ငါ့ကို ပေးခဲ့စမ်းပါဦး၊ ထမင်းမစားရတာ နှစ်ရက်ရှိသွားပြီကွာ"

"ငါ အခုပဲ ထောင်ကလွတ်လာတယ် သူငယ်ချင်းရဲ့"

"ဟေ ဟုတ်လား၊ အေးကွာ ငွေတစ်ဆယ် မရရင်လည်း ငါးကျပ်လောက်တော့ ပေးခဲ့စမ်းပါဦး"

"ငါ့ကို ကွန်မြူနစ်ဆိုပြီး ဖမ်းထားတာ ကြာပါပြီကောကွာ၊ ထောင်ထဲမှာလည်း တော်တော်အိုသွားကွ၊ အခုတော့ ငါက ကွန်မြူနစ်ဖြစ်ပေမယ့် ဘယ်ပါ

mgyoe.com

mgyoe.com

တီဝင်မှလည်း မဟုတ်၊ ဘယ်သူနဲ့မှလည်း အဆက်အသွယ်မလုပ်တဲ့ ကွန်မြူနစ်မှန်းသိလို့ ဒီမိုကရေစီ အခွင့်အရေးအရ လွှတ်လိုက်တာ ထင်ပါရဲ့ကွာ၊ ဒါထက် မင်းမှာ မီးခြစ်ပါသေးလား၊ ဆေးလိပ်သောက်ချင်လို့ကွ"

"မင်းတို့ ကွန်မြူနစ် ဝါဒသမားတွေဟာ သက်သက် ကိုယ့်ဒုက္ခ ကိုယ်ရှာနေကြတဲ့ အကောင်တွေပါပဲကွာ၊ ဖြစ်ချင်သလို ဖြစ်နေတဲ့ လောကကြီးထဲမှာ မင်းတို့ ဖြစ်ချင်တာကို လုပ်ရဦးမယ်များ ထင်နေသေးသလား ကျော်စိုးရာ၊ မင်းကွန်မြူနစ်ဝါဒ ဘေးဖယ်ပြီး ငါးကျပ်လောက်မှ မပါရင်လည်း သုံးကျပ်လောက်တော့ ပေးပါကွာ"

"တစ်ကျပ်ပဲ ပါတယ်ကွ၊ ထောင်က ထွက်ထွက်ခြင်း ငါ့မှာ ဒါပဲရှိတယ်၊ မနက်စာလည်း မစားရသေးဘူး သူငယ်ချင်း"

ကျော်စိုးက တစ်ကျပ်တန်စက္ကူကို ထုတ်ပြ၍ ပြောနေခိုက် အုန်းကျော်က ဆတ်ခနဲ လှမ်း၍ယူလိုက်သည်။

"မင်းက မနက်စာ မစားရသေးတာ၊ ငါက နှစ်ရက်ရှိပြီကွ၊ ကိုင်း ငါသွားမယ် သူငယ်ချင်း၊ မင်းလည်း အလုပ်ပိုတွေအတွက် လူမိုက်လုပ်မနေပါနဲ့ကွာ"

အုံးကျော်က ငွေတစ်ကျပ်ကိုယူကာ နောက်သို့ပင် လှည့်မကြည့်တော့ဘဲ ထွက်သွားသည်။

မိုးသက်တဖွဲဖွဲအောက်မှာ ငွေတစ်ကျပ်ယူ၍ ထွက်သွားသော သူ၏ ကျောင်းနေဘက် သူငယ်ချင်း အုံးကျော်ကို သစ်ပင်ရိပ်မှ ကျော်စိုးက မတုန်မလှုပ် ကြည့်နေရင်း စကားကလေး လေးငါးခွန်းလုံးကို ရေရွတ်မြည်တမ်းလိုက်ရှာသည်။

"လွတ်နေသော လူတစ်ယောက်"

❑

mgyoe.com

mgyoe.com

# မိခင်

စိတ်နှလုံးညှိုးငယ်ကာ မသာမယာဖြစ်နေရသော အခါများတိုင်းလိုလို ကျွန်တော်သည် မိခင် တစ်ယောက်၏ ခြောက်လှန့်ခြင်းကို ခံနေရတတ်ပါ၏။ ခြောက်လှန့်ခြင်းပြုရုံမျှသာ မဟုတ်သေး၊ တစ်ခါတစ်ရံ ထိုမိန်းကလေးသည် ကျွန်တော့်ကို လှောင်ပြောင်ခြင်းလည်း ပြုတတ်ပါသေး၏။ လှောင်ပြောင်ခြင်းကို ခံရ၍ ကျွန်တော် ရှက်ကိုးရှက်ကန်း ဖြစ်နေတတ်သော အခါများတိုင်း ထိုမိန်းကလေးတစ်ယောက်သည် သူ၏အမှု၌ အားရကျေနပ်ခြင်း ရှိလှသကဲ့သို့ အသံကလေးများထွက်လာအောင် ခွက်ထိုးခွက်လန် ရယ်မောခြင်းများ ပြုနေတတ်ပါ၏။

မိခင်တစ်ယောက်ကို ကျွန်တော်သည် စိတ်ဆိုးရမည်လော၊ သို့မဟုတ် မိမိကိုယ်ကိုပင် စိတ်ဆိုးခြင်း ပြုရမည်လော။

ထို လော နှစ်လောသည် မိခင်နှင့်တော့ သက်ဆိုင်လိမ့်မည်မဟုတ်ချေ။ ကျွန်တော်၏ ပြဿနာမျှသာ ဖြစ်ပါ၏။ ကျွန်တော့်ဘဝ၏ သော့ချက်လည်း ဖြစ်ပါ၏။

မိခင်သည် ကျွန်တော့်ကို ခြောက်လှန့်ခြင်းပြုရလိမ့်မည်ဖြစ်၏။ လှောင်ပြောင်တန်သောအခါ လှောင်ပြောင်လျက် ခွက်ထိုးခွက်လန် ရယ်မောသောအခါ ရယ်မောနေလိမ့်မည်သာ ဖြစ်၏။ ထိုအလုပ်များသည် ထိုမိန်းကလေးတစ်ယောက်၏ အလုပ်ဖြစ်၏။ လုပ်ရမည့်အလုပ်လည်း ဖြစ်သည်ထင်၏။

မိခင်၏ လှောင်ပြောင်ခြင်းကို ကျွန်တော်သည် စိတ်လုပ်၍မဖြစ်ချေ။ သူ၏ ခြောက်လှန့်ခြင်းကို ကျွန်တော် သည်းခံရမည်ဖြစ်ပါ၏။ ရယ်မောခြင်းကိုလည်း ခံရမည်သာ ဖြစ်ပါ၏။

မိခင်သည် ကျွန်တော့်ကို ခြောက်လှန့်ရလိမ့်မည်၊ ကျွန်တော့်ကို လှောင်

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


ပြောင်ရလိမ့်မည်။ ကျွန်တော့်ကို ရယ်မောလိမ့်မည်။ ထိုအလုပ်များသည် ထိုမိန်းကလေးတစ်ယောက်၏ အလုပ်ဖြစ်စေသည်။ မိခင်သည် သူ၏အလုပ်များကို လုပ်ရလိမ့်မည်။ နေ့ရက်များ ကုန်ဆုံးသောအခါမှ ထိုအလုပ်များလည်း ရပ်ဆိုင်းသွားကြပေလိမ့်မည်။ သို့ရာတွင် ထိုနေ့ရက်များသည် ဘယ်သောအခါမှ ကုန်ဆုံးလိမ့်မည်နည်း။ ဘယ်လောက်ဝေးဝေးကျန်သေးသနည်း၊ ကျွန်တော်သည် မသိချေ။

လောကတွင် မိမိ၏နေ့ရက်ကို မသိရခြင်းသည် ကောင်း၏ဟု သုခမိန်များက မိန့်မြွက်သည်။ ထိုသုခမိန်တို့၏စကားကို ကျွန်တော်သည် သံသယဖြစ်မိပါ၏။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်သည် မိမိ၏နေ့ရက်ကို သိချင်၍ ဖြစ်ပါ၏။ ထိုနေ့ရက်ရောက်သောအခါ မိခင်၏ ခြောက်လှန့်ခြင်း၊ လှောင်ပြောင်ခြင်းနှင့် ရယ်မောခြင်းများမှ ကျွန်တော်သည် အပြီးအပိုင်လွတ်မြောက်လိမ့်မည် ဖြစ်သောကြောင့် ဖြစ်ပါ၏။

သို့ရာတွင် ထိုနေ့ရက်ကို ကျွန်တော်မသိချေ။ နတ်ဘုရားတို့က ထိုနေ့ရက်ကို ဝှက်၍ထားကြလေသည်တကား။ အဘယ့်အတွက်နည်း။

ထိုနေ့ရက်များ ပြန်လှန်ရောက်လာပါစေတော့ဟု ကျွန်တော်သည် မမြင်ရသော နတ်ဘုရားများထံ၌ မကြာခဏ တောင်းဆိုဖူးပါ၏။ သို့ရာတွင် ထိုဣန္ဒြိပါတ်တန်ခိုးရှင်များ၌ နား မပါရှိကြလေရော့သလား။ သူတို့သည် ကျွန်တော့်ကို မကြားကြ၊ မသိကြ၊ လျစ်လျူရှုထားကြပါ၏။

မိခင်၏ ခြောက်လှန့်လှောင်ပြောင်ခြင်းနှင့် ရယ်မောခြင်းများကို ခံရပြီးသောအခါတိုင်း ကျွန်တော်၏ တစ်ကိုယ်လုံးသည် ချွေးသီးချွေးပေါက်များ ပြန်နေတတ်ပါ၏။ ထိုအခါကာလများ၌ ကျွန်တော်သည် မိမိကိုယ်ကို ကျိန်ဆဲခြင်းပြုနေတတ်ပါ၏။ ဤလောက၌ မိမိကိုယ်ကို ကျိန်ဆဲခြင်းပြုရသူလောက် မိုက်မဲဆိုးဝါးလှသူ အဘယ်မှာရှိသေးသနည်း။ ထိုသူသည် ကျွန်တော်ဖြစ်ပါ၏။

တစ်ခါတစ်ရံ ထိုမိန်းကလေးသည် အလုံပိတ်ထားသော ကျွန်တော်၏ အခန်းအတွင်းသို့ပင် ဝင်ရောက်ခြင်းပြုတတ်ပါ၏။ မိခင်သည် ခေါင်းရင်း မှန်ပြတင်းပေါ်မှ ယိုစီး၍ဝင်နေသော လရောင်ကို စီးနင်းကာ ကျွန်တော့်အိပ်ရာထက်သို့ ဝင်ရောက်နိုင်စွမ်းပါ၏။ အင်းလျားကန်စောင်းတွင် မိမိဘာသာတစ်ယောက်တည်း စိတ်ပျက်လက်ပျက် ထိုင်နေတတ်သည့်အခါများ၌ ထိုမိန်းကလေးသည် ရေပြင်တွင် ဖှေ့ယမ်းတိုက်ခိုက်နေသော လေနှင့်အတူ ပါလာတတ်ပါ၏။

mgyoe.com

mgyoe.com


မိမိရင်ဆိုင်ရသောအမှုကို ရင်ဆိုင်ခြင်းပြုရန်အတွက် အားခွန်များရှိသောအခါ၌ ကျွန်တော်သည် ပယင်းရောင်ပုလင်းကိုဖွင့်ကာ ထွက်ပြေးခြင်းပြုရန်အမှုအတွက် ကြိုးပမ်းအားထုတ်ရပါ၏။ ထိုအခါများ၌လည်း မိခင်တစ်ယောက်သည် ကျွန်တော်၏နောက်သို့ လိုက်လာတတ်၏။ ထိုမိန်းကလေးသည် အရက်ပုလင်းထဲက ခုန်ထွက်လာပြီးနောက် စားပွဲပေါ်တွင် ခါးထောက်ကာ မခိုးမခန့်ရပ်နေတတ်ပါ၏။

"ကိုလတ်... ပြေးလို့လွတ်မယ်များ ထင်သလား"

မိခင်က ကျွန်တော့်ကို ကိုလတ် ဟု ခေါ်လေ့ရှိ၏။ ကျွန်တော်တို့ ညီအစ်ကိုသုံးယောက် ရှိကြ၏။ အကြီးက တင်မောင်ကြီးဖြစ်၍ အငယ်က တင်မောင်လေးဖြစ်သည်။ ထို့ကြောင့် ကျွန်တော်သည် တင်မောင်လတ်ဖြစ်ရ၏။ မိခင်က ကျွန်တော့်ကို ကိုလတ်ဟု ခေါ်လေ့ရှိ၏။

ကျွန်တော်သည် မိခင်ကို အလျဉ်းကြည့်ရှုခြင်းမပြုဘဲ နေလိုက်၏။ သူပြောသမျှကိုလည်း မကြားချင်ပြုနေလိုက်၏။ သို့ရာတွင် ပယင်းရေကို ဆွဲယူလိုက်သောအခါ ထိုမိန်းကလေးက ဖန်ခွက်ကို ဆွဲထားပါ၏။

"ဖယ်စမ်းပါ မိခင်ရာ ... လာရှုပ်မနေစမ်းပါနဲ့"

ကျွန်တော်သည် ဖန်ခွက်ကို အတင်းဆွဲလုရင်း ထိုမိန်းကလေးကို အော်လွှတ်ပစ်လိုက်ရ၏။

သို့ရာတွင် မိခင်ကို ထိုကဲ့သို့ အကြမ်းဖက်၍ မရချေ။ ထိုမိန်းကလေးသည် အလွန်တရာ ခေါင်းမာသည်။ ဇွဲနပဲကြီးသည်။

"ဒီလိုနဲ့ ပြီးတမ်းဆိုရင် ခက်ကရောပေါ့ ကိုလတ်ရယ်"

မိခင်သည် အရက်ဖန်ခွက်ကို သွန်ပစ်ရင်း ပြန်ပြောတတ်၏။

ကျွန်တော်သည် ဘားအတွင်းမှ ထွက်ပြေးလာရ၏။ မိခင်၏ဒဏ်ကို ကျွန်တော် မခံနိုင်ချေ။ ကျွန်တော့်တွင် အားခွန်မရှိ။

အဆုံးမရှိသော လမ်းမကြီးပေါ်တွင် ကျွန်တော် ပြေးလွှားခြင်းပြုသောအခါ၌လည်း ထိုမိန်းကလေးသည် ကျွန်တော်၏နောက်မှ မမောမပန်းပြေး၍လိုက်၏။

"မဆုံးနိုင်တဲ့ လမ်းမကြီးပေါ်မှာ ကိုလတ်တစ်ယောက်... ခုလိုပဲ ပြေးနေနိုင်ပါ့မလား ဟင်"

မိခင်သည် ကျွန်တော့်ကို နောက်နားမှ ပြေးလိုက်ရင်း ထိုသို့မေးမြန်းလေ့ရှိ၏။

mgyoe.com

mgyoe.com


မိခင်၏ မေးခွန်းသည် တကယ့် မေးခွန်းပင် ဖြစ်ပါ၏။ ထိုမိန်းကလေးသည် အဘိဓမ္မာဆရာမကြီးတစ်ဦးပေလော။

ပြေးနေသောအမှုကို ရပ်ဆိုင်းလိုက်သောအခါ မိခင်သည် ကျွန်တော်၏ ဘေးတွင် ခါးထောက်၍ရပ်ကာ ဒုက်ထိုးခွက်လန် ရယ်မောနေလိုက်ပါပကော။

"မိခင် ... မိခင် သွားစမ်းပါဟယ်"

ကျွန်တော်သည် ထိုမိန်းကလေးကို မောင်းထုတ်လိုက်မိ၏။ သို့ရာတွင် မိခင်တစ်ယောက်ကား မိခင်တစ်ယောက်သာလျှင် ဖြစ်လေသည်တကား။

စိတ်နှလုံးညှိုးနွမ်းကာ မသာမယာဖြစ်နေရသောအခါများတိုင်းလိုလို ကျွန်တော်သည် မိခင်တစ်ယောက်၏ ခြောက်လှန့်ခြင်းကို ခံနေရတတ်ပါ၏။ ခြောက်လှန့်ခြင်း ပြုရုံသာမဟုတ်သေး၊ တစ်ခါတစ်ရံ ထိုမိန်းကလေးသည် ကျွန်တော့်ကို လှောင်ပြောင်ခြင်းလည်း ပြုတတ်ပါသေး၏။ လှောင်ပြောင်ခြင်းကို ခံရ၍ ကျွန်တော် ရှက်ကိုးရှက်ကန်း ဖြစ်နေသည့်အခါများတိုင်း ထိုမိန်းကလေးတစ်ယောက်သည် သူ၏အပြုံ လွန်စွာအားရကျေနပ်ခြင်းရှိလှဘိသကဲ့သို့ အသံကလေးများပင်ထွက်လာအောင် ရှက်ကိုးရှက်ကန်း ရယ်မောခြင်းများ ပြုနေတတ်ပါ၏။

ထို့အတွက် မိခင်ကို ကျွန်တော်သည် စိတ်မဆိုးချေ။ စိတ်ဆိုး၍လည်း မဖြစ်ချေ။ ကျွန်တော်သည် ထိုမိန်းကလေးကို ကျေးဇူးပင်တင်ရဦးမည်ကဲ့သို့ ရှိနေပါ၏။ အဘယ့်ကြောင့်ဆိုသော် မိခင်သည် ကျွန်တော့်ကို ကျိန်ဆဲခြင်း မပြုသောကြောင့် ဖြစ်ပါသည်။ သို့ရာတွင် ကျွန်တော်သည် မိမိကိုယ်ကို ကျိန်ဆဲခြင်းပြုနေသော လူတစ်ယောက်ဖြစ်သည် မဟုတ်လော။

မိခင်နှင့် ကျွန်တော်တို့နှစ်ယောက်၏အကြားတွင် အတိတ်သည် ရှိခဲ့ဖူးပါ၏။ တကယ်ဆိုတော့ ကျွန်တော့်ကို ခြောက်လှန့်လှောင်ပြောင်နေကြခြင်းများနှင့် ခွက်ထိုးခွက်လန် ရယ်မောနေကြခြင်းများသည် မိခင်ပင် ဟုတ်ပါ၏လော။ သို့တည်းမဟုတ် မိခင်နှင့် ကျွန်တော်၏အကြားမှ အတိတ်ပင် ဖြစ်ပေသလော။

( ၂ )

အမေ၏ အသုဘတွင် မိခင် ကို နောက်ဆုံး ကျွန်တော်တွေ့လိုက်ရ၏။ မိခင်သည် မိခင်မဟုတ်တော့။ မိခင်သည် ရသေ့မ ဝတ်နေလေပြီ။ တရားဓမ္မနှင့် ဖြစ်နေလေပြီ။ မိခင်သည် ကျွန်တော့်ကိုပင် ကြည့်ရှုခြင်း မပြုတော့။

အမေ၏ အသုဘကိစ္စအပြီး စစ်ကိုင်းမှပြန်ခါနီးတွင် မိခင်ကို ကျွန်တော်

mgyoe.com

mgyoe.com

သည် လူချင်းတွေ့၍ စကားပြောဆိုနှုတ်ဆက်ရန် အားထုတ်ကြည့်သေး၏။ သို့ရာတွင် ထိုရသေ့မကလေးသည် ကျွန်တော့်ကိုပင် လူချင်းအတွေ့မခံတော့။ သူ၏ နောက်ဆုံးသောနေ့ရက်အတွက် အာရုံပြုနေလေပြီ။ ပြင်ဆင်တန်တာများကို ပြင်ဆင်နေလေပြီ။

အမေ့အတွက် ရက်လည်ဆွမ်းသွတ်သောနံနက်က မိခင်သည် ဆွမ်းကျွေးသောဇရပ်သို့ လာ၏။ တရားနာ၏။ အမေ့အတွက် မေတ္တာပို့၏။ ပရိတ်ရွတ်၏။ အမျှအတန်းပါ ပေးဝေခြင်းပြု၏။ ထို့နောက် ပြန်သွား၏။

စစ်ကိုင်းတောင်ရိုး သီရိဟေမာချောင်ထက်မှ တောင်အောက်သို့ တဖြည်းဖြည်းဆင်းသွားသော ရသေ့မလေး မိခင်ကို ကျွန်တော်သည် ဆွမ်းကျွေးဇရပ်ပေါ်မှ မျက်စိတစ်ဆုံး ကြည့်နေမိပါ၏။ ကျွန်တော်သည် ထိုမိန်းကလေးအတွက် ဝမ်းနည်းနေသလော၊ သို့မဟုတ် ယူကျုံးမရ ဖြစ်နေသလော ကျွန်တော်ကိုယ်တိုင်ပင် ထို လော နှစ်လောကို ဝေခွဲခြင်း မပြုနိုင်ချေ။

အမေ့အသုဘကိစ္စအတွက် ဆောင်ရွက်ပြီးစီးသောအခါ ကျွန်တော်သည် စစ်ကိုင်းတံတားကိုဖြတ်ကာ နေမကုန်မီ မန္တလေးသို့ ကူးလာခဲ့၏။ တံတားကြီးပေါ်မှ တောင်ရိုးကို ကျွန်တော်သည် လွမ်းလွမ်းဆွတ်ဆွတ် လှမ်း၍ကြည့်မိ၏။ မိခင်ကိုများ မြင်ရလေဦးမလား။ သို့ရာတွင် ထိုတောင်ရိုးသည် သူတော်ကောင်းသူမြတ်လောင်းတို့၏ ခိုလှုံရာအရပ်ဖြစ်ပါ၏။ ပဒ္မမြားစေတီကို လွမ်းဆွတ်ဖွယ်ရာ ဖူးမြော်ရ၏။ ပုညရှင်ဘက်တစ်ခိုဆီတွင်လည်း မှိုင်းပျပျဖြစ်နေ၏။ သို့ရာတွင် ရသေ့မကလေး မိခင် ကိုမူ မတွေ့ရတော့ချေ။

မန္တလေးတွင် တစ်ညအိပ်စက်ပြီးနောက် ကျွန်တော် နောက်တစ်နေ့တွင် ရန်ကုန်သို့ ပြန်လာခဲ့၏။ မင်္ဂလာဒုံတွင် အိမ်က မမကြီးကို မတွေ့ရပါ။ ဒရိုင်ဘာနှင့် မော်တော်ကားသာ တွေ့ရ၏။

"မင်းမမတစ်ယောက်ကောကွ"

ကျွန်တော်သည် အိမ်ရှင်မအကြောင်းကို ဒရိုင်ဘာထံမှ ထောက်လှမ်းခြင်းပြုလိုက်ရ၏။

"တစ်နေ့ကပဲ ငပလီကို အတွင်းဝန်ကတော် ထားထားတို့အိမ်သားတွေနဲ့ လိုက်သွားတယ်"

ဒရိုင်ဘာက သတင်းစကား ပြောကြား၏။

ထိုမိန်းမသည် ငပလီသို့ ဖဲရိုက်ထွက်ပြန်လေပြီတကား။

စစ်ကိုင်းသို့ ကျွန်တော် ထွက်မလာမီ တနင်္ဂနွေနှစ်ပတ်ခန့်လောက်က

mgyoe.com

mgyoe.com

မောင်းမကန်သို့ ဖဲရိုက်ထွက်ခဲ့သေး၏။ ထောင့်ငါးရာလောက် ရှုံးသည်ဟု ညည်းတွားသံ ကြားရ၏။ ယခုတစ်ဖန် ပေလီသို့ ထွက်ပြန်လေပြီ။

"မင်း ဆရာ ပြန်လာရင် ငါ တစ်ပတ်လောက်တော့ ကြာလိမ့်မယ်လို့ ပြောလိုက်လို့တော့ မှာသွားတယ်ဆရာ"

ဒရိုင်ဘာက သတင်းစကားကို တစ်ဆင့်ပြောကြား၏။

"ကောင်းသပေါ့ကွာ"

ကျွန်တော်သည် ထိုကဲ့သို့သာ ပြောကြားလိုက်ရ၏။

ထိုမိန်းမကို ကျွန်တော့်သဘောနှင့် ကျွန်တော် ယူခဲ့၏။ အမေသည် ထိုမိန်းမနှင့် အလျဉ်းသဘောမတူ။ အမေသည် မိခင်နှင့်ကျွန်တော့်ကို ပေးစားချင်၏။

"နင်က မိခင်ကိုများ ငြင်းချင်သေးသလားဟဲ့ မောင်လတ်ရဲ့"

အမေက ထိုကဲ့သို့ မေးမြန်းခဲ့ဖူး၏။

ထိုစဉ်က မမကြီးကိုသာ ကျွန်တော် အရူးအမူးဖြစ်နေ၏။ မမကြီးသည် ချော၏၊ လှ၏၊ သွက်လက်၏၊ ခေတ်ဆန်၏၊ အပေါင်းအသင်း ဝင်ဆံ့၏။ ကျွန်တော်သည် အလှအပဋ္ဌ ငိုက်မျဉ်းနေခဲ့၏။ ရူးမူးနေခဲ့၏။ တမ်းတမ်းစွဲနေခဲ့၏။

သို့ရာတွင် ရိုးသား၍ ငြိမ်သက်ခြင်းရှိလှသော မိခင်ကို ကျွန်တော်သည် မမြင်ချေ။ မကြိုက်ချေ။ ထိုမိန်းကလေးကို အလကားဟာမကလေးတစ်ယောက်သာ သဘောထားခဲ့၏။

မိခင်သည် အမေ့တူမ ဝမ်းကွဲတော်၏။ ကျွန်တော်နှင့် မောင်နှမ နှစ်ဝမ်းကွဲ ဖြစ်သည်။ ထိုမိန်းကလေး၌ မိဘတို့သည် မရှိကြတော့။ ကျွန်တော်တို့ အိမ်သို့ ဆယ်နှစ်သမီးသာသာခန့်က ရောက်လာ၏။

ကျွန်တော်တို့ ညီအစ်ကိုသုံးယောက်ရှိကြသည့်အနက် အငယ်ဆုံးတင်မောင်လေးက ဗွေဆော်ဦးမိန်းမယူကာ အိမ်ပေါ်မှဆင်းသွား၏။ ထို့နောက်ကိုတင်မောင်ကြီးသည် မိန်းမယူကာ ဆင်းသွားပြန်၏။ အမေ၊ ကျွန်တော်နှင့် မိခင်တို့ သုံးယောက်သာ ကျန်လေ၏။

မိခင်သည် ကျွန်တော့်အောက် ဆယ်နှစ်ခန့်မျှ ငယ်၏။ သို့ရာတွင် ထိုမိန်းကလေး၏ လေးနက်တည်ကြည်မှုသည် ကျွန်တော့်ထက် ဆယ်နှစ်ခန့်မျှ ကြီးလေသည်။

ကျွန်တော့်အသက် အစိတ်ရောက်လာ၍ သုံးဆယ်ဘက်သို့ နီးသည်ထက် နီးလာသောအခါ အမေကိုယ်တိုင်က ကျွန်တော့်ကို အိမ်ထောင်ပြုဖို့
mgyoe.com

mgyoe.com
စဉ်းစားရန် သတိပေးလာ၏။ မိခင်အကြောင်းကို တဖွဖွချီးမွမ်း၏။ ဥမကွဲ သိုက်မပျက်နေလိုသည့်အကြောင်းကိုလည်း မကြာခဏပြော၏။ သို့ရာတွင် ထိုစကားကို ကျွန်တော်သည် နားမဝင်နိုင်ချေ။ စိတ်လည်းမဝင်စားနိုင်ချေ။

မြင်းပွဲ၌တွေ့ကာ အဆက်ဖြစ်ခဲ့ပြီဖြစ်သော တက္ကသိုလ်ကျောင်းကြီး ထွက် မမကြီးကိုသာ ကျွန်တော်သည် အငမ်းမရလိုချင်နေ၏။ တမ်းတမ်းစွဲ ဖြစ်နေ၏။ ထိုမိန်းမကိုမှမရလျှင် သေရတော့မလောက်၊ ရူးရတော့မလောက် ဖြစ်နေ၏။

မမကြီးအတွက် အရူးအမူးဖြစ်နေစဉ်အချိန်များတုန်းက မိခင်သည် ကျွန်တော့်ကို ကလေးမကလေးတစ်ယောက်လို မကြာခဏ ငေးစိုက်၍ကြည့်နေ တတ်၏။ သို့ရာတွင် မိခင်ကို ကျွန်တော် မသိ။ ကျွန်တော့်အမြင် မမကြီးကိုသာ မြင်နေ၏။

တစ်ညသ၌ ကျွန်တော့် စာဖတ်နေခိုက် မိခင်သည် မလာစဘူး ကျွန်တော်၏ အခန်းအတွင်းသို့ပင် ဝင်လာ၏။

ထိုမိန်းကလေးသည် တရှုပ်ရှုပ်ငိုနေ၏။

"ဟဲ့ မိခင် ... နင်ဘာဖြစ်လာတာလဲ"

ကျွန်တော်က နားမလည်နိုင်၍ မေးလိုက်၏။

"ကိုလတ် ... မမကြီးကို ယူတော့မလို့ပေါ့လေ၊ ဟုတ်လား"

မိခင်က ငိုသံကြီးနှင့် မေးလာ၏။

"အဲဒါ ဘာပြုလို့လဲဟဲ့ မိခင်"

"မမကြီးလို ခေတ်ဆန်ဆန်ဟာကို ကိုလတ်ယူရင်တော့ ဒေါ်လေးတို့၊ မိခင်တို့ တူဝရီးနှစ်ယောက် အိမ်ပေါ်က ဆင်းပြေးရမှာမို့ မေးမိတာပါ"

"ဟဲ့ ... မိခ  နင်ဘာတွေလာပြောနေတာလဲ ၁ွားစမ်း"

ကျွန်တော်သည် ထိုမိန်းကလေးအား အခန်းထဲက မောင်းထုတ်လိုက် ရ၏။

မိခင်သည် ဘာမှပြန်မပြော။ တရှုပ်ရှုပ်ငိုယို၍သာ ထွက်သွား၏။

( ၃ )

မမကြီးနှင့်ကျွန်တော် မင်္ဂလာမဆောင်မီတစ်ညကလည်း ထိုမိန်းကလေး သည် ညဘက်တွင် ကျွန်တော့်အခန်းအတွင်းသို့ ဝင်လာပြန်၏။ ဒုတိယအကြိမ် ဝင်လာခြင်း ဖြစ်ပါ၏။
mgyoe.com

mgyoe.com


"ဘာလဲဟဲ့"

ကျွန်တော်သည် ထိုမိန်းကလေးကို အော်ငေါက်၍ မေးလိုက်မိသည်။

"ကိုလတ်ကို မိခင် ပြောစရာတစ်ခုရှိလို့"

မိခင်က ဒါပဲပြန်ပြော၏။ သို့ရာတွင် ၎င်းစကား ပါမလာတော့ချေ။ ၎င်းအပြင် ထိုမိန်းကလေး၏အသံသည် တည်ငြိမ်နေသည်။

"ဘာပြောချင်လို့လဲဟဲ့"

ကျွန်တော်သည် နက်ဖြန်တွင် သတို့သားဘဝနှင့် ဝတ်ဆင်ခြင်းပြုရမည့် ရင်ဖုံးအင်္ကျီကို ကြည့်ရှုနေရာမှ ထိုမိန်းကလေးကို အရေးလုပ်၍မျှပင် လှည့်မကြည့်ဘဲ ပြန်ပြောလိုက်၏။

"မိခင် မျက်နှာကိုများ ကြည့်စမ်းပါဦး"

ဟု ဆိုလာသောကြောင့် ကျွန်တော်သည် ထိုမိန်းကလေးကို ပြန်လှည့်ကြည့်မိလိုက်သည်။

"မိခင်ဆိုတဲ့ ကောင်မလေးတစ်ယောက် တို့အိမ်မှာ ရှိပါသေးကလားဆိုတာကို ကိုလတ် ဘယ်တုန်းကမှ မစဉ်းစားခဲ့ဘူးနဲ့ တူတယ်"

"ဟဲ့ မိခင် ... နင်ဘာတွေ လျှောက်ပြောနေတာလဲ"

"ကိုလတ်က မိခင်လို ရိုးရိုးအအဟာကို မကြိုက်တာကိုး၊ မမကြီးလို ခေတ်ဆန်ဆန်ဟာမျိုးကိုတော့ သိပ်ကြိုက်တာပဲနဲ့တူတယ်၊ ဟုတ်လား"

"ဟဲ့ မိခင်"

"မိခင်ကသိုလ်နဲ့ မိခင်သာ ရှိပါစေတော့လေ။ ကိုလတ်သာ တစ်နေ့ကျရင်တော့ မိခင်ရဲ့ဝဋ်ကို ပြန်မလည်ပါစေနဲ့လို့ ဆုတောင်းပါတယ်"

ထိုသို့ပြောဆိုပြီးနောက် မိခင်သည် အခန်းထဲမှပြန်ထွက်သွားလေသည်။

မမကြီးနှင့် ကျွန်တော် လက်ထပ်ကြပြီးနောက် အမေနှင့် မိခင်တို့ တူဝရီးနှစ်ယောက်တို့သည် ခြောက်လမျှပင် မခံနိုင်ကြတော့ချေ။ ခေတ်ဆန်၍ အပေါင်းအသင်းများသော၊ အသုံးအစွဲကြီးသော မမကြီး၏ ဒဏ်ကို မခံနိုင်ကြ၍ အိမ်ပေါ်မှ ဆင်းပြေးကြလေသည်။ ထိုအချိန်က မမကြီးပြုလုပ်သမျှကို ဘာမဆို အကောင်းချည်းသာ ထင်နေခဲ့သော ကျွန်တော်ကိုယ်တိုင် အမေနှင့် မိခင်တို့ကိုပင် စိတ်ဆိုးခဲ့မိသေး၏။

ကျွန်တော်နှင့် မမကြီးတို့ ပထမအကြိမ် နှစ်သစ်မင်္ဂလာပွဲကို ကျင်းပသောနေ့က အမေ့ထံမှ စာတစ်စောင် ရောက်လာ၏။ စစ်ကိုင်းတောင်ရိုးတွင် ရသေ့မဝတ်၍ တရားအားထုတ်တော့မည့်အကြောင်း ဖြစ်၏။ မိခင်ကလည်း

mgyoe.com

mgyoe.com

အမေနှင့်အတူ ရသေ့မကလေးလုပ်၍ စစ်ကိုင်းတောင်ရိုးတွင်ပင် နေထိုင်ခြင်း ပြုတော့မည့် အကြောင်းလည်း ပါ၏။

ကျွန်တော်သည် ထိုစာကို အလေးမထားမိချေ။ ဖတ်ရှုပြီးနောက် ထိုးထားလိုက်ပါ၏။

မမကြီးနှင့် ကျွန်တော်၏ အိမ်ထောင်ရေးသက်တမ်း သုံးနှစ်အပြည့်တွင် ကျွန်တော်သည် မိခင်၏ စတင် ခြောက်လှန့်ခြင်းနှင့် ရယ်မောခြင်းများကို ခံရပါသည်။

"မိခင်ရယ် ကိုလတ်ကို ခွင့်လွှတ်ပါကွာ"

ဟု ကျွန်တော်သည် ထိုမိန်းကလေးအား အကြိမ်ကြိမ်တောင်းပန်ခဲ့၏။ သို့ရာတွင် မိခင်သည် ကျွန်တော့်ကို ခြောက်လှန့်မြဲ ခြောက်လှန့်နေ၏။ လှောင်ပြောင်ရယ်မောမြဲ ရယ်မောနေ၏။

မမကြီးနှင့် ကျွန်တော်တို့ လင်မယားချင်း တစ်ယောက်တစ်ခွန်း စကားများ ရန်ဖြစ်တတ်သောညများတွင် ထိုမိန်းကလေးသည် ကျွန်တော့်၏ ခြင်ထောင်အတွင်းသို့ပင်ဝင်ကာ တစ်ညလုံးခြောက်လှန့်တတ်၏။ ဖဲဝိုင်းသို့သွား၍ မမကြီး တစ်ညလုံး ပြန်မလာသော ညများတွင် မိခင်သည် ကျွန်တော့်ကို ပက်ပက်စက်စက် ပြောင်လှောင့် ရယ်မောတတ်သည်။

"ကိုလတ်ကို ခွင့်လွှတ်ပါ မိခင်ရယ်"

ကျွန်တော်သည် မိခင်ကို တောင်းပန်ကြည့်၏။

( ၄ )

အမေ့အသုဘကိစ္စကို ဆောင်ရွက်၍ ရန်ကုန်သို့ ကျွန်တော် ပြန်ရောက်ပြီးနောက် တနင်္ဂနွေတစ်ပတ်ခန့်ကြာမှ မမကြီးသည် ငပလီမှ အိမ်သို့ ပြန်လာ၏။

ဝိုင်းတော်တော်ကောင်းသည်ဟု ပြော၏။ နှစ်ထောင်လောက် ထိခဲ့သည်ဟုလည်း ပြော၏။

မမကြီး အိမ်သို့ပြန်လာသော ထိုနေ့ညက ကျွန်တော်လင်မယားသည် အော်ကြီးဟစ်ကျယ် ရန်ဖြစ်ကြသည်။ ပေါင်ဒါဘူးနှင့် ခေါင်းလိမ်းဆီပုလင်းများသည် ကျွန်တော်တို့၏ လက်နက်ကြီးများဖြစ်ကြသည်။ မှန်ကွဲသည်၊ မီးလုံးများကွဲသည်။ အိပ်ခန်းတစ်ခန်းလုံး ရစရာမရှိတော့ချေ။

အိမ်နီးနားချင်းများသည်ပင် ထိတ်ထိတ်ပျာပျာပြေးလွှားလာကြသည်။
mgyoe.com

mgyoe.com


အကျိုးအကြောင်း မေးမြန်းကြသည်။

ထိုညက နာရီပြန်တစ်ချက်တီးသာသာခန့်တွင် မမကြီးသည် ၎င်း၏ မိဘများထံသို ပြန်မည်ဟု ပြောဆို၏။ ၎င်း၏ပစ္စည်းများကို ထုပ်ပိုးပြီးနောက် ဒရိုင်ဘာကိုခေါ်ကာ အိမ်မှထွက်သွားသည်။

ကျွန်တော်သည် ထိုမိန်းမကို ဟန်လုပ်၍မျှပင် မတားလိုက်ချေ။ မမကြီး ထွက်သွားပြီးနောက် အိမ်တံခါးများနှင့် မီးများကိုပိတ်ကာ ကျွန်တော်သည် အိပ်ရာသို့ ဝင်၏။ အိပ်ရာကို ဝင်ရာ၌ မိခင်ကို ကြောက်ကြောက်နှင့် ဝင်ရ၏။ သို့ရာတွင် ထိုညက မိခင်သည် ကျွန်တော့်ကို ခါတိုင်းကဲ့သို့ လာ မခြောက်လှန့်ချေ။ လှောင်ပြောင်ရယ်မောခြင်းလည်း မလုပ်တော့ချေ။

နောက်တစ်နေ့နံနက် နေ တော်တော်ကြီးမြင့်မှ ကျွန်တော်သည် အိပ်ရာမှ နိုးလေသည်။ မျက်နှာသစ်ပြီးနောက် လက်ဖက်ရည်စားပွဲတွင် ထိုင်လိုက်သောအခါ စစ်ကိုင်းစာတိုက်မှ ထည့်လိုက်သောစာတစ်စောင်ကို တွေ့ရ၏။ စာမှာ မိခင်ထံမှ ဖြစ်ပါ၏။ သို့ရာတွင် မိခင်မဟုတ်တော့။ မခေမာ ဖြစ်လေပြီ။

မိခင်သည် ခေါင်းတုံးတုံး၍ သီလရှင်ဘဝသို့ ကူးပြောင်းသွားလိုက်လေပြီတကား။

ဖူးသစ်ဝေမဂ္ဂဇင်း၊

မေလ၊ ၁၉၉၇ ခုနှစ်။

❑

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

# ကြိုးမောင့်ဒုက္ခာ

( ၁ )

ဆောင်းအိဓိ၏ နှောင်းသက်ငွေ့ကတော့ဖြင့် မပြယ်သေးပါ။

ပေါ်သစ်စနှေဦးရက်ရဲ့ ညနေခင်းမှာပင် နှင်းကြွင်းကလေးတွေကလည်း မှုန်နေကြတုန်းပဲ ဖြစ်ပါသည်။ အို ... တကယ်ပါပဲ၊ အတိတ်ကာလရဲ့ ည အမှောင်ထဲမှာ ဆွေးမြေ့ကျန်ရစ်ခဲ့ပြီဖြစ်သော ဆောင်းကို လွမ်းနေသော 'နှင်း...'။

အင်းလျားရဲ့ပတ်ဝန်းကျင်မှာ ဆိတ်ဆိတ်ငြိမ်နေပါသည်။ ကြည်ပြာပြာ ရေပြင်ရဲ့ကမ်းအထက်မှာ သစ်ပင်တောအုပ်သည် စိမ်းစိုစို လန်းဆန်းနေပေ သည်။ ရွက်သစ်များအကြားမှာ လေရူးသည် ကမူးရှူးထိုး ပြေးလွှားလှုပ်ရှား နေသည်။ တဖျပ်ဖျပ်လှုပ်ရှားနေသော သစ်ရွက်များ တိုးဝှေ့သံသည်သာလျှင် ဆိတ်ငြိမ်နေသောအင်းလျားရဲ့ပတ်ဝန်းကျင်ထဲမှာ အသက်ရှိနေပါသည်။

ဆည်းဆာရဲ့ ရောင်ခြည်ဦးဝယ် လင်းပြာတို့ မြူးနေကြသည်။

အုန်းပင်ရိပ်မှာ လူတစ်ယောက်သည် မတုန်မလှုပ်ရပ်နေသည်။ ဆည်း ဆာဦးက လင်းပြာမြူးကို သူ အငေးသား ကြည့်နေပါသည်။ လူသူမရှိသော အင်းလျားရဲ့ ဆိတ်ငြိမ်နေသော ပတ်ဝန်းကျင်ထဲမှာ သူတစ်ယောက်တည်း ဘာ များလာလုပ်နေရပါလိမ့်မလဲပဲ။

အုန်းပင်ရိပ်မှာ ထိုသူသည် မတုန်မလှုပ်ရပ်နေသည်။

ပေါ်သစ်စ နှေဦးရက်ရဲ့ ညနေခင်းမှာပင် နှင်းကြွင်းကလေးတွေကတော့ မှုန်နေကြတုန်းပါပဲ။

အို ... တကယ်ပါပဲ၊ ထိုသူတစ်ယောက်သည် 'နှင်း'နှင့် တူပါသည်။ လွန်လေပြီးသော ညတစ်ညရဲ့ အမှောင်ထဲမှာ ဆွေးမြေ့ကျန်ရစ်ခဲ့ပြီဖြစ်သော

mgyoe.com

mgyoe.com


အတိတ်ကို လွမ်းနေသော "လူတစ်ယောက်"။

သူသည် အုန်းပင်ရိပ်မှာပဲ ရပ်နေသည်။

( ၂ )

အတိတ်နှင့် အနာဂတ်သည် သူ့အဖို့ အတူတူပဲဖြစ်ပါသည်။ အုန်းပင်ရိပ်မှာ အတိတ်ကာလက ရပ်နေခဲ့သည်။ အနာဂတ်ကာလ၌ သူသည် အုန်းပင်ရိပ်မှာ ရပ်နေသည်။ သို့ရာတွင် တစ်ခုတော့ရှိသည်။ အတိတ်ကာလ၌ သရုပ်ရှိ၍ အနာဂတ်ကာလမှာတော့ သရုပ်ပျက်နေသည်။ ဘာပဲဖြစ်ဖြစ် အတိတ်နှင့် အနာဂတ်သည် အုန်းပင်ရိပ်မှာတော့ သူ့အဖို့ အတူတူပဲဖြစ်ပါသည်။

ပစ္စုပ္ပန်သည် ဘယ်မှာလဲ ...

သူသည် မတုန်မလှုပ်ရပ်နေရာမှ သူ၏ ဘယ်ဘက်ရင်အုံမှာ အမာရွတ်သာထင်သော ဒဏ်ရာဟောင်းကို အမှတ်မထင် စမ်းသပ် ပွတ်ကြည့်နေမိသည်။ ထိုသို့ ဒဏ်ရာဟောင်းကို သူစမ်းသပ်ပွတ်ကြည့်နေမိသောအခါ ဆန်းကြယ်သော အိပ်မက်ဟောင်းတစ်ခုကို ပြန်၍မက်နေရသည်။ ထိုအိပ်မက်မှာ တော်တော်လည်း ကြောက်စရာကောင်းသည်။ လျှို့ဝှက်ချက်လည်း ပါသည်။

သူ မသိသော လူတစ်ယောက်က သူ့အား ခြောက်လုံးပြူးနှင့်ပစ်လေသည်။ သူ့ဘယ်ဘက် ရင်အုံတွင်းသို့ တိုးဝင်ထိုးဖောက်သွားသော နာကျင်ခြင်း၊ သူ လဲကျသွားစဉ် နောက်တစ်ချက်ထပ်၍ ကြားလိုက်ရသော သေနတ်သံနှင့် အတူ ထွက်သွားသော ကျည်ဆန်မှာ သူ့ကို နောက်ထပ်ပစ်သော ပစ်လိုက်ခြင်း မဟုတ်။

သူမသိသော လူတစ်ယောက်က အဘယ်ရန်ငြိုးနှင့် သူ့ကို ဤမျှ ရက်စက်စွာ ခြောက်လုံးပြူးနှင့် ပစ်ရပါသနည်း။ နောက်ထပ်ကြားရသော သေနတ်သံမှာ ဘယ်သူ့ကို ပစ်လိုက်သော ကျည်ဆန်ပါလဲ။

သူသည် ဆေးရုံကြီးပေါ်မှာ သူ၏ဒဏ်ရာကို သုံးလခန့်မျှတက်ရောက် ကုစားလာခဲ့ရသဖြင့် အသက်မသေဘဲ ရှင်နေနိုင်သေးခွင့်ကို ရခဲ့သည်။ အသက်ရှင်နေနိုင်ခွင့်မှာ သူ့အဖို့ အားတက်စရာမဟုတ်တော့ဟု သူအောက်မေ့မိပေသည်။ လူ့ဘဝကို သူနေထိုင်လာခဲ့ရသည်မှာ ပင်ပန်းကြီးလေးလှသော ဝန်ကြီးတစ်ခုကို ထမ်းဆောင်နေရသည်နှင့် တူလေသည်။ သူ့မှာ သည်ဝန်လေးကြီးကို ဆက်လက်ထမ်းဆောင်လိုသောစိတ်နှင့် အားခွန်မကျန်တော့ပါ။ သို့ရာတွင် သေနတ်ဒဏ်ရာတို့အား ဘဝ၏ဝန်မှ လွတ်မြောက်ရန် မပို့ဆောင်လိုက်သေး

mgyoe.com

mgyoe.com

ပေ။ သူ့အဖို့ အသက်ရှင်နေဦးမည်မှာ တကယ်တော့ စိတ်ပျက်စရာပါ။ သို့ရာတွင် သူသည် သူ့ရဲဘောကြောင်သော လွတ်မြောက်မှုကို ရှက်ပါသည်။ ရွံ့ပါသည်။ နှလုံးနာပါသည်။

ယနေ့ညနေ သူသည် ဆေးရုံမှ အသက်ရှင်လျက် ဆင်းလာခဲ့ရပေသည်။ သူသည် ယခင်က သူငှားနေခဲ့သော အခန်းကလေးဆီသို့ ပြန်လာခဲ့သောအခါ အိမ်ရှင်အဒေါ်ကြီးသည် သူ့အား တစ္ဆေသရဲပမာ လန့်ဖျပ်သောအမူအရာဖြင့် ကြည့်နေလေသည်။ သူသည် သူ့အခန်းသော့ကို တောင်းသောအခါ အဒေါ်ကြီးသည် သူ့ကို သူတောင်းသော သော့ကို မပေးသေးဘဲ ငေးကြောင်၍သာ ကြည့်နေ သည်။

"ကြီးတော်... သော့ကလေး တစ်ဆိတ်လောက်ခင်ဗျာ" သူသည် နောက်ထပ် သော့ကိုတောင်းလေသည်။

"မောင်ရင်... ခု ဘယ်ကလာခဲ့တာလဲ ဟင်၊ ဘာမပြောညာမပြောနဲ့ ပျောက် သွားလိုက်တာ ဘယ်လောက်ကြာပြီလဲကွယ်၊ သုံးလတော့ ရှိရော့မယ်" အံ့သြစွာ အဒေါ်ကြီးက မေးနေပေသည်။

မပြုံးချင်ဘဲနှင့် ကြိုးစား၍ ဟန်လုပ်ကာ သူသည် ပြုံးပြလိုက်ရပေသည်။

"ဒါထက် မောင်ရင်... ပျောက်နေတဲ့အတောအတွင်း မောင်ရင့်အခန်းထဲကို သူခိုးဝင်ပြီး ချသွားလိုက်လို့ ကုန်ပါပကောလားကွယ်၊ ကြီးတော်လည်း ပုလိပ်ကိုတိုင်ပါသေးရဲ့၊ ထူးတော့ မထူးပါဘူးကွယ်" သူ သေနတ်ပစ်ခံရ၍ ဆေးရုံတက်နေရသည့် အတောအတွင်း သူ၏ မရှိမဲ့ရှိမဲ့ကလေးများကို အဘယ် သူခိုးသည် ထောက်ညာခြင်းကင်းစွာ ချယူသွားကြောင်းကို အဒေါ်ကြီးသည် ပြောပြလျက်ရှိပေသည်။

"သူခိုးချသွားလို့ ကုန်ပြီတဲ့လားကြီးတော်" သူသည် ဟက်ဟက်ပက်ပက် ရယ်မော၍ မေးလိုက်မိပေသည်။ အဒေါ်ကြီးသည် သူ့အား အားနာကြင်နာစွာပဲ ကြည့်နေလေသည်။ သူရယ်နေပုံကိုလည်း အံ့သြနေလေသည်။

သူ့မှာ တစ်လောကလုံးမှာ ဘာမှမရှိတော့။ သူ့မှာ အဝတ်အထည် ကိုယ်တစ်ခုနှင့်ဖြစ်သည်။ သူသည် ဘယ်ကိုသွား၍ ဘာလုပ်ရမည်ကိုလည်း မသိ။ ဘယ်ကိုမှလည်း မသွားတတ်၊ သွားလည်းမသွားချင်။ သူသည် အဒေါ်ကြီးနှင့် သူခိုးချသွားသဖြင့် ဘာမျှမကျန်တော့သော သူ့အခန်းကလေးကို ကျောခိုင်းလိုက်စဉ် ပြုံးလိုက်မိပါသည်။

သူသည် တစ်လှမ်းချင်းထွက်လာခဲ့သည်။ ဒါပေမဲ့ ရည်ရွယ်ချက်မရှိ

mgyoe.com

mgyoe.com

သော ခရီး။ သူသည် နောက်ဆုံးမှာတော့ အတိတ်ကာလမှာ ရပ်နေခဲ့ဖူးသော အုန်းပင်ရိပ်မှာ လာ၍ ရပ်နေပါပကော။

မှန်ပါသည်။ အတိတ်ဘဝတုန်းက သရုပ်ရှိခဲ့ဖူးပေမဲ့ အနာဂတ်ရဲ့ အုန်းပင်ရိပ်မှာ သရုပ်ပျက်နေသည်။

ဒါပေမဲ့ ပစ္စုပ္ပန်သည် ဘယ်မှာလဲ...

ဆေးရုံမှ မဆင်းလာရမီ တစ်နေ့က လက်ထောက်ဆရာဝန်သည် သူ့ကို လာ၍နှုတ်ဆက်လေသည်။

"ခင်ဗျားကို ခြောက်လုံးပြူးနဲ့ပစ်တဲ့ သူဌေးဦးဘခက်ဟာလည်း ခင်ဗျားကိုပစ်ပြီးပြီးချင်းပဲ သူ့ကိုယ်သူ ပြန်ပြီးပစ်ထုတ်လိုက်လို့ သေရှာပါပြီခင်ဗျာ"

"ခင်ဗျာ ... ကျွန်တော့်ကို ခြောက်လုံးပြူးနဲ့ပစ်တဲ့လူဟာ သူဌေးဦးဘခက်တဲ့လား ဆရာ"

"ဟင် ... ခင်ဗျား ဦးဘခက်ကို မသိသေးဘူးလား"

သူသည် အထူးအဆန်းသဖွယ် ခေါင်းကိုသာပဲ ခါ၍ပြလိုက်လေသည်။

"ဦးဘခက်ဟာ တော်တော်ချမ်းသာတဲ့ ဗမာသူဌေးတစ်ယောက်ပေါ့ခင်ဗျာ၊ ဒါပေမဲ့ အဘိုးကြီးက အသက်ငါးဆယ်ကျော်ပြီးကတည်းက သွက်ချာပါဒ (Paralysis)ဖြစ်နေရှာတာ ကြာပါပကော"

"အော ... ဒါထက် အဲဒီသူဌေးဦးဘခက်မှာကော ကိုဘမြင့်ဆိုတဲ့ သားတစ်ယောက်နဲ့ မခင်မူဆိုတဲ့ သမီးတစ်ယောက်များကော မရှိဘူးလားဆရာရယ်"

"ဦးဘခက်မှာတော့ သားနဲ့သမီးရှိတယ်လို့ မကြားမိပါဘူး။ ခင်ဗျားပြောတဲ့ ကိုဘမြင့်နဲ့ မခင်မူဆိုတာလည်း မကြားမိပါဘူးခင်ဗျာ။ အဘိုးကြီးရဲ့ သွက်ချာပါဒမဖြစ်ခင် တစ်နှစ်လောက်က သူဌေးကတော်ကြီးဆုံးသွားလို့ နောက်ထပ်ယူတဲ့မယားကလေးကတော့ 'ဒေါ်တင်တင်မူ'တဲ့ခင်ဗျာ။ အသက်အစိတ်လောက်ပဲ ရှိလိမ့်ဦးမယ်၊ တော်တော်ပဲ မက်စရာရုပ်မျိုးပဲ"

ဒေါ်တင်တင်မူတဲ့။ ဩ ... သည်ဟာပဲ သူ့ပါးစပ်မှ အမှတ်မထင် ထွက်သွားသည်။

သူသည် အုန်းပင်ရိပ်မှာပဲ ရပ်နေသည်။ သူသည် သူ၏ ဘယ်ဘက်ရင်အုံ အောက်မှ ဒဏ်ရာဟောင်းကို အမှတ်မထင် ကြည့်မိပြန်ရင်း...

သူ့နောက်မယားကလေးကတော့ 'ဒေါ်တင်တင်မူပါတဲ့' တီးတိုးပြောနေမိပေသည်။

သူသည် အတိတ်ကာလမှာ အုန်းပင်ရိပ်၌ ရပ်နေသည်။ ထိုစဉ်ကလည်း

mgyoe.com

mgyoe.com

မခင်မူကို အုံ့ဩနေခဲ့မိသည်။ မခင်မူသည် သူ့ကို အတိတ်ကာလရဲ့ အုန်းပင်ရိပ်မှ တဖြည်းဖြည်းပစ္စုပ္ပန်ထဲသို့ ခေါ်ဆောင်သွားခဲ့ပေသည်။

သူသည် အနာဂတ်မှာလည်း အုန်းပင်ရိပ်မှာပဲ ရပ်နေသည်။ သည်တစ်ခါတော့ မခင်မူမဟုတ်ပါ။ ဒေါ်တင်တင်မူပါတဲ့။ ဟုတ်ပါသည်။ လက်ထောက်ဆရာဝန်က သည်လိုပဲ ပြောပြလိုက်လေသည်။

ကိုဘမြင့်ကို စိတ်မဝင်စားပါ။ ဝင်လည်း မဝင်စားချင်ပါ။ သူသည် မခင်မူရဲ့ အစ်ကိုသာဖြစ်သည်။ လျှို့ဝှက်စွာပျောက်ကွယ်နေသော မခင်မူနှင့် ပစ္စုပ္ပန်သည် ဘယ်မှာလဲ။

သူသည် အုန်းပင်ရိပ်မှာပဲ ရပ်နေသည်။

( ၃ )

ညနေဦးပင် ဖြစ်လေသည်။

လေသည် လတ်ဆတ်နေသည်။ ဆောင်းရက်လည်းဖြစ်သဖြင့် နှင်းတွေက မှုန်နေကြသည်။

အင်းလျားရဲ့ ပတ်ဝန်းကျင်မှာ တိတ်ဆိတ်ငြိမ်သက်နေလေသည်။ အနှောင့်အယှက်မှ ကင်းဝေး၍ တိတ်ဆိတ်အေးချမ်းမှုကို ရှာဖွေသူအား အင်းလျားသည် ဖိတ်ခေါ်နေသလားပဲ ထင်ရပေသည်။

မှန်ပါသည်။ ရယ်စရာပြုံးစရာများကို ရှာဖွေမတွေ့ဘဲ ဆုံးရှုံးမှုများ၊ မျှော်လင့်ခြင်းပြိုကွဲမှုများဖြင့်သာ သူ့အချိန်နှင့် တိုတောင်းလှသော လူ့ဘဝကလေး တစ်ခုကို ကုန်လွန်နေစေခဲ့ရသော သူ့လိုလူတစ်ယောက်အတွက် သည်လို လူသူနှင့်ကင်းဝေး၍ တိတ်ဆိတ်ငြိမ်သက်နေသော အင်းလျားရဲ့ ပတ်ဝန်းကျင်သည် အကောင်းဆုံးသော မိတ်ဆွေပင်ဖြစ်လေသည်။

ကိုလှဦးသည် ပတ်ဝန်းကျင်နှင့် ရင်းနှီးသွားနိုင်ရန် ကြိုးစားနေသည်မှာ တစ်နာရီသာသာခန့်ပင် ရှိသွားခဲ့ပေပြီ။ သို့ရာတွင် ပတ်ဝန်းကျင်မှ ဆိတ်ငြိမ်ခြင်းသည် သူ့အတွင်းသို့ ကူးစက်၍ မလာကြသေးပါ။ သူသည် အုန်းပင်ကို မှီရင်း ငြိမ်သက်စွာ ရပ်နေသည်။

တကယ်ဆိုတော့ ကိုလှဦးသည် လောကကြီးတစ်ခုလုံးမှာ ဘယ်နေရာမှ သူ့ကိုယ်ကို ဟန်ကျအောင်လုပ်၍ ရခဲ့သူမဟုတ်ပါ။ သူသည် အသက် ၃၀ နီးကပ်လာသည်တိုင်အောင် တစ်ယောက်တည်းသမားဘဝနှင့် မရေမရာ နေထိုင်လာ ခဲ့ရသူတစ်ယောက်ဖြစ်သည်။ သူသည် တက္ကသိုလ်ပညာရပ်များကို
mgyoe.com

mgyoe.com


သုံးနှစ်ခန့် သင်ကြားခဲ့ဖူးလေသည်။ သူသည် သပိတ်မှောက်ခဲ့စဉ်က ပြင်းထန်သောယုံကြည်ချက်ဖြင့် သပိတ်မလှန်ဘဲ ကျောင်းမှ ထွက်လာခဲ့သူဖြစ်သည်။ တက္ကသိုလ်မှာ ရှိခဲ့စဉ်က သူ့မှာ ချစ်သူတစ်ယောက် ရှိခဲ့ဖူးသည်။ သို့ရာတွင် တက္ကသိုလ်တွင်လည်း ဟန်မကျ၊ အသက်မွေးဝမ်းကျောင်းလောကတွင်လည်း ဘယ်နေရာကမှ ဟန်မကျသော ကိုလှဦးအား သူ့ချစ်သူသည် သည်းညည်းခံနိုင်မည်မဟုတ်။ သူမသည် စိတ်ပျက်လာရာမှ နောက်ဆုံး မြို့အုပ်တစ်ယောက်နှင့် လက်ထပ်၍ သွား လေသည်။

– သူ့တွင် မိဘများမရှိ၊ ညီအစ်ကိုမောင်နှမ မရှိ။ သူ့မိဘများသည် သူတစ်ယောက်တည်း မွေးခဲ့သည်။

သူ့မိဘများသည် သူငယ်စဉ်ကပင် ကွယ်လွန်သွားကြသဖြင့် သူ့ဘကြီးက သူ့အား ကောက်ယူမွေးစားကာ ပညာသင်ကြားပေးခဲ့ပေသည်။ သူ သပိတ်မှောက်ကျောင်းမှ ထွက်လာခဲ့သောနှစ်ကပင် သူ့ဘကြီးသည် သေဆုံး၍ ကြွေးနှင့် လုပ်နေရသော သူ့ဘကြီး၏စက်ကို ကြွေးရှင်က သိမ်းခဲ့လေသည်။ ကြွေးမကျေ၍ အိမ်နှင့်ပစ္စည်းများကိုပါ ဝရမ်းဖြင့် ဖမ်းလိုက်လေသည်။

သူသည် တစ်ယောက်တည်း လူ့လောကအလယ်မှာ တောင်မရောက်၊ မြောက်မရောက်နှင့် ကျန်ရစ်ခဲ့ပေသည်။ သူသည် အသက် ၂၀ သာသာခန့်ကပင် လောကကြီးအား ရင်ဆိုင်ခဲ့ရလေသည်။ သူ့မှာ အားထားကိုးကွယ်ရာ မားမားမတ်မတ် ရပ်မည့်သူမရှိ။ သူသည် ငယ်ရွယ်စဉ်ကပင် သူ့ဝန်ကိုထမ်း၍ သူ့လမ်းသူ လျှောက်ခဲ့ရသည်။

သူ့လမ်းသည် မပြေပြစ် ...

သူကံ မပြေပြစ်တာလား၊ လမ်းကပဲလား။

သည်ဟာကို သူသည် မစဉ်းစားလိုပါ။ သူသည် သူ့မှာရှိသောပညာဖြင့် သူရှာဖွေရတတ်သော အလုပ်ကို တစ်ခုပြီးတစ်ခု လုပ်ခဲ့ရပေသည်။ သူသည် စာရေးလုပ်ခဲ့ဖူးသည်။ မကြာခဏ အလုပ်မှမောင်းထုတ်ခြင်းကို ခံခဲ့ရသည်။ သူသည် သူ့အထက်မှလူကြီးများနှင့် မတည့်သော်လည်း သူ့အောက်မှ သူငယ်များကတော့ သူ့ကို အင်မတန် ချစ်ခင်အားကိုးကြသည်။ သူသည် အထက်မှ လူကြီးများအား မဟုတ်မခံပြန်၍ပြောတတ်ပေသည်။ မိန်းမလို မိန်းမရနိုင်သော လက်ဖ်အောက်အတွင်းဝန်တစ်ယောက်ကို သူသည် ပိတ်ကန်ခဲ့ဖူး၍ ရုံးဝန်ထောက် တစ်ယောက်ကို ထိုးခဲ့ဖူးသည်။ လူငယ်များအပေါ်၌ သူသည် အစဉ်ပဲ သက်ညှာကာ သည်းညည်းခံတတ်ပေသည်။

mgyoe.com

mgyoe.com


သူသည် ကျောင်းမှထွက်၍ အလုပ်လုပ်ခဲ့ရသည်မှာ ၁၀ နှစ်နီးပါး ရှိခဲ့ပေပြီ။ ထို ၁၀ နှစ်အတွင်း သူသည် အလုပ်ပေါင်း ၂၀ ကျော်ခန့် ထုတ်ပစ်ခံရရင်း၊ အခြားအသစ်ကို ပြောင်း၍ရှာဖွေရင်း လုပ်ကိုင်လာခဲ့ရပေသည်။ သူသည် အလုပ်တစ်ခုမှ ထုတ်ပစ်ခြင်းခံရ၍ နောက်ထပ် တစ်လမကြာမီ အလုပ်သစ်တစ်ခုကို ရရှိတတ်ပေသည်။ အင်္ဂလိပ်စာ အင်မတန်အပြောကောင်း၊ အရေးကောင်းခြင်းဖြစ်၍ ရုံးအလုပ်ကို ကောင်းကောင်း နားလည်ထားပေသည်။

ယခုနောက်ဆုံး ထုတ်ပစ်ခြင်းခံရသော အလုပ်မှ ထွက်လာရသည်မှာ လေးလသာသာခန့် ရှိခဲ့ပြီဖြစ်သည့်တိုင်အောင် သူသည် အလုပ်သစ်တစ်ခုကို ရှာဖွေ၍ မရနိုင်အောင်ဘဲ ဖြစ်နေရပေသည်။ သူသည် ရေကျော်ဘက်က အိမ်ခန်းငှား၍ ထမင်းလခနှင့်ကျွေးသော အဒေါ်ကြီးတစ်ယောက်အိမ်တွင် နေလေသည်။ အဒေါ်ကြီးအား သူသည် အိမ်လခနှင့် ထမင်းလခ မပေးနိုင်ခဲ့သည်မှာ သုံးလမျှ ရှိသွားခဲ့ပေပြီ။ သို့ရာတွင် အိမ်ရှင်အဒေါ်ကြီးက သူ့အကြောင်းကို သိနားလည်ထားသည့်အားလျော်စွာ အလိုက်သင့်ကျွေးမွေးရင်း အိမ်လခနှင့် ထမင်းလခကို မတောင်းဘဲနေလေသည်။ သည်လို တစ်ဖက်သားက အလိုက်သိစွာ မတောင်းဘဲနေသောအခါ၌ သူသည် သာလွန်၍ အားနာလာကာ အနေရအထိုင်ရခက်နေလေတော့သည်။ သူသည် သူ့အခန်းကို အဒေါ်ကြီးမသိအောင် ညဥ့်နက်မှပြန်၍ အဒေါ်ကြီးမနိုးခင် အလုပ်ရှာ ထွက်လာခဲ့တတ်ပေသည်။

သူ့မှာ စုဆောင်းထားသော ငွေမရှိ။ သူ့အဝတ်ကောင်း အစားကောင်းနှင့် နာရီလက်စွပ်များကို ပေါင်နှံ၍ သုံးစွဲလာခဲ့ရသဖြင့် သူ့မှာ အဝတ်အစားပြောင်ပြောင်ရောင်ရောင်များ မရှိတော့ပါ။ တစ်စထက်တစ်စ သူ့အရောင်အဆင်းသည် မှေးမှိန်မွဲခြောက်၍သာ လာခဲ့ပေတော့သည်။

သူသည် အလုပ်ကို ရှာခဲ့သည်မှာလည်း ပင်ပန်းလှပါပြီ။ အလုပ်ရဲ့လမ်းကို သူ မတွေ့သေးပါ။ အိမ်လခနှင့် ထမင်းလခမှာ တစ်လလျှင် တစ်ရာကျသဖြင့် သုံးရာ ပေးစရာရှိပေသည်။ သူ့တစ်သက်နှင့် တစ်ကိုယ်မှာ ကြွေး မရှိခဲ့ဘူးပါ။ တင်ရှိနေသောကြွေးကို သူဘယ်လိုပေးဆပ်ရပါ့မလဲ။ သူသည် သူ့အခန်းသို့ မပြန်ချင်တော့ပါ။ ဤသို့ဘိုင်ကျနေစဉ်အတွင်း ရန်ကုန်မြို့ရဲ့ ထည်ဝါမှုသည်ပင် အင်မတန် အခံရခက်စရာဖြစ်နေတော့သည်။

သူသည် လူသူနှင့်ကင်းဝေးသော ဆိတ်ငြိမ်ရာကို ရှာဖွေရင်း အုန်းပင်ရိပ်မှာ ရပ်လာသည်။ အုန်းပင်ကိုရှုရင်း ရပ်နေသည်မှာ တစ်နာရီသာသာခန့်ပင် ရှိသွားခဲ့ပေပြီ။ သူသည် ပတ်ဝန်းကျင်ရဲ့ဆိတ်ငြိမ်မှုသည် နောက်ကျိနေသော

mgyoe.com

mgyoe.com

သူ့အတွင်းစိတ်ဓာတ်သို့ ကူးစက်လာလေမလားဟု သူမျှော်လင့်နေသည်။

တစ်နာရီသာသာခန့်ပင် ရှိသွားခဲ့ပေပြီ။ ကူးစက်မှုကား မလာ။

ငြိမ်သက်နေသော စိမ်းလဲ့လဲ့ရေပြင်ကို သူလှမ်း၍ကြည့်လိုက်သည်။ ဝေးသော ကွေ့တစ်ကွေ့ထဲမှာ ရွက်လှေငယ်တစ်စင်းသည် လွင့်ပါးမျောပါနေသည်။

ထိုအခိုက်_ လှပသော အော်စတင်ကားလေးတစ်စီးသည် သူရပ်နေရာနှင့် မလှမ်းမကမ်းမှာ အသာအယာ ထိုး၍ရပ်သွားလေသည်။ အနက်ရောင် ကားသစ်ကလေး ...။

ကားသစ်ကလေးရဲ့ ရှေ့ခန်းထဲမှ မိန်းမတစ်ယောက် ဆင်းလာသည်။ ဒရိုင်ဘာ မပါ။ မိန်းမပျိုသည် သူမကိုယ်တိုင် ကားကလေးကို မောင်းလာသည်။ သည်လို လူသူမရှိသောနေရာကို မိန်းမပျိုသည် တစ်ယောက်တည်း ကားနှင့် ဘာလာလုပ်ရပါသလဲ။

ကိုလှဦးသည် အဝေးမှမြင်ရသော ရွက်လှေကလေးကိုသာ ငေးမော ကြည့်နေပေသည်။ သူသည် ကားသံကိုလည်းမကြား၊ ကားထဲမှ ဆင်းလာသော မိန်းမပျိုကိုလည်း မမြင်။

မိန်းမပျိုသည် ကားထဲမှ ဆင်းလာပြီးနောက် ဟိုဟိုသည်သည်ကြည့်လေသည်။ သူမသည် ဘာကိုကြည့်ပါလိမ့်မလဲ။ တစ်စုံတစ်ယောက်ကို ရှာဖွေနေပါသလား။

"ဩ ..."

မိန်းမပျိုသည် အုန်းပင်အောက်မှာ ငေးမောနေသော ကိုလှဦးကို မြင်သွားပေပြီ။ သူမသည် သူ့အားအကဲခတ်သလို ခပ်လှမ်းလှမ်းမှ ဇဝေဇဝါကြည့်နေပြီးမှ ...

"ဟေး ... ကိုကိုမြင့်"

သူမသည် ဝမ်းသာအားရခေါ်ရင်း ကိုလှဦးရပ်ငေးနေသော နေရာသို့ အပြေးကလေး လာခဲ့ပေသည်။ သူ့အား "ကိုကိုမြင့်"ဟု ခေါ်နေသည်ကိုပင် ကိုလှဦးသည် ကြားလိုက်မိပုံမရ။ သူသည် အဝေးမှရွက်လှေကလေးကိုသာ ငေးမောကြည့်နေတုန်း ဖြစ်ပါသည်။

"ဟေး ... ကိုကိုမြင့် စောင့်နေရတာကြာလို့ ပျင်းနေပြီလား" ဟု မလှမ်းမကမ်းသို့ရောက်လာစဉ် မိန်းမပျိုက သူ့ကို အားရပါးရပြောနေပေသည်။ မိန်းမပျိုသည် ရပ်လိုက်ကာ ဘေးတစောင်းမြင်ရသော သူ့မျက်နှာကို ငေးကြည့်

mgyoe.com

mgyoe.com

နေပြီးမှ ...

"ဟေး... ကိုကိုမြင့်"

သူသည် လန့်ဖျပ်သွားသူတစ်ယောက်ကဲ့သို့ မိန်းမပျိုကို မျက်လုံးပြူးပြူးနှင့် ရုတ်တရက်လှမ်း၍ကြည့်လိုက်မိလေသည်။ သူ တစ်ခါကမှ မသိဘူး၊ မမြင်ဘူးခဲ့သော မိန်းမပျိုတစ်ယောက်က သူ့အား ဘာကြောင့် ကိုကိုမြင့်ဟု နှုတ်ဆက်နေရပါသနည်း။ သူသည် ပါးစပ်အဟောင်းသားနှင့် မိန်းမပျိုကို ကြည့်နေပါသည်။

တော်တော်ကျက်သရေရှိလှသော မိန်းမပျို...။

သူမရဲ့ ကိုယ်လုံး ကိုယ်ပေါက်မှာ ပြေပြစ်ချောမော၍ တစ်ဖက်သား ယောကျ်ားတစ်ယောက်ကို ဆွဲငင်နိုင်သော ရမ္မက်များဖြင့် ယိုဖိတ်နေပေသည်။ မျက်ခုံး မျက်လုံးကောင်း၍ နှာတံပေါ်သည်။ လှသည်ဟု ဝန်ခံရပေမည်။

အပြာရင့်ရောင် ပိုးထဘီနှင့် အပြာရင့်ရင့် သက္ကလပ်ကုတ်အင်္ကျီကို အင်မတန် အဆင်ပြေလိုက်လျောအောင် ဝတ်ဆင်ထားပေသည်။ သူမသည် ခုံမြင့်မြင့် ဖိနပ်ကို စီးထားလေသည်။ မိန်းမပျိုသည် အသက်အစိတ်ခန့်မျှသာပဲ ရှိပေလိမ့်ဦးမည်။

မိန်းမပျိုလည်း သူ့ကို ပါးစပ်အဟောင်းသားနှင့် ကြည့်နေသည်။

အတန်ကြာငြိမ်သက်၍နေရာမှ မိန်းမပျိုသည် အားယူ၍ပြုံးလိုက်လေသည်။ သူမရဲ့အပြုံးမှာ တကယ်ပဲချစ်စရာကောင်းလေသည်။ ကိုလှဦးကိုသည် အပြုံးသည် လှုပ်ရှားစေသည်။

မိန်းမပျိုသည် တစ်စုံတစ်ရာကို နက်နက်နဲနဲစဉ်းစားနေပြီးမှ ...

"လူချင်းက အင်မတန်ကို တူလွန်းလို့ မှားသွားတာပါပဲရှင်၊ စိတ်တော့ မရှိပါနဲ့"

မိန်းမပျိုသည် သူ့အား သာယာချောင်းစွာပြောဆိုတောင်းပန်နေလေသည်။

သူသည် ဟန်လုပ်၍ပြုံးလေသည်။ ဒါပေမဲ့ သူ့အပြုံးသည် အပြုံးနှင့် တော့ မတူပါ။

"ဩော် ... ဟုတ်ကဲ့၊ ကိစ္စမရှိပါဘူး"

သူသည် မနည်းပင်ကြိုးစား၍ သည်စကားကို ချောမောသွားအောင် ပြောရပေသည်။ သူသည် မိန်းမများနှင့် မရင်းနှီးဖူးခဲ့ပါ။ ကျောင်းမှာတုန်းက ရည်းစားဦးကိုပင် နီးနီးကပ်ကပ် စကားမပြောခဲ့ဘူးပါ။

မိန်းမပျိုသည် သူ့ကို စိတ်ဝင်စားစွာ ကြည့်နေလေသည်။

mgyoe.com

mgyoe.com


သူသည် အနေရအထိုင်ရခက်နေပါသည်။ သူသည် ဘယ်သို့သွား၍ ဘာ လုပ်ရမည်ကိုလည်း စဉ်းစား၍မရပါ။ သူသည် ဦးခေါင်းကို ငုံ့ထားလိုက်ရ လေသည်။

"ဒီလိုဆိတ်ငြိမ်နေတဲ့ နေရာကလေးများဟာ တော်တော်ကို အဖိုးတန် တာပဲနော်"

မိန်းမပျိုသည် အေးချမ်းစွာ ပြောနေလေသည်။ ဘယ်သူ့ကို ပြောပြနေ သလဲတော့မသိ။ ကိုလှဦးကိုလား၊ ပတ်ဝန်းကျင်ကိုပဲလား၊ ဒါမှမဟုတ်ရင် သူမ ကိုယ်ကိုသာပဲ ပြောနေတာလား။

ကိုလှဦးသည် မိန်းမပျိုကို ခေါင်းမော်၍ ကြည့်လေသည်။

မိန်းမပျိုသည် သူ့ကို ချစ်စဖွယ် ပြုံးပြလေသည်။ ဆွဲငင်သောအပြုံး...။

ကိုလှဦးသည် တော်တော်ပဲ ရင်ထဲမှာ လှုပ်ရှားသွားပေသည်။

"ရှင့်ကိုကြည့်ရတာ တယ်ပြီးစိတ်မချမ်းသာတဲ့လူနဲ့ တူတာပဲနော်"

မိန်းမပျိုသည် ရဲတင်းရင်းနှီးစွာ သူ၏ ကိုယ်ရေးကိုယ်တာကိစ္စကြီး တစ်ခုကို ဖွင့်ပြောနေပေသည်။ သို့ရာတွင် သူမရဲ့လေမှာ ကြင်နာသံတော့ ပါသယောင်ယောင် ထင်ရသည်။

သူသည် မိန်းမပျိုကို ထူးဆန်းစွာပဲ ကြည့်လိုက်လေသည်။

မိန်းမပျိုသည် ကရုဏာပြုံးဖြင့် သူ့အကြည့်ကို တုံ့ပြန်လိုက်သည်။

"ရှင်ဟာ အမူ့ရဲ့အစ်ကို ကိုကိုမြင့်နဲ့ တစ်ထေရာတည်းပါပဲရှင်"

မိန်းမပျိုသည် သူမရဲ့အမည်ကိုကြေညာရင်း သူမ၏အစ်ကိုနှင့် သူသည် တစ်ထေရာတည်းတူကြောင်းကို ပြောနေပြန်ပေသည်။

"ဩော် ... ဟုတ်ကဲ့၊ လူတူဟာလည်း တယ်မရှားတတ်လှပါဘူး"

"အို ... တူတာက တကယ့်ကို ချွတ်စွပ်တူတာပဲ၊ အရပ်အမောင်းရော၊ မျက်နှာရော၊ စကားပြောတဲ့အခါ လေယူလေသိမ်းပုံရော တစ်ထေရာတည်း ပါပဲရှင်၊ ဩော် ဒါထက် ရှင့်နာမည်ကလေးများကော မသိရဘူးလား... ဟင်၊ အမူ့နာမည်ကတော့ ခင်မူ တဲ့၊ အချင်းချင်းကတော့ အမူလို့ပဲ ခေါ်ကြပါတယ်"

"ကျွန်တော့်နာမည်က လှဦးပါတဲ့"

"ဩော်... ကိုလှဦးတဲ့လား၊ အမူ့ကိုကိုနာမည်ကတော့ ကိုဘမြင့်လို့ခေါ် ပါတယ်။ ကိုကိုမြင့်နဲ့ အမူနဲ့ တိုင်ပင်စရာရှိလို့ ဒီနေရာမှာ ကနေ့ညတွေ့ကြဖို့ ချိန်းထားတာ၊ ကိုလှဦးကို ကားပေါ်ကအဆင်း မြင်လိုက်တော့ ကိုကိုမြင့်ပဲမှတ် ပြီး အမူ အားရဝမ်းသာခေါ်ပြီး ပြေးလာခဲ့တာ၊ ခုတော့ ကိုကိုမြင့်မဟုတ်ဘဲ

mgyoe.com

mgyoe.com

ကိုလှဦးဖြစ်နေတာကိုး"

ကိုလှဦးသည် မခင်မူကို စိတ်ဝင်စားလာစပြုပေသည်။ မခင်မူမှာ ဖော်ရွေ၍ ရက်ရောရင်းနှီးသော စိတ်သဘောရှိပုံကို အကဲခတ်မိပေသည်။ သူသည် စောစောကထက် ရဲဝံ့စွာ ပြုံးလာနိုင်လေသည်။

"နှမဖြစ်တဲ့လူကတောင်မှပဲ လူမှားရအောင် ကျွန်တော်ဟာ မခင်မူရဲ့ အစ်ကို ကိုဘမြင့်နဲ့ တူပါသလားခင်ဗျား" သူသည် စိတ်ပါဝင်စားစွာပဲ မေးလိုက်မိလေသည်။

"အို ... ရှင် ကိုကိုမြင့်လာတော့ မြင်ရပါလိမ့်မယ်ရှင်၊ အမူနဲ့ ခြောက်နာရီ ထိုး ချိန်းထားတာ"

မခင်မူသည် သူမရဲ့လက်ပတ်နာရီကလေးကို မြှောက်၍ကြည့်လိုက်ပြီးသည့်နောက် "ဟော ခုပဲ ခြောက်နာရီ ထိုးနေပါပကောလား"

ကိုလှဦးသည် သူ့လက်ပတ်နာရီကို မခင်မူကဲ့သို့ မြှောက်၍ မကြည့်နိုင်ပါ။ သူ့လက်ပတ်နာရီသည် အပေါင်ဆိုင်၌ အပ်ထားရသည်မှာလည်း ကြာလှပါကော။

"ရှင်နဲ့တွေ့ရလို့ တော်သေးတာပဲ ကိုလှဦး၊ မဟုတ်ရင် အမူတစ်ယောက်တည်း ဒီနေရာမှာ စောင့်နေရမှာ ဘယ်လောက်များ ပျင်းဖို့ကောင်းနေမလဲမသိပါဘူး" မခင်မူကပင် ဆက်လက်၍ပြောနေပေသည်။

"တစ်ယောက်တည်းစောင့်နေရမှာကောမခင်မူ မကြောက်တတ်ဘူးလား"

မခင်မူသည် အသာအယာခေါင်းကိုခါရင်း သူမရဲ့ ကုတ်အင်္ကျီအိတ်ထဲမှ မိန်းမကိုင် ငွေရောင်ပစ္စတိုကလေးကို မပေါ့တပေါ့ ဆွဲထုတ်၍ပြပြီးနောက် ပြန်ထည့်ထားလိုက်သည်။

ကိုလှဦးသည် ခေါင်းကိုညိတ်နေမိလေသည်။

မခင်မူသည် လှပချောမော၍ ကျက်သရေရှိလှသော မိန်းမပျိုတစ်ယောက်သာမဟုတ်၊ သူမသည် သတ္တိလည်း ကောင်းပေသည်။ လျင်မြန်ဖျတ်လတ်၍ အကင်းပါးပုံလည်း ရပေသည်။

"မခင်မူရဲ့အစ်ကိုက မခင်မူတို့နဲ့ အတူတူမနေဘူးထင်တယ်"

"ဟုတ်ပါတယ်၊ ဖေဖေက သူ့ကို အိမ်က နှင်ချထားတာ ကြာပါပြီ၊ အမူ့ကိုလည်း ကိုကိုမြင့်နဲ့ အဆက်အသွယ်မလုပ်ရဘူးလို့ ဖေဖေက ပညတ်ထားတယ်။ ဒါပေမဲ့ အမူကတော့ ကိုယ့်မောင်နှမချင်းပဲ ဘယ်နေနိုင်ပါ့မလဲ ကိုလှဦးရယ်။ ကိုကိုမြင့်ကို တွေ့ချင်တဲ့အခါ ဒီနေရာမှာပဲ ချိန်းချိန်းပြီးတွေ့ကြတယ်။

mgyoe.com

mgyoe.com

သူ့အခက်အခဲကိုလည်း အမူကပဲ ဖေဖေ မသိအောင် ကူညီရတာပေါ့။ ဖေဖေက လည်း သွက်ချာပါဒဖြစ်နေတော့ အမူလုည့်သလိုဖြစ်နိုင်တာပေါ့လေ"

"သြော် ... ဟုတ်ကဲ့"

"ကိုကိုမြင့်သာ ကိုလှဦးကိုတွေ့ရရင်တော့ သိပ်အံ့သြသွားမှာပဲ ထင်တယ်"

"အံ့သြချင်လည်း အံ့သြမှာပါပဲ"

"ဒါထက် စိတ်လည်းမရှိနဲ့နော်၊ ကိုလှဦးဟာ ကိုယ့်အလုပ်နဲ့ကိုပဲလား၊ ဒါမှမဟုတ်ရင် အစိုးရအလုပ်နဲ့လား ဟင်..."

"ကျွန်တော် အလုပ်ပြုတ်နေတာ လေးလလောက်ရှိနေပါပြီခင်ဗျာ။ ဒါနဲ့ စိတ်ပျက်ပျက်ရှိတာနဲ့ ဒီနေရာကိုရောက်လာပြီး စဉ်းစားနေတာပါ မခင်မူ"

"သြော် ... သြော် ..." မခင်မူသည် သူ့အကဲကို ခပ်သလိုကြည့်ရင်း ခေါင်းညိတ်နေသည်။

"တကယ်ဆိုတော့လည်း လောကကြီးတစ်ခုလုံးမှာ ဘယ်လိုနေရာကမှ ဟန်မကျနိုင်တဲ့ ကျွန်တော့်လိုလူတစ်ယောက်အတွက် သက်သက်ပိုနေတာပဲဗျာ" သူသည် ရိုးသားစွာ ညည်းညူလိုက်မိပေသည်။

မခင်မူသည် တောက်ပစွာ ပြုံးလေသည်။

"ရှင်ကမှ ဒီလောက်စိတ်ပျက်ပြီး ချုံးပါအောင် ညည်းနေရင် ရှင့်ကို မှီခိုနေရတဲ့ လူများကတော့ ဘယ်လိုများနေမလဲ မပြောတတ်တော့ပါဘူး..." မခင်မူသည် မျက်နှာရိပ်ကို မခို့တရို့ကြည့်ရင်း မေးနေသည်။

သူသည် တစ်ယောက်တည်း သဘောကျသလိုလို ရယ်လိုက်ပြီးမှ...

"ကျွန်တော့်ကို မှီခိုနေတဲ့လူများရှိရင် တော်တာနဲ့ သေကုန်ကြမှာပေါ့"

"သြော် ... သြော်... တစ်ယောက်တည်းသမားဆိုရင် တော်သေးတာပေါ့ ရှင်"

သူသည် သူ့ဘဝကိုပြန်တွေးမိကာ သတိရလာသကဲ့သို့ အဝေးသို့လှမ်း မျှော်၍ ကြည့်နေလေသည်။ သူ့မျက်နှာမှာလည်း မခင်မူနှင့်စကားပြောနေစဉ်က ကဲ့သို့ နပျိုမနေတော့ဘဲ အနည်းငယ် အိုစာသွားပုံပင် ထင်ရပေသည်။

မခင်မူသည် လက်ပတ်နာရီကို ငုံ့၍ကြည့်လေသည်။ ခြောက်နာရီနှင့် မိနစ်နှစ်ဆယ်...

"အို... ကိုကိုမြင့်တစ်ယောက်ကလည်း ဘာပြုလို့ မလာနိုင်သေးပါလိမ့် မလဲနော်" မခင်မူသည် စိတ်ပျက်လက်ပျက်နှင့် ညည်းညူလိုက်လေသည်။

mgyoe.com

mgyoe.com


"စောပါသေးတယ် မခင်မှူ လာပါလိမ့်မယ်" သူသည် အားပေးစကားကို ပြောလိုက်သည်။

"လာတာ ဘယ်အချိန်မှ လာမယ်မှန်းမှမသိတာ ကိုလှဦး၊ အပြန် မေမေ့ဖို့ ဓာတ်စာလည်း ဝယ်သွားရဦးမယ်၊ ၇ နာရီထိုး မေမေ့ကိုလည်း ဆေးတိုက်ရဦးမယ်၊ ဘယ် အချိန်ရှိတော့မှာလဲ"

"ဘယ်နနာရီ ထိုးသွားပလဲ မခင်မှူ"

မခင်မှူသည် သူမရဲ့နာရီကိုသာ သူ့အား မြှောက်၍ ပြလေသည်။

အမှောင်ဓာတ်တို့က တစ်စမှတစ်စ ဝင်ရောက်လာပြီဖြစ်ရကား ညနေဦးသည် မှေးမှိန်၍ တဖြည်းဖြည်းပျောက်ကွယ်၍ သွားနေသည်။ လပြည့်ရက်ဖြစ်သဖြင့် လသည် တစ်စထက်တစ်စ ထိန်လင်းစပြုလာသည်။

စိမ်းလဲ့လဲ့အင်းလျားရေပြင်ထက်မှာ ငွေရောင်ခြည်ဖြာဆင်းနေပေပြီ။

ငွေရောင်ဖြာနေသော ရေပြင်ထက်မှာ ရွက်လှေကလေးသည် တငြိမ့်ငြိမ့်မျော၍ ပါလာသည်။ ရွက်လှေထက်မှ လက်ဆွဲဘာဂျာသံသည် ခပ်သဲ့သဲ့ကြားနေရပေသည်။

"ဟာ ... ခြောက်နာရီခွဲတော့မှာပါလား"

"ကိုကိုမြင့် မလာဖြစ်တော့ဘူး ထင်တယ်"

"ဟုတ်ပါလိမ့်မယ်၊ ဒါထက် ကျွန်တော်ပြန်တော့မှပဲ ထင်တယ်"

"ဒါထက် ရှင်က ဘယ်ကိုပြန်ရမှာလဲ ကိုလှဦး"

"ကျွန်တော် ထမင်းလခပေးစားတဲ့အိမ်ကိုပေါ့"

"ရှင့်အိမ်က ဘယ်မှာလဲ"

"ရေကျော်ဘက်မှာ မခင်မှူ"

"ရှင် အမှူ့ကားနဲ့ပဲ လိုက်ခဲ့တာပေါ့၊ ရှင့်အိမ်ရှေ့ကျတော့ ချပေးထားခဲ့မယ်လေ ကိုလှဦး"

"ကိစ္စမရှိပါဘူး မခင်မှူ၊ ခင်ဗျားမှာလည်း ကိစ္စတွေ ရှိနေသေးတာ ကျွန်တော့်အတွက် နေပါစေ"

"အားနာနေလို့လား ဟင် ကိုလှဦး၊ လူတစ်ယောက်နဲ့တစ်ယောက် ဒီလိုပဲ သိကြကျွမ်းကြပြီးတော့ အသိမိတ်ဆွေဖြစ်ကြရတာပဲရှင်၊ အားနာဖို့မရှိပါဘူး"

သူသည် မခင်မှူ၏ ရက်ရောဖော်ရွေလှသော အမူအရာကို အငေးသား ကြည့်နေမိလေသည်။

"အားနာနေတုန်းပဲလား ကိုလှဦး" ခပ်တိုးတိုးအုပ်၍ လေသံဖြင့် မခင်မှူ

mgyoe.com

mgyoe.com
က မေးနေပါသည်။

သူ့အပေါ်တွင် ဤမျှလိုက်လျောဖော်ရွေခဲ့ဖူးသော မိန်းမပျိုတစ်ယောက်တလေကိုမျှ ဤအသက်အရွယ်အထိ သူသည် မတွေ့ကြုံခဲ့ဘူးပါ။ မခင်မူနှင့် လူမှားနှုတ်ဆက်၍ လွန်ခဲ့သောတစ်နာရီသာသာလောက်ကမှပဲ သိခဲ့ကြရသော်လည်း မခင်မူကမူ ဖော်ရွေရက်ရောလှပါသည်။

သူသည် ပြုံးလိုက်၏။

မခင်မူနှင့် နှစ်ယောက်သား ဘေးချင်းယှဉ်၍ ကားကလေးဆီသို့ ရောက်လာကြစဉ် အင်းလျားရေပြင်ရဲ့ရှက်လေ့ထက်မှ တေးသံနှင့်လက်ဆွဲဘာဂျာသံကို မသဲမကွဲ ကြားနေရပေသည်။

"ခုံးမျက်စ သုံးရက်လ တူမကွာ၊ အဆုံးတစ်သက်မှာဖြင့် မမုန်းရက်စရာ ရှုပကာ၊ အုံးစက်ရာ အတူမြဲအောင်လေး..." တေးသံနှင့် လက်ဆွဲဘာဂျာသံမှာ မြိုင်လှသည်။

"စွဲမောင့်စိတ်မှာ..." လက်ဆွဲဘာဂျာသံသည် ဘောလယ်ကို ပြန်၍ကျော့နေပါသည်။

( ၄ )

သူသည် မခင်မူကို နောက်ထပ်၍ တွေ့ချင်နေပါသည်။

အဘယ့်ကြောင့် သူတွေ့ချင်နေသည်ကိုတော့ သူသည် မစဉ်းစားမိသေးပါ။ ချောမောလှ ပက္ကဓြေရှိလှသော ရုပ်သွင်ကို သူ့စွဲလမ်းကာ ကြည်နူးနေမိပေပြီ။ သူမရဲ့ ကိုယ်လုံးကိုယ်ပေါက်သည် သူ့ကို စိတ်ကူးယဉ်ကမ္ဘာသစ် တစ်ခုရဲ့ ညတစ်ညက အိပ်မက်ထဲကို ညှို့သွားခဲ့ပေသည်။ သူသည် လှပသော အိပ်မက်ထဲမှာ မခင်မူနှင့်အတူ နှင်းပန်းကလေးများ ပေါက်နေသော တောင်ထိပ်ပေါ်သို့ လက်တွဲ၍ တက်ခဲ့ကြပေသည်။

မခင်မူသည် သူ့အပေါ် ရဲဝံ့ဖော်ရွေလှပေသည်။

သူ့တစ်သက်နှင့်တစ်ကိုယ်မှာ သူ့အပေါ်တွင် မခင်မူတစ်ယောက်ကဲ့သို့ ရဲဝံ့ဖော်ရွေစွာ ဆက်ဆံဖူးသော မိန်းမပျိုတစ်ယောက်တလေကိုမျှ မတွေ့ခဲ့ဘူးပါ။ ကျောင်းတုန်းက ရည်းစားဦးပင်လျှင် လူချင်းဤမျှနီးနီးကပ်ကပ် တိတ်ဆိတ်ရာ အရပ်မှာ စကားမပြောရခဲ့ဘူး။

မခင်မူသည် သူ့ကိုသာမဟုတ်ဘဲ သာမန်ယောကျ်ားများကို ဆွဲငင်နိုင်သော ရမ္မက်တုံးများရှိလေသည်။ ပြုံးလိုက်ပုံ၊ စကားပြောပုံမှစ၍ သူမရဲ့ လှုပ်
mgyoe.com

mgyoe.com



ရှားပုံများမှာ ချစ်စရာကောင်းလေသည်။ သူမရဲ့အသံမှာ ညှို့သံပါသည်။

မခင်မူနှင့် စကားပြောရသည့်အချိန်ကလေးမှာ အေးချမ်းလှပါသည်။ သူသည် စိတ်ရဲ့ပင်ပန်းစရာများနှင့် ဘဝ၏ ဝန်လေးပင်ပန်းမှုများကို တစ်ခါတည်း မေ့နေခဲ့ပေသည်။ ငြိမ်သက်ခြင်းကို သူသည် စောင့်နေခဲ့သော်လည်း ငြိမ်သက်ခြင်းသည် သူ့ဆီသို့ ကူးစက်မလာခဲ့ပါ။ မခင်မူလာသောအခါ ငြိမ်သက်ခြင်းသာမက သာယာခြင်းနှင့် လှပသော စိတ်ကူးယဉ်စရာကလေးများကိုပါ သူ့ဆီသို့ ဆောင်ယူလာခဲ့ပေသည်။

သူသည် မခင်မူကို နောက်ထပ်၍ တွေ့ချင်နေပါသည်။

သူသည် မခင်မူကို အဘယ်သို့တွေ့နိုင်ပါမည်လဲ။ မခင်မူသည် ဘယ်မှာနေ၍ ဘယ်သူဘယ်ဝါရဲ့သမီးဆိုသည်ကို သူသည် ဘယ်လိုသိနိုင်ပါ့မလဲ"

မခင်မူသည် သာမန်ထဲကမဟုတ်ဘဲ အထက်တန်းစားထဲကမှန်း သူသည် အကဲခတ်မိလေသည်။ ကိုယ်ပိုင်ကားကလေးကို ကိုယ်တိုင်မောင်းလာပေသည်။ လူသူမရှိသောအရပ်မှာ တစ်ယောက်တည်းလာ၍ အိမ်မှ နှင်ချထားသောအစ်ကိုဖြစ်သူအား လာ၍စောင့်လေသည်။ တစ်ယောက်တည်းဆိုရင်တော့ကာ ပျင်းနေမှာပဲတဲ့။ ကြောက်တော့ မကြောက်ပါဘူး။

မခင်မူသည် သက္ကလပ်ကုတ်အင်္ကျီအိတ်ထဲမှ သူမရဲ့ ငွေရောင်ပစ္စတိုကလေးကို မသိမသာဆွဲထုတ်၍ ပြခဲ့ပေသည်။ တော်တော်သတ္တိကောင်းပုံရသော မခင်မူ။

ဒါတွေကတော့ ဟုတ်ပါရဲ့။ မခင်မူကို သူသည် ဘယ်လိုရှာရပါ့မလဲ။

သူသည် မခင်မူကို အင်မတန်ပဲ တွေ့ချင်နေပါသည်။

မခင်မူကလည်း သူနှင့်တွေ့ရစဉ်က သူ့အပေါ် တော်တော်ပဲ စိတ်ဝင်စားခဲ့ပေသည်။ "ရှင့်ကိုမှီခိုနေတဲ့သူများကတော့ ဘယ်လိုနေမယ်များ မပြောတတ်တော့ပါဘူး"တဲ့။ မခင်မူက သူ့ကိုယ်ရေးကိုယ်တာကိစ္စကလေးတစ်ခုကိုပင် နှိုက်နှိုက်ချွတ်ချွတ် မေးလိုက်တတ်သေးသည်။

သူသည် ရယ်မောလိုက်ပြီးမှ လူပျိုကိုယ်လွတ်ဖြစ်ကြောင်းကို ကြွားဝါလိုက်ရပေသည်။

သူမရဲ့အစ်ကို ကိုဘမြင့်နှင့် ချွတ်စွတ်တူ၍သာ မခင်မူသည် သူ့အပေါ် ဤမျှပွင့်လင်းစွာ ရင်းရင်းနှီးနှီးဆက်ဆံခဲ့ပုံပင် ထင်ရပေသည်။ သူ့လို အခြေအမြစ်မရှိသော လူလေလူလွင့်တစ်ယောက်ကို မခင်မူသည် သူ အိပ်မက် မက်သလို မက်နိုင်ပါ့မလား။

mgyoe.com

mgyoe.com


သူသည် မခင်မူကို အင်မတန်ပဲ တွေ့ချင်နေပါသည်။

မခင်မူသည် သူမရဲ့ အော်စတင်ကားကလေးနှင့် ရေကျော်ဘက်ရှိ သူငှားနေသော အခန်းကလေးရှေ့တွင် သူ့ကိုချပေးခဲ့၍ ထွက်သွားမည်ပြုသောအခါ...

"နောက်တော့လည်း တွေ့ကြသေးတာပေါ့နော် ကိုလှဦး" တဲ့။ မခင်မူသည် သူ့ကို နှုတ်ဆက်ခဲ့ပေသည်။

သူသည် ထွက်သွားသော ကားကလေးကိုမျက်စိတစ်ဆုံးကြည့်ရင်း ကျန်ရစ်ခဲ့ရပေသည်။

သူသည် စိတ်ညစ်စရာများနှင့် ဝန်လေးပင်ပန်းသော ဘဝကိုပါ မေ့လျော့ကာ မခင်မူကိုတွေ့ရနိုးတွေ့ရနိုးနှင့် ညနေဦးတိုင်း အင်းလျားရဲ့ ပတ်ဝန်းကျင်ထဲ အုန်းပင်ရိပ်မှာ သွား၍စောင့်နေခဲ့ပေသည်။ သို့ရာတွင် မခင်မူရဲ့ အရိပ်အရောင်ကိုမျှ သူသည် မတွေ့ခဲ့ရပေ။

သူသည် ဆယ်ရက်ခန့် အုန်းပင်ရိပ်မှာ ဖွဲကောင်းကောင်းနှင့် မိုးချုပ်သည်အထိ မခင်မူကို စောင့်ခဲ့ပါသည်။ မခင်မူကတော့ ပေါ်မလာ။ လာပါမည်ဟုလည်း သူ့ကိုမပြောခဲ့။ သူသာ တစ်ယောက်တည်း အိပ်မက်ထဲက နှင်းပန်းတွေ ပွင့်နေသော တောင်ထိပ်ပေါ်ကိုတက်ဖို့ ရူးနေရှာသည်။

မခင်မူ မလာပေမဲ့ အိမ်ရှင်အဒေါ်ကြီးသည် ကိုလှဦးဆီသို့ လာလေသည်။

"မောင်ရင့်အကြောင်းလည်း သိပါတယ်ကွယ်၊ ကြီးတော်လည်း ဘယ်ကမှ ရှာမရလို့ မောင်ရင်ရှာနိုင်ရင် ငွေငါးဆယ်လောက်တော့ ရှာပေးစေချင်ပါတယ်ကွယ်"

အဒေါ်ကြီးသည် သူ့အား အကျိုးသင့်အကြောင်းသင့် ပြောလာပေသည်။

သူသည် စိတ်ပျက်လက်ပျက်နှင့် မြို့ထဲသို့ ထွက်လာခဲ့ရပြန်ပေသည်။

"ခုလို လူတိုင်းကျပ်တည်းနေတဲ့အချိန်ကြီးမှာ ငွေငါးဆယ်ကို ဘယ်မှာသွားရှာရပါလိမ့်မလဲ"

သူသည် သူ့အခန်းကလေးထဲမှ ထွက်လာခဲ့စဉ် တစ်ယောက်တည်း တီးတိုးညည်းညူလိုက်မိသည်။

ပေါင်စရာနံ့စရာ အဝတ်ကောင်းအစားလှများကား ပြောင်နေခဲ့သည်မှာ ကြာပါပကော။ မြို့ထဲသို့ သူထွက်လာရသောအခါ၌ပင် သူသည် ပင်မင်း မပေးရဖန် များလှပြီဖြစ်သောကြောင့် မွဲခြောက်ခြောက်ရွှေတောင်လုံချည်နှင့် တစ်ပတ်နွမ်း ပိုးအပေါ်အင်္ကျီအနက်ကလေးကို ဝတ်ဆင်ခဲ့ရလေသည်။

mgyoe.com

mgyoe.com

မြို့ထဲသို့ ထွက်လာခဲ့ရသည့်တိုင်အောင် သူ့မှာ မျှော်လင့်စရာကားမရှိ။ သည်ငွေငါးဆယ်မှ ... သူသည် အဒေါ်ကြီးအတွက် ရအောင်ရှာမပေးနိုင်လျှင် အိမ်သို့ပြန်ဖို့ပင် မရဲတော့ပါ။

သူသည် ရည်ရွယ်ချက်မရှိသောခရီးကို နေပူကြီးထဲမှာ လျှောက်လာခဲ့လေသည်။

"ငွေကလေးငါးဆယ်"

သူသည် ငွေငါးဆယ်ကိုပင် ဘယ်လိုရှာရပါ့မလဲ။

( ၅ )

တစ်နေ့သာကုန်ခဲ့သည်။ ငွေငါးဆယ်ကိုကား သူသည် ဘယ်ကမှ ရှာ၍မရခဲ့သေးပါ။

သူသည် အဘယ်သူ့ထံမှာသွား၍ ချေးငှားရပါမည်နည်း၊ တောင်းရမ်းရပါမည်နည်း၊ လူတိုင်းလူကိုင်း ကျပ်တည်းနေကြသောအချိန်၌ အဘယ်သူသည် သူလိုနေသောငွေငါးဆယ်ကို ချေးငှားနိုင်ပါမည်နည်း။

သူသည် အိမ်မှထွက်လာကတည်းက အဘယ်သူ့ထံကမှ မချေးခဲ့သေးပါ။ သူသည် သူတစ်ပါးထံက တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ မချေးခဲ့စဘူး။ သူသည် "ငွေငါးဆယ်လောက် ခေတ္တပေးပါခင်ဗျာ" ဟူ၍ ပြောမထွက်ပါ။

သည်ငွေငါးဆယ်ကိုမှ သူ မရလျှင် အိမ်သို့ပြန်ရန် မရဲတော့။

သူတောင်း၍ရမည့်သူကားမရှိတော့။ သူ့ဘကြီးလည်း မွဲ၍သေသွားခဲ့ရပြီ။

တစ်နေ့သာ ကုန်ခဲ့သည်။ ငွေငါးဆယ်ကိုကား သူသည် ဘယ်ကမှရှာ၍မရခဲ့သေးပါ။

သူသည် ဆူးလေဘုရားလမ်းအတိုင်း ပလက်ဖောင်းပေါ်မှ လျှောက်လာခဲ့ပေသည်။ နေဝင်၍ မိုးချုပ်စပြုပြီဖြစ်သဖြင့် လမ်းဘေးရုပ်ရှင်ရုံများမှ ဓာတ်မီးများသည် လင်းထိန်နေကာ ရုပ်ရှင်ကြည့်မည့်သူများသည် လက်မှတ်များကို တိုးဝှေ့ဝယ်ယူနေကြပေသည်။ လှပသော ကားသစ်ကြီးများသည် ရုပ်ရှင်ရုံများရှေ့တွင် တန်းစီကာ ရပ်ထားကြလေသည်။

သူသည် ရုပ်ရှင်ရုံများတွင် လှပစွာဆေးခြယ်၍ ချိတ်ဆွဲထားသော ပိုစတာ ကားကြီးများကို အမှတ်မထင်ငေးကြည့်နေမိသည်။ လူတို့သည် ရုပ်ရှင်ရုံများတွင် ပျော်နိုင်ရွှင်နိုင်အားကြသော်လည်း သူတစ်ယောက်သာ လူများလို

mgyoe.com

mgyoe.com

ဘာဖြစ်လို့ ပျော်နိုင်ရွှင်နိုင်ခွင့်ကို မရဘဲ နေပါသလဲ။ သည်မေးခွန်းကို သူသည် မေးလိုက် သော်လည်း အဖြေကိုတော့ သူသည် မရှာ၊ မရှာသဖြင့်လည်း သူသည် ထိုမေးခွန်းကို မေးခွန်းအနေဖြင့်သာပဲ ထားလိုက်လေသည်။

လှပသော လူငယ်လူရွယ်များသည် လက်မှတ်များကို ရယ်ကာမောကာနှင့် ဝယ်ယူကြပြီးနောက် ရုပ်ရှင်ရုံထဲသို့ ပျော်ပျော်ပါးပါးဝင်၍ သွားနေကြသည်။

သူတစ်ယောက်သာပဲ ပလက်ဖောင်းပေါ်မှ ပိုစတာကားများကို ရသေ့စိတ်ဖြေသဘောနှင့် ရပ်ငေးကြည့်နေရပေသည်။ အဘယ်မျှကြာသွားသည့်တိုင်အောင် ရပ်ကြည့်ရင်းငေးနေသည်ကို မသိလိုက်။ သူ့နောက်နားက ပလက်ဖောင်းဘေးတွင် ကပ်၍ရပ်လိုက်သော အော်စတင်ကားအနက်ကလေး တစ်စီးကိုပင် သူသည် သတိမထားမိလိုက်ပါ။

"ကိုလှဦး"

မိန်းမသံသည် သူ့နောက်နားမှ မသဲမကွဲကြားသလိုရှိသဖြင့် သူသည် လှည့်၍ကြည့်လိုက်မိပေသည်။ ကားကလေးရဲ့ရှေ့ခန်း ဒရိုင်ဘာနေရာမှ မခင်မူပါ။

သူသည် အံ့သြခြင်း၊ ဝမ်းသာခြင်းအားဖြင့် ကြောင်နေသည်။ ပြန်၍ကားမထူးလိုက်မိပေ။

"ကိုလှဦး..." မခင်မူက သူ့ကိုပြုံး၍ ထပ်ခေါ်လိုက်ပြန်ပေသည်။

မခင်မူတစ်ယောက်တည်းသာမဟုတ်ဘဲ မခင်မူရဲ့ဘေးမှာ ယောကျာ်းပျိုတစ်ယောက်လည်း ပါသည်။ သူသည် မခင်မူဘေးမှ ယောကျာ်းပျိုကို ထူးဆန်းသလို ကြည့်ရင်း ကားကလေးဆီသို့ လျှောက်လာသည်။ ထိုသူမှာ ကိုလှဦးနှင့် လူချင်း အင်မတန်တူနေပါသည်။ နဖူး၊ မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ ခေါင်းဖြီးထားပုံမှာ တစ်ထေရာတည်းပင်ဖြစ်တော့သည်။ တစ်ခုပဲကွဲပြားသည်။ ကိုလှဦးရဲ့ အရောင်အဆင်းမှာ မွဲခြောက်ခြောက်၊ ထိုသူကတော့ ပိုးဖဲ ဘန်ကောက်တို့ဖြင့် အရောင်တောက်နေသည်။

"မခင်မူ" ကိုလှဦးသည် ကားအနီးသို့ရောက်ခါမှပဲ နှုတ်ဆက်လိုက်နိုင်ပေသည်။

ကားတံခါးသည် ပွင့်လာပြီးနောက် ယောကျာ်းပျိုနှင့် မခင်မူသည် ပလက်ဖောင်းပေါ်သို့ ဆင်းလာကြလေသည်။ မခင်မူဘေးမှ ယောကျာ်းပျိုသည် ကိုလှဦးကို အံ့သြစွာ ခြေဆုံးခေါင်းဖျား ကြည့်နေပေသည်။
mgyoe.com

mgyoe.com

"ကိုကိုမြင့်ကို ရုပ်ရှင်ရုံရှေ့မှာ ချထားခဲ့ပြီးတော့ ကိုလှဦးဆီ အမှု လာခဲ့မယ်လို့ဟာ အခန့် သင့်နေတာပဲ"

မခင်မူသည် ကိုလှဦးအား အားရဝမ်းသာပြောနေပြီးမှ သတိရလာသကဲ့သို့ "သြော်... သူက ကိုလှဦးလေ ကိုကိုမြင့်၊ အမူပြောနေတဲ့ ကိုကိုမြင့်နဲ့ တူတယ်ဆိုတဲ့ ကိုလှဦးဆိုတာ သူပဲ၊ သြော် ... ဒီဟာက အမူ့အစ်ကို ကိုကိုမြင့်လေ ကိုလှဦး၊ ရှင်နဲ့တူတယ်လို့ အမူပြောတဲ့ ကိုကိုမြင့်ပေါ့"

ကိုဘမြင့်နှင့် ကိုလှဦးတို့သည် တစ်ယောက်ကိုတစ်ယောက် ပြုံးလိုက်ကြပေသည်။ သို့ရာတွင် သူတို့သည် တစ်ယောက်ကိုတစ်ယောက် လက်ချင်းဆွဲ၍ နှုတ်ဆက်ဖို့မလိုဟု ထင်နေသလားတော့ မပြောတတ်။ သူတို့ရဲ့အပြုံးများမှာလည်း နှစ်နှစ်ကာကာ မရှိကြလှပါ။ ဝတ်ကျေဝတ်ကုန် ဟန်ပြုံး ပြုံးရခြင်းမျှသာပဲ။

"အမူက ပြောပြောနေတာနဲ့ပဲ ကိုလှဦးကို သိနေရပါပြီ၊ လူချင်းတွေ့ရတာလည်း ဝမ်းသာပါတယ်" ကိုဘမြင့်သည် ကိုလှဦး ကို ခပ်ပြုံးပြုံးကြည့်ရင်း ပြောနေလေသည်။

"ကျွန်တော်ကလည်းပဲ ခုလိုသိရတာ ဝမ်းသာပါတယ်ဗျာ ကိုဘမြင့်"

သူသည် ဟန်လုပ်၍သာ ပြောလိုက်ရသော်လည်း တကယ်ဆိုတော့ ကိုဘမြင့်ကို သိရသည်မှာ အဘယ့်ကြောင့်မှန်းမသိ များစွာဝမ်းမသာပါ။

မခင်မူသည် သူတို့နှစ်ယောက် စကားပြောနေကြသည်ကို ဘေးမှ ငြိမ်သက်စွာ ရပ်ကြည့်နေရာမှ...

"ကိုကိုမြင့်... ရုပ်ရှင်နောက်ကျနေမယ်နော်၊ နောက်တော့ တစ်ယောက်နဲ့ တစ်ယောက် စကားပြောဖို့ အချိန်တွေ အများကြီးကျန်ပါသေးတယ်၊ မဟုတ်ဘူးလား ဟင် ကိုလှဦး"

ကိုဘမြင့်နှင့် ကိုလှဦးသည် မခင်မူကို ပြုံးလိုက်ကြသည်။

"သွားမယ်နော် ကိုလှဦး၊ ကျွန်တော် နောက်ကျနေတော့မယ်၊ နောက်တော့လည်း တွေ့ကြသေးတာပေါ့ဗျာ" ကိုဘမြင့်သည် နှုတ်ဆက်ရင်း ကိုလှဦးမမြင်အောင် မျက်စိတစ်ဖက် မှိတ်ပြပြီးနောက် ရုပ်ရှင်ဘက်ဆီသို့ လျှောက်သွားလေသည်။

"ရှင် ဘယ်သွားစရာများ ရှိသေးလဲ ဟင် ကိုလှဦး" မခင်မူ က စတင်၍ မေးလေသည်။

သူသည် ခေါင်းကိုသာပဲ ခါပြလိုက်သည်။

mgyoe.com

mgyoe.com


"ရှင်အားရင်တော့ အမူနဲ့ ဈေးဝယ်ရအောင်လိုက်ခဲ့ပါလား ဟင်… ကိုလှဦး၊ ပြီးတော့မှ တစ်ခုခုစားရင်း စကားကလေးဘာကလေး ပြောရအောင်နော်" မခင်မူသည် သူ့အဖြေကို မစောင့်ဘဲ ကားပေါ်သို့ တက်နှင့်ပေပြီ။ ကိုလှဦးသည် ပြန်မဖြေဘဲ ကားနောက်ခန်းသို့ တံခါးဖွင့်၍ တက်မည်အပြု…

"ရှေ့ခန်းကတက်လေ ကိုလှဦး၊ လာပါ အမူ့ဘေးနားကို" မခင်မူက သူ့အား ခေါ်လိုက်သဖြင့် သူသည် ရှေ့ခန်း မခင်မူဘေးတွင် ဣန္ဒြေရရ ဝင်၍ ထိုင်လိုက်မိပါသည်။

မခင်မူရဲ့ကိုယ်မှ အမွှေးနံ့သည် ချစ်စဖွယ်ပင် သင်းနေပါသည်။

မခင်မူသည် ကားကလေးကို စက်နှိုးပြီးနောက် ဖြည်းညင်းစွာ လိမ့်၍ ထွက်လာခဲ့ပေသည်။ လူနှင့်ကားများ ရှုပ်ထွေးသောလမ်းမကြီးများကို ဖြတ်သန်းလာခဲ့ပြီးနောက် ပိုးထည်တိုက်ကြီးတစ်ခုရှေ့ဝယ် မခင်မူသည် ကားကလေးကို ရပ်လိုက်သည်။

မခင်မူနှင့် ကိုလှဦးတို့သည် ပိုးတိုက်ထဲသို့ ဝင်လာခဲ့ကြလေသည်။ နောက်ဆုံးပေါ် ပိုးဖဲဘန်ကောက် အဆင်အဆန်းများကို မှန်သေတ္တာကြီးများထဲတွင် တခမ်းတနား ခင်းကျင်း၍ ပြထားသည်။ ဈေးရောင်းသူများသည် ပျာပျာသလဲ ခရီးဦးကြိုပြုကြလေသည်။

"နောက်ဆုံးပေါ် အကောင်းဆုံးဘန်ကောက်ထဲက ကြည့်ပါရစေ" မခင်မူသည် သည်ဟာပဲ ပြောလိုက်သည်။ ဆိုင်ရှင်သည် မှန်သေတ္တာထဲမှ ကြည်ပြာရောင်ဘန်ကောက်အုပ်နှင့် အစိမ်းနုအုပ်တစ်အုပ်ကို လာ၍ပြလေသည်။

"ဒီအရောင်အသွေး ရှင်မကြိုက်ဘူးလား ဟင်… ကိုလှဦး" မခင်မူက ဘေးမှငြိမ်သက်စွာ ရပ်ကြည့်နေသော ကိုလှဦးကို ပြုံး၍မေးလိုက်သည်။

"အနားမကပ်နိုင်သေးပါဘူး မခင်မူရယ်" သည်ဟာပဲ သူကပြောလိုက်သည်။

မခင်မူသည် မဲ့ပြုံးကလေးပြုံးကာ ကြည်ပြာတစ်ကွင်း၊ အစိမ်းနုတစ်ကွင်းစီ ဆိုင်ရှင်အား အဖြတ်ခိုင်းလိုက်လေသည်။

ပိုးတိုက်ထဲမှ နှစ်ယောက်သား ဆင်းလာကြသောအခါ ဝယ်ခြမ်းလာသော ပစ္စည်းများကို ဈေးရောင်းသူတစ်ယောက်သည် ကားကလေးပေါ်သို့ ရောက်အောင် လိုက်၍ပို့လေသည်။

မခင်မူသည် ငွေသုံးရာကျော်ဖိုး စာရင်းကို ရှင်းခဲ့ပေသည်။

ဘန်ကောက်နှစ်ကွင်း တစ်ရာ့တစ်ဆယ်၊

mgyoe.com

mgyoe.com


ပိုးရုပ်လက်ရှည်နှစ်ထည်က ငါးဆယ့်လေးကျပ်၊
အယ်လ်ပါးကား အပေါ်အင်္ကျီက ငါးဆယ့်ငါးကျပ်၊
ကတ္တီပါပိန်းတန်းဖိနပ်ယောကျ်ားစီးတစ်ရံ ကိုးကျပ်၊
လက်ကိုင်ပဝါ တစ်ဒါဇင် နှစ်ဆယ်၊

စုစုပေါင်း ငွေသုံးရာကျော်ဖိုး ကိုလှဦးကို ဝယ်ပေးခဲ့ရသဖြင့် မခင်မူသည် များစွာ ကျေနပ်လျက်ရှိနေပုံရသော်လည်း ကိုလှဦးသည် ဘေးမှအံ့သြနေပေသည်။ မခင်မူသည် သူ့အပေါ် အဘယ်သို့စေတနာဖြင့် ယခုကဲ့သို့ ရှားပါးတိုတောင်းလှသော အချိန်အခါကြီးမျိုးတွင် ငွေသုံးရာကျော်ဖိုးမျှပင် ဝယ်ခြမ်းပေးရပါသနည်း။ပြီးတော့လည်း သူ့တစ်သက်နှင့်တစ်ကိုယ်တွင် အဘယ်မိန်းမသားတစ်ယောက်တလေမှ ဤကဲ့သို့ ဂရုတစိုက်လိုက်၍ မဝယ်ခြမ်းပေးခဲ့စဖူး။ သူသည် မခင်မူလုပ်သမျှကို ဘာတစ်ခွန်းမျှဝင်၍မပြောဘဲ ငြိမ်သက်စွာ ကြည့်နေခဲ့မိ သည်။

ကားကလေးသည် ပိုးထည်တိုက်ရှေ့မှ ထွက်ခွာလာခဲ့ပြီးနောက် ပန်းဆိုးတန်းဘက်မှ အထက်တန်းကျကျ ပျော်ပွဲစားရုံတစ်ခုရှေ့တွင် ရပ်လိုက်လေသည်။

"အဆာပြေတစ်ခုခုစားရင်း အေးအေးဆေးဆေးစကားပြောကြတာပေါ့ နော် ကိုလှဦး" တစ်ခုခုစားရင်း စကားပြောဖို့ မခင်မူက အကြံပေးသဖြင့် သူတို့သည် ကားပေါ်မှဆင်းကာ ပျော်ပွဲစားရုံ၏ သီးသန့်အခန်းကလေးတစ်ခုအတွင်း . သို့ ဝင်ရောက်လာခဲ့ကြပေသည်။

စားပွဲထိုးသည် သူတို့ဘေးမှာ ရပ်လာသည်။

ကိုလှဦးသည် ဘာ မှာရမည်ကို မသိပါ။ သည်သည် သည်လိုအထက်တန်းစား ပျော်ပွဲစားရုံများကို မတက်ရောက်ခဲ့ဘူးသဖြင့် ဘာမှာ၍ ဘာရသည်ကိုလည်း မသိ၊ မခင်မူကသာ အကင်းပါးစွာ စားစရာများကို မှာလိုက်ရလေသည်။

စားပွဲထိုးသည် အရိုအသေပြုပြီးနောက် ထွက်သွားသည်။

"ဪ ... ဒါထက် ကိုလှဦး အလုပ်မဝင်ဖြစ်သေးဘူးလား"

မခင်မူသည် လက်ဆွဲသားရေအိတ်ထဲမှ ငွေစီးကရက်ဘူးကို အသာအယာထုတ်ယူရင်း မေးလိုက်သည်။

"အလုပ်ကတော့ ရှာနေတုန်းပဲ မခင်မူ၊ ခုထက်ထတော့ မဝင်ရသေးပါဘူး ဗျာ"

"ဒီလိုဆိုရင်တော့ ခုအတောအတွင်း ရှင်အားနေတာပေါ့နော် ဟုတ်လား"

mgyoe.com

mgyoe.com


"အားတော့ မအားလှသေးဘူး ခင်ဗျ"

"ဘာပြုလို့လဲ ဟင် ကိုလှဦး"

"အလုပ်မရှိတဲ့အတွက် အလုပ်လိုက်ရှာနေရလို့"

မခင်မူသည် သဘောကျသွားသကဲ့သို့ သွားကလေးများပေါ်သွားအောင် ပင် ပြုံးလိုက်ရင်း ကိုလှဦးအား ငွေစီးကရက်ဘူးကိုဖွင့်၍ စီးကရက်ကို လှမ်းပေး နေသည်။ ကိုလှဦးသည် စီးကရက်တစ်လိပ်ကို ယူလိုက်ပြီးနောက် မီးညှိကာ နှစ်ခြိုက်စွာ ဖွာနေလေသည်။ မခင်မူသည် စီးကရက်ကို မီးညှိနေရာမှ...

"ကိုကိုမြင့်ကို ဘယ်လိုသဘောရသလဲ ... ဟင် ... ကိုလှဦး" မေးခွန်း အသစ်ကို မေးလိုက်ပေသည်။

သူသည် ရုတ်တရက်မဖြေနိုင်သေးဘဲ တွေဝေ၍သွားရာမှ...

"စောမနေဘူးလား မခင်မူ၊ ခုမှပဲ လူချင်းတွေ့ကြရတာ"

"ကိုကိုမြင့်ဟာ တော်တော်မာနကြီးတယ် ကိုလှဦး၊ ဖေဖေက လွန်ခဲ့တဲ့ သုံးလေးလလောက်က သူ့စကားနားမထောင်တာနဲ့ အိမ်ပေါ်က နှင်ချလိုက်တာ၊ ခု ဖေဖေ့ရောဂါဟာ တော်တော်ကလေး စိုးရိမ်ရလို့ ဖေဖေစိတ်ကောင်းအောင် လာကြည့်ပြီး တောင်းပန်ဖို့ အမူကပြောတာတောင် ဘယ်လိုမှပြောလို့မရဘူး၊ ဖေဖေကလည်း စိတ်တော့ စိတ်ပြေနေပါပြီ၊ သူ လာမတောင်းပန်ချင်ပေမဲ့ ဖေဖေ့ကို မျက်နှာကလေးလာပြရင် ဖေဖေစိတ်ပြေပြီး စိတ်ကောင်းသွားမှာပါပဲ"

"ဩော်... ဒီလိုလား" သူသည် သည်အထိ မာနထားသော ကိုဘမြင့်ကို အံ့ဩသွားမိပေသည်။

"ဖေဖေ့ရောဂါဟာ တော်တော်ကလေး သည်းလာပြီး စိုးရိမ်ရလို့ ဖေဖေ စိတ်ကောင်းလာအောင် အမူတော့ ကိုကိုမြင့်ကို ဘယ်လိုဖေဖေ့ဆီလာအောင် ခေါ်ရပါ့မလဲလို့ စဉ်းစားလိုက်တာ ဘယ်လိုမှစဉ်းစားလို့ မရပါဘူး ကိုလှဦး ရယ်။ အဲဒီအတွက် စိတ်ညစ်ညစ်ရှိတာနဲ့ ရှင့်ကိုလည်း သတိရပြီး တိုင်ပင်ရ အောင် ထွက်အလာ ကိုကိုမြင့်နဲ့ လမ်းမှာတွေ့လို့ သူ့ကိုရုပ်ရှင်ရုံ လိုက်ပို့ပေးရ မယ်ဆိုတာနဲ့ လိုက်ပို့ပေးနေရသေးတုန်း ရှင်နဲ့ အခန့်သင့်တွေ့နေတာပါပဲ"

စားပွဲထိုးသည် စားစရာများကို ယူလာ၍ ချပေးလေသည်။

မခင်မူသည် စီးကရက်ကို ဆက်ကာဆက်ကာ ဖွာရင်း မီးခိုးများကို မှုတ် ထုတ်ကာ တစ်စုံတစ်ရာကို စဉ်းစားနေပုံပင် ထင်ရသည်။ ကိုလှဦးသည် မာနကြီး လှသော ကိုဘမြင့်ကို အံ့ဩနေမိပေသည်။

"ဖေဖေဟာ ကိုကိုမြင့်ကို စိတ်ဆိုးတုန်းက နှင်ချလိုက်ပေမဲ့ ခုတော့

mgyoe.com

mgyoe.com
စိတ်ပြေသလောက်လည်း ပြေနေပါပြီ ကိုလှဦးရယ်၊ ဒါတောင်မှပဲ ကိုကိုမြင့်ဟာ ဘယ်လိုမှပြောလို့ မရနိုင်တာနဲ့ အမူတော့ဖြင့် တော်တော် စိတ်ဆင်းရဲနေရတာ ပါပဲ" မခင်မူသည် ဆက်လက်၍ ညည်းညူနေပါသည်။

"ကျွန်တော် ဘာများ ကူညီနိုင်မယ်ထင်သလဲ မခင်မူ၊ ပြောပါ၊ တတ်နိုင် သလောက် ကူညီဖို့တော့..."

မခင်မူသည် တောက်ပစွာပဲ ပြုံးလာပေသည်။

"ကျေးဇူးတင်ပါတယ် ကိုလှဦး၊ ကဲ ကဲ စားစရာတွေ အေးကုန်တော့မယ်၊ စားရင်းပဲ ပြောကြသေးတာပေါ့နော်၊ ဟုတ်လား"

သူတို့သည် စားစရာများကို တဖြည်းဖြည်းစားသောက်နေကြလေသည်။

ကိုလှဦးမှာ သည်လိုစားကောင်းသောက်ဖွယ်များနှင့် ဝေးကွာနေသည်မှာ ကြာပြီဖြစ်၍ စား၍အရသာရှိတိုင်း စားသောက်နေလေသည်။ သူသည် တစ်နေ ကုန် လမ်းလျှောက်ခဲ့ရသဖြင့် ဆာလောင်လျက်နေပါသည်။

"ဖေဖေ ခုလိုစိုးရိမ်နေရတဲ့အချိန်မှာ ကိုကိုမြင့်ကို လာကြည့်ဖို့ခေါ်မရရင် ဖေဖေဟာ ဒီ့ထက်စိတ်မကောင်းဖြစ်ပြီး သူ့ရောဂါဟာ သည်းသည်ထက် သည်း လာတော့မှာကို စိုးရိမ်ရတယ်"

"ဟုတ်ကဲ့"

"ကိုကိုမြင့်ကတော့ ဘယ်လိုမှခေါ်လို့ရမှာလည်း မဟုတ်တော့ အမူ တစ်ခုစဉ်းစားမိတာက ကိုကိုမြင့်အစား ကိုလှဦး ဖေဖေ့ကို လာကြည့်ပေးနိုင်မယ် ဆိုရင်တော့ ဘယ်လောက်များ ကောင်းလိုက်မလဲလို့"

"ကျွန်တော့်အတွက်ကတော့ ဝန်လေးတဲ့ကိစ္စမှ မဟုတ်ဘဲ မခင်မူ၊ ဒါပေ မဲ့ ဖြစ်နိုင်မဖြစ်နိုင်ဆိုတဲ့ ကိစ္စကိုတော့ မခင်မူကြည့်ပြီး ဆုံးဖြတ် စီစဉ်ရမှာပဲ"

"ရှင် အခုလို ကူညီပေးမယ်ဆိုတော့ ဝမ်းသာလိုက်တာ ကိုလှဦးရယ်၊ ရှင့်ကို ဘယ့်လိုများ ကျေးဇူးတင်ရမှန်းလည်း မသိတတ်တော့ပါဘူး" မခင်မူ သည် အားရဝမ်းသာပြောလိုက်သည်။

သူသည် စားစရာများကိုသာပဲ ဆက်လက်၍ စားနေသည်။

"ဖြစ်နိုင်မဖြစ်နိုင်တဲ့ ကိစ္စကတော့ အမူ နားလည်ပါတယ် ကိုလှဦး၊ မဖြစ်နိုင်စရာလည်း ဘာမှမရှိပါဘူး"

"စကားတွေဘာတွေ ပြောနေရရင်ကော မခက်ဘူးလား မခင်မူ"

"ဖေဖေ စကားမပြောနိုင်ဘူး ကိုလှဦး၊ ဒါကြောင့် ရှင် စကားပြောနေဖို့ တော့ မလိုပါဘူး၊ ဖေဖေလည်း အိပ်ရာထဲက မထနိုင်တော့ သူနဲ့ ခပ်လှမ်းလှမ်း

mgyoe.com

မှာ ရှင်ထိုင်ပြီး မျက်နှာပြရုံပါပဲ"

"ဖြစ်နိုင်မယ်ဆိုရင်တော့ ကျွန်တော် ကူညီပါ့မယ် မခင်မူ"

"ကျေးဇူးတင်လိုက်တာ ကိုလှဦးရယ်၊ ကျေးဇူးတင်လိုက်တာ"

"မလိုပါဘူး မခင်မူရယ်၊ တစ်ယောက်ကိုတစ်ယောက် တတ်နိုင်သလောက် ကူညီကြရမှာပါခင်ဗျာ"

"ဒီလိုဆိုရင် ကိုလှဦး မနက်ဖြန်ကာညနေလောက်ကော မအားဘူးလားဟင်"

"အားပါတယ်"

"ဒါဖြင့် ရှင့်အိမ်က စောင့်နေတာပေါ့နော်၊ ဟုတ်လား ကိုလှဦး၊ အမူ ၇ နာရီခွဲလောက် ကားနဲ့လာခေါ်မယ်"

"ကောင်းသားပါပဲ"

စားစရာများ စားသောက်ကြပြီးသောအခါ ပျော်ပွဲစားရုံထဲမှ သူတို့ထွက်လာခဲ့ကြပေသည်။ မခင်မူသည် သူ့ကို ကားလေးနှင့် အိမ်ပေါက်ဝအထိ လိုက်၍ပို့ပေးပြီးနောက် သူမသည် မထွက်သွားမီ သားရေအိတ်ထဲမှ တစ်ရာတန် သုံးရွက်ကို ထုတ်ယူကာ ကိုလှဦးအင်္ကျီအိတ်ထဲသို့ ဇိုးဇိုးဇတ်ဇတ်ပင် ထည့်လိုက်သည်။

ကိုလှဦးသည် မည်သို့မျှနားမလည်ဘဲ မခင်မူလုပ်သမျှကို အငေးသားကြောင်၍ ကြည့်နေမိသည်။

"သွားမယ်နော် ကိုလှဦး၊ မနက်ဖြန်ညနေ ၇ နာရီ အမူလာခဲ့မယ်၊ စောင့်နေနော်"

ကားကလေးသည် တဖြည်းဖြည်းလိမ့်၍ ထွက်သွားပေပြီ။

သူသည် ကားကလေးကို မျက်စိတစ်ဆုံးကြည့်နေပြီးမှ သူ့အတွက် မခင်မူ ဝယ်ခြမ်းပေးခဲ့သော အထုပ်အပိုးများနှင့် သူ့အင်္ကျီအိတ်ထဲမှ တစ်ရာတန် သုံးချပ်ကိုပါ အံ့သြနေသည်။

တကယ်ပါပဲ သူသည် အံ့သြနေပါသည်။

( ၆ )

၇ နာရီ … နောက်တစ်နေ့။

တကယ်ပါပဲ၊ သူသည် အံ့သြနေတုန်းပင် ဖြစ်ပါသည်။ သူသည် မခင်မူနှင့် မနေ့ညက တွေ့ခဲ့ရပြီးနောက် မခင်မူရဲ့ လှုပ်ရှားပုံများကို အံ့သြနေမိပေ

mgyoe.com

mgyoe.com

သည်။ သူသည် သူ့အခန်းကလေးထဲမှာ တစ်နေကုန်အောင်း၍ မခင်မူရဲ့ လှုပ်ရှား နေခဲ့ပုံကလေးများကိုသာပဲ အပြန်ပြန်အလှန်လှန် စဉ်းစားနေပါသည်။

မခင်မူရဲ့ သဘောထားမှာ ဘယ်လိုရှိပါလိမ့်မလဲပဲ။

သူသည် ဘယ်လိုမှ နိဂုံးချုပ်မတတ်နိုင်အောင် ဖြစ်နေခဲ့မိပေသည်။ မခင်မူကို ထူးခြားသောမိန်းမပျိုတစ်ယောက်ဟုပဲ သူတွေးမလား၊ တွေးချင်သလိုပဲ တွေးတာပေါ့။

ဒါပေမဲ့ မခင်မူသည် သူ့ကို သူမနှင့်အတူ ရောနှောလှုပ်ရှားအောင် ဆွဲဆောင်သွားပုံမှာ ညင်သာ၍ အင်မတန်မှ ညက်ညောလှပါပေသည်။ သည်ဟာကို သူ ဝန်ခံရမည်။

အော်စတင်ကားကလေးသည် သူ့အခန်းရှေ့မှာ ညင်သာစွာရပ်လာသည်။

မခင်မူ ... ဟုတ်ပါသည် ... မခင်မူပါ ...။

သူမသည် ကားရှေ့ခန်းထဲမှ ချစ်စဖွယ်ပင် ပြုံးပြနေသည်။ သူသည် အခန်းကလေးထဲမှ ဆင်းလာကာ ကားကလေးဆီသို့ ဣန္ဒြေရရပဲ လျှောက်လာခဲ့ပေသည်။

"စောင့်နေရတာ ကြာပလား ဟင်... ကိုလှဦး"

ရွှန်းရွှန်းစားစား သူ့ကိုကြည့်နေရာမှ မခင်မူသည် ပြုံး၍မေးလိုက်သည်။ ဆံပင်ကို သေသပ်ပိရိစွာ ဖြီးထားကာ ကြယ်ပြာရောင် ဘန်ကောက်လုံကွင်း၊ အတွင်းက ပိုးရုပ်အင်္ကျီအဖြူ၊ အပေါ်အင်္ကျီက သက္ကလပ်မီးခိုးရောင်နှင့် သပ်ရပ်စွာ ဝတ်ဆင်ထားသော ကိုလှဦးမှာ ယခင် မခင်မူနှင့် အင်းလျားစောင်းနှင့် ရုပ်ရှင်ရုံရှေ့တွင် တွေ့ရစဉ်ကကဲ့သို့ မွဲခြောက်ခြောက်မဟုတ်တော့ဘဲ တော်တော်ခန့်ညား၍ ကြည့်၍လည်း ကျက်သရေရှိနေသော လူချောလူလှတစ်ယောက် ဖြစ်နေပါသည်။

"ကနေ့တစ်နေ့လုံး ဘယ်ကိုမှမသွားဘဲ မခင်မူ"

ကိုလှဦးသည် လတ်ဆတ်စွာပြုံးလိုက်သည်။ ကျက်သရေရှိသောမျက်နှာမှ လှပစွာပွင့်လိုက်သောပန်း။

"ဪ ... ဟုတ်ကဲ့" မခင်မူသည် ကားရဲ့ရှေ့ခန်းမှ တံခါးကို အသာအယာ ဖွင့်၍ပေးလေသည်။ သူသည် ဖွင့်ပေးသော ရှေ့ခန်းတံခါးမှတက်ကာ မခင်မူဘေးတွင် ဣန္ဒြေရရ ဝင်၍ထိုင်လိုက်သည်။

ကားကလေးသည် စက်နိုးလာကာ တဖြည်းဖြည်းလိမ့်၍ ထွက်လာခဲ့

mgyoe.com

mgyoe.com

သည်။ မကြာမီ လျှပ်စစ်မီးပန်းပွင့်များအောက်တွင် ငွေရောင်တောက်နေသော ရန်ကုန်မြို့ရဲ့ ညလယ်ထဲမှာ ကားကလေးသည် တငြိမ့်ငြိမ့်ပြေးသွားနေတော့သည်။

"ကိုလှဦး ညစာစားပြီးခဲ့ပြီလား ဟင်" ရှုပ်ထွေးသောလမ်းမကြီးတွင် ကားကို ဂရုစိုက်မောင်းနေရသဖြင့် သူ့ကိုစောင်းငဲ့၍ပင် မကြည့်နိုင်ဘဲ ရှေ့သို့သာ ကြည့်ရင်း မခင်မူက မေးလိုက်လေသည်။

"ဟုတ်ကဲ့ ပြီးခဲ့ပါပြီ မခင်မူ"

"တစ်ခုခုစားကြဦးမလား ဟင် ကိုလှဦး"

"မခင်မူ ဆာရင်တော့ စားလေ၊ ကျွန်တော်တော့ ဝနေပြီ"

"အမူတော့ မဆာပါဘူး၊ ကိုလှဦးသာ ဆာနေမှာစိုးလို့ပါ"

"မဆာပါဘူး မခင်မူ၊ အပြန်ကျမှပဲ ဆာလာလို့ရှိရင်လည်း စားကြသေးတာပေါ့ဗျာ"

မခင်မူသည် နောက်ထပ်စကားမပြောတော့ဘဲ ကားကိုသာ ဂရုစိုက်၍ မောင်းနေလေသည်။ ကားကလေးသည် ရန်ကုန်မြို့ကြီး၏ ရှုပ်ထွေးစည်ကားလှသော ရပ်ကွက်များကို တစ်စထက်တစ်စ ကျော်လွန်၍လာခဲ့လေသည်။ ကိုလှဦးတစ်ယောက်ကတော့ သူ့ဘေးမှာ ကားမောင်းနေသော လှပျိုဖြူရဲ့ကိုယ်မှ ဖွေးကြိုင်ကာ သင်းနေသော ရနံ့ကလေးများအကြားတွင် မူးယစ်ငိုက်မျဉ်းကာ မိန်း၍ပါလာသဖြင့် ကားကလေးသည် အဘယ်သို့ဦးတည်ကာ ပြေးသွားနေသည်ကိုပင် ဂရုမပြုမိခဲ့ပေ။

ကားကလေးသည် စည်ကားဆူညံသောရပ်ကွက်များနှင့် တဖြည်းဖြည်းဝေးသည်ထက်ဝေးသွားကာ ရန်ကုန်မြို့၏ အစွန်အဖျားကျသော ဆင်ခြေဖုံးရပ်ကွက်တစ်ခုထဲတွင် ပြေးလွှားနေပြီးနောက် မကြာမီ ကျယ်ဝန်းသော ခြံကြီးတစ်ခုအတွင်းရှိ နှစ်ထပ်တိုက်ကြီး၏ ဆင်ဝင်အောက်ဝယ် ညင်သာစွာ ထိုး၍ရပ်သွားလေသည်။

ဆင်ဝင်အောက်ဝယ် ဓာတ်မီးပွင့်သည် လင်းထိန်နေသဖြင့် ခမ်းနားသောတိုက်၏အောက်ခံကို လှစ်ပြနေသည်။ အခိုင်းအစေနှင့်တူသော လူကြီးတစ်ယောက်သည် သံတိုင်တံခါးကို လာ၍ဖွင့်ပေးနေလေသည်။

"ဒါ အမူတို့တိုက်ပဲ ကိုလှဦး ... ရောက်ပြီ"

မခင်မူသည် ကားစက်ကိုပိတ်ကာ ပြောလိုက်သည်။

ကားပေါ်မှ နှစ်ယောက်သားဆင်းလာကြပြီးနောက် တိုက်ထဲသို့ ဝင်လာ

mgyoe.com

mgyoe.com

ခဲ့ကြသောအခါ အခိုင်းအစေနှင့်တူသောလူကြီးသည် ကိုလှဦးကို ထူးဆန်းစွာ ကြည့်နေလေသည်။

"ဦးသာဖံ... အောက်ထပ်မှာ သိမ်းစရာရှိတာ သိမ်းထားပါ၊ အပေါ်ထပ်ကို ကျွန်မ မခေါ်ဘဲ ဘယ်သူမှ မလာပါစေနဲ့"

မခင်မူသည် အခိုင်းအစေနှင့်တူသော လူကြီးအား အမိန့်ပေးလိုက်သည်။

"ဟုတ်ကဲ့ မမလေး" လူကြီးသည် ရိုသေစွာ ပြန်ပြောပြီးနောက် ထွက်၍ သွားလေသည်။

"လာ ကိုလှဦး ... အပေါ်ထပ်ကို" အပေါ်ထပ်သို့ လှေကားကြီးမှ တက်လာခဲ့ကြလေသည်။

ဧည့်ခန်းဆောင်...

ခန့်ညားပြောင်လက်သော အိမ်ထောင်ပရိဘောဂများနှင့် သေသပ်စွာ ခင်း ကျင်းထားသော ဧည့်ခန်းဆောင်မှာ ထည်ဝါလှပါပေသည်။ မခင်မူသည် သူ့အား ဧည့်ခန်းဆောင်သို့ ကန့်ကလျနှင့် ခေါ်ဆောင်၍ သွားပေသည်။

"ထိုင်လေ ကိုလှဦး၊ ခဏလောက်တော့ နားသေးတာပေါ့နော်၊ အမူတော့ အဘိုးကြီးအခြေအနေကို ဝင်ပြီးကြည့်လိုက်ဦးမယ်၊ အိပ်များ ပျော်နေသလား မသိဘူး" ဧည့်ခန်းဆောင်လယ်မှ ကုလားထိုင်တစ်လုံးပေါ်တွင် သူတစ်ယောက်တည်း ထားခဲ့ပြီးနောက် မခင်မူသည် ဧည့်ခန်းဆောင်ထဲမှ ဖြည်းညင်းစွာ ထွက်၍သွားလေသည်။

သူသည် ဧည့်ခန်းဆောင်ဦးမှ ပီယာနိုကြီးဖြင့် ရှေးမြန်မာစောင်းကောက်ကြီးကို လှမ်း၍ကြည့်နေမိပေသည်။ သူသည်လည်း ဂီတကို မြတ်နိုးသော လူတစ်ယောက်ပင် ဖြစ်ပါသည်။ အကြီးဆုံးအခြေပျက်သည့် မိုးမှောင်ကျသော အချိန်မှစ၍ သူသည် ဂီတကို မသာယာမမွေ့လျော်နိုင်ခဲ့အားပါ။ တကယ်ဆိုတော့ ဂီတသည် ပိုက်ဆံရှိသောသူများအတွက် စိတ်ကူးယဉ်စရာ သာယာမှုတစ်ခုပဲ မဟုတ်ပါလား။

မခင်မူသည် ဂီတကို တော်တော်ချစ်တတ်ပုံ ရလေသည်။ စောင်းကောက်ကြီးကိုပိုက်၍ ရှေးမြန်မာထိုင်မသိမ်းအင်္ကျီနှင့် ပုံကြီးချဲ့ထားသော ဓာတ်ပုံကြီးမှာ တော်တော်ပဲကျက်သရေရှိလှပါသည်။

မခင်မူရဲ့ဖေဖေရှေ့သို့ သူ့ကိုယ်ကို လိမ်လည်လှည့်ဖြား၍ ဝင်ရောက်မျက်နှာပြရဦးမည့်ကိစ္စကို သူသည် မေ့လျော့နေပုံ ထင်ရသည်။ ဧည့်ခန်းဆောင်လယ်မှာ တစ်ယောက်တည်း ငြိမ်သက်စွာ ထိုင်နေစဉ် သူ့ဘကြီးနှင့် မသေမီနေ
mgyoe.com

mgyoe.com


ခဲ့ရသော အကြောင်းများကို ပြန်ပြောင်း၍ အောက်မေ့ကာ သတိရနေပါသည်။ ထိုစဉ်က သူ့ဘဝမှာ မိုးမမြင်လေမမြင် ပျော်စရာကောင်းခဲ့ပါသည်။ သူလုပ်သမျှ ဖြစ်ခဲ့၍ ဖြစ်သမျှလည်း တင့်တယ်ခဲ့ပေသည်။ မိုးမှောင်ကျခဲ့သော တစ်ညရဲ့ နောက်ပိုင်း၌ သူသည် အရောင်အဆင်း မွဲခြောက်သော ပန်းချီကားချပ်ထဲက ဆေးတစ်ကွက်။

သူသည် ဝန်လေးပင်ပန်း စိတ်ပျက်စရာများနှင့်သာပဲ ဆက်ကာ ဆက်ကာ ဆက်တိုက်တွေ့ခဲ့ရသည်။ သူသည် ကွေ့လည်ထဲမှာပဲ သည်းညည်း မခံနိုင် တော့လောက်အောင် ရပ်နေခဲ့ရသည်။ သည်ကွေ့လည်ထဲက ဘယ်တော့များမှ ထွက်နိုင်ပါ့မလဲ။

သူသည် ခန့်ညားလှသော ဧည့်ခန်းဆောင်လယ်မှာ တစ်ယောက်တည်း ထိုင်နေသည်။ မခင်မူ ဝင်သွားသည်မှာလည်း တော်တော်ကလေး ကြာသွားခဲ့ပေပြီ။ ခုထက်ထိ ထွက်မလာသေး။

"ကိုလှဦး..."

မခင်မူသည် ခပ်တိုးတိုးခေါ်၍ သူ့ဆီသို့ လျှောက်လာသည်။ မခင်မူရဲ့ လှပ်ရှားပုံအမူအရာမှာ ထူးခြားသလို ထင်ရသည်။ သူမရဲ့အသံမှာပင် ခါတိုင်းလို မဟုတ်။

"ခင်ဗျာ... မခင်မူ" သူကတော့ အေးချမ်းစွာပဲ ထူးလိုက်သည်။

"ဖေဖေ မိန်းနေတယ်၊ အိပ်တော့ မအိပ်ပါဘူး၊ ကဲ... လာ လာ အထဲသွားကြမယ်" မခင်မူ၏အသံမှာ တုန်ရီနေသလို ထင်ရသည်။ သူမရဲ့ အမူအရာမှာ ကြောက်ရွံ့ခြင်းအရိပ်အယောင်များ ဖုံးမရနိုင်သယောင်ယောင် ထင်ရပေသည်။

သူသည် ပေါ့ပါးစွာ မခင်မူနောက်မှကပ်၍ လိုက်သွားရစဉ် မခင်မူရဲ့ ထွားကျိုင်းအိစက်လှသော တင်ပဆုံကြီးများနှင့် တောင့်တင်းဖြောင့်စင်းသော ပေါင်တံကြီးများကို အမှတ်မဲ့ငေးကြည့်နေခဲ့မိသည်။

အိပ်ရာခန်းအဝင်တံခါးဝဝယ် မခင်မူက ရပ်လိုက်သည်။ အပြင်မှ လေတိုးဝင်လာသဖြင့် ခန်းဆီးသည် လှုပ်ရှားနေသည်။

"အထဲကျတော့ အဘိုးကြီးဘေးနားက ကုလားထိုင်မှာ အသာကလေး ဝင်ထိုင်တာပေါ့နော်၊ ဟုတ်လား ကိုလှဦး။ အဘိုးကြီးမိန်းနေရင်လည်း အစ်ကိုကြီး... အစ်ကိုကြီးလို့ပဲ တိုးတိုးခေါ်ကြည့်တာပေါ့၊ ကိုကိုမြင့်က အဘိုးကြီးကို ဖေဖေလို့မခေါ်ဘူး၊ အစ်ကိုကြီးလို့ ခေါ်တယ်" မခင်မူသည် ခပ်တိုးတိုး ခပ်အုပ်အုပ်ပင် သူ့ကို မှာနေသည်။

mgyoe.com

mgyoe.com


"ဟုတ်ကဲ့"

သည်ဟာပဲ သူဝန်ခံလိုက်သည်။

မခင်မူက ခန်းဆီးကိုဖယ်ပေး၍ သူ့ကိုအခန်းတွင်းသို့ အသာအယာတွန်း၍သွင်းပေးလိုက်သည်။ အခန်းကြီးတစ်ခုလုံးမှာ ကြောက်မက်ဖွယ်ပင် တိတ်ဆိတ်၍နေလေသည်။ အိပ်ခန်းဆောင်လယ်က နှစ်ယောက်အိပ် ကြေးဝါခုတင်ကြီးပေါ်မှာ လူမမာနှင့်တူသော ထိပ်ပြောင်ပြောင်နှင့် လူကြီး တစ်ယောက်သည် ငြိမ်သက်စွာပဲ မှိန်းနေပါသည်။

သူသည် အခန်းတွင်းသို့ သုံးလေးလှမ်းလောက် ဝင်မိသောအခါ မခင်မူကို အမှတ်မဲ့လှည့်ကြည့်လိုက်မိပေသည်။ မခင်မူသည် တံခါးပေါက်မှုပဲ ရပ်နေရာက သူ့အား ရှေ့သို့ဆက်သွားရန် လက်ပြလေသည်။ သူသည် ခေါင်းကို တစ်ချက်မျှညိတ်၍ပြကာ ကြေးဝါခုတင်ဘေးနားတွင် ရှိနေသော ကုလားထိုင် တစ်လုံးဆီသို့ ခပ်ဖြည်းဖြည်းလျှောက်သွားပြီးနောက် အသာအယာ ထိုင်လိုက်သောအခါ ကျွိခနဲအသံမြည်သွားသဖြင့် ခုတင်ပေါ်မှ မှိန်းနေသော လူမမာအဘိုးကြီးသည် ရုတ်တရက်မျက်လုံးပွင့်လာကာ သူ့အား ပြူးတူးပြဲတဲ ကြည့်လေသည်။

သူသည် အနေရအထိုင်ရခက်သွားပေသည်။

လူမမာသည် ပြူးတူးပြဲတဲ သူ့ကိုကြည့်နေရာမှ ရုတ်တရက် ဒေါသထွက်သွားသောအမူအရာသို့ ချက်ချင်းပြောင်းလဲသွားလေသည်။ လူမမာ၏မျက်လုံးမှာ ဒေါသများဖြင့် တောက်ပြောင်၍ လာနေသည်။

ကိုလှဦးသည် နားမလည်နိုင်သကဲ့သို့ဖြစ်ကာ ဘာလုပ်၍ ဘာကိုင်ရမည် မသိဖြစ်နေစဉ်...

"ဟေ့ကောင် ... ခွေးမသား၊ မင်း ငါ့အိမ်ပေါ် ဘာလာလုပ်ရတာလဲ ဟင် ပြောစမ်း" လူမမာသည် ဒေါသထွက်လာသည့်အလျောက် ထ၍ထိုင်ရန် ကြိုးစားနေပေသည်။

"အစ်ကိုကြီး ... အစ်ကိုကြီး ဘယ်လိုဖြစ်တာလဲ ဟင်၊ ကျွန်တော်လေ ဘမြင့်ပါ အစ်ကိုကြီး" သူသည် စဉ်းစား၍ မှတ်မိသမျှ ပြန်ပြောနေစဉ်...

"ဟင် ... ဘမြင့် ခွေးမသား၊ ဘာ ဘမြင့်လဲ၊ မင်းလိုကောင် လူ့ပြည်မှာ ကြာကြာထားလို့ အလကားအကောင်၊ ငါ့မယားလည်း ကြာခိုသေး၊ ငါ့ကိုလည်း မျက်နှာပြောင်တိုက်လာသေးတဲ့ အကောင်၊ ခွေးမျိုး သေပေတော့"

လူမမာသည် ပြင်းထန်သော ဒေါသဖြင့် အိပ်ရာမှလူးလဲ၍ ထပြီးနောက်

mgyoe.com

mgyoe.com


ခေါင်းအုံးအောက်မှ ခြောက်လုံးပြူးကိုဆွဲထုတ်ကာ ကိုလှဦး၏ ရင်အုံအတွင်းသို့ ဒိုင်းခနဲပစ်သွင်းလိုက်လေသည်။

"အမယ်လေးဗျာ"

ကိုလှဦးသည် တစ်ချက်မျှသာ ညည်းညူနိုင်ကာ... ဘယ်ဘက်ရင်အုံကို လက်နှစ်ဖက်ဖြင့် ဖိထားရင်း ကုလားထိုင်ပေါ်မှ လဲကျသွားလေသည်။ မျက်လုံးထဲတွင်လည်း မီးပွင့်ကာ ယမ်းငွေ့များလည်း စူးဝါးစွာ နံနေသည်။

နောက်ထပ်သေနတ်သံတစ်ချက်ကို ကြားလိုက်ရပြန်သည်။ ဒါပေမဲ့ ထိုသေနတ်သံနှင့်အတူ ထွက်သွားသောကျည်ဆန်မှာ ဘယ်သူ့ကိုပစ်လိုက်သော ကျည်ဆန်လဲ။ သူ့ကိုပစ်သော ကျည်ဆန်တော့မဟုတ်ပါ။

သူသည် လဲကျသွားရာမှ လူးလိမ့်ရင်း ဝင်လာခဲ့သော တံခါးဝဆီသို့ မျက်လုံးကို အားပြု၍ လှမ်းကြည့်လိုက်မိပါသည်။ မခင်မူကား မရှိတော့။ သူသည် ရင်အုံအတွင်းသို့ တိုးဝင်ထိုးဖောက်သွားသော သေနတ်ကျည်ဆန်၏ ဒဏ်ချက်ကို အလူးအလဲ လိမ့်၍လိမ့်၍ ခံစားနေရစဉ် သူ့မျက်လုံးများသည် ပြာနေပါပြီ။

"မခင်မူ ... မခင်မူ ..." သူသည် မျက်လုံးပြာလာစဉ်ပင် မခင်မူကို ခေါ်နေရှာတုန်းဖြစ်ပေသည်။

အဖြေကား ... မလာ။

မခင်မူတစ်ယောက် ဘယ်မှာလဲကွယ်...။

( ၇ )

အို... တကယ်ပါပဲ ထိုသူတစ်ယောက်သည် 'နှင်း'နှင့်တူပါသည်။ လွန်လေပြီးသော ညတစ်ညရဲ့ အမှောင်ထဲမှာ ဆွေးမြေ့ကျန်ရစ်ခဲ့ပြီဖြစ်သော အတိတ်ကို လွမ်းနေသော လူတစ်ယောက်။

သူသည် အုန်းပင်ရိပ်မှာပဲ ရပ်နေတုန်းဖြစ်ပါသည်။

ဆည်းဆာသည် အိုမင်းရင့်ရော်၍ သွားနေစဉ် လင်းပြာတို့သည် အိပ်တန်း ကိုရှာကြပေပြီ။ ပတ်ဝန်းကျင်မှာ မှုန်နေကြသော နှင်းတို့သည်လည်းပဲ စဲ၍သွား ကြပြီ။

ညရဲ့အမှောင်သည် တစ်စမှတစ်စ ဝင်လာနေပေသည်။

ထိုသူသာ တစ်ယောက်တည်း အုန်းပင်ရိပ်မှာ တောမဆုံးလွမ်းမဆုံးဖြစ်နေတုန်းပဲလား။

mgyoe.com

mgyoe.com

ညရဲ့မှောင်စပြုနေစဉ်အချိန်မှာ လရဲ့ငွေရောင်ခြည်သည် တစိမ့်စိမ့် ယိုဖိတ် ဖြာဆင်းလာသည်။ စောစောက ဆည်းဆာဦးအောက်မှ အင်းလျားရဲ့ ပတ်ဝန်းကျင်သည် တစ်ဖြစ်လဲသွားခဲ့ပေပြီ။

ငွေလရောင်ဦးဝယ် အင်းလျားရဲ့ ပတ်ဝန်းကျင်သည် တစ်ဖန်သစ်လာနေပေသည်။ လေသည် ညလယ်ရွက်သစ်များကို လှုပ်ကစားနေသည့် သစ်ရွက်များကို ဖွေ့လှုပ်ရှားသံသည် ညရဲ့အခံကဗျာတစ်ပိုဒ်...။

ငွေလရောင်ဖိတ်နေသော ရေပြင်သည် တလက်လက်တောက်ပနေသည်။ လှိုင်းခွပ်ကလေးများ လှုပ်ရှားနေသော တီးတိုးသံမှာ ကျန်နေသော ညရဲ့နောက် အအုပ်ကဗျာတပိုဒ်...။

ဝေးသော ကွေ့တစ်ကွေ့ထဲမှာ ရွက်လှေငယ်ကို ငေးကြည့်နေလေသည်။ ထိုသို့ငေးကြည့်နေစဉ် သူသည် သူ့ဘယ်ဘက်ရင်အုံအောက်မှ ဒဏ်ရာဟောင်းကို အမှတ်မထင် စမ်းသပ်ကြည့်နေမိပေသည်။ လျှို့ဝှက်ချက်ပါသော ဆန်းကြယ်သည့် အိပ်မက်ဟောင်းကို သူသည် သတိရနေဖို့မကောင်းတော့ပါ။

ထိုအခိုက် မီးရောင် လက်ခနဲ လင်းသွားကာ လှပသော အော်စတင်ကားကလေးတစ်စီးသည် သူရပ်နေသောနေရာနှင့် မလှမ်းမကမ်းမှာ အသာအယာထိုး၍ ရပ်သွားလေသည်။ အနက်ရောင်ကားသစ်ကလေး... ဟုတ်ပါသည်။ တစ်ခါတုန်းက အနက်ရောင် ကားသစ်ကလေး...။

ကားရဲ့ရှေ့ခန်းထဲမှ ယောကျ်ားပျိုတစ်ယောက်နှင့် မိန်းမပျိုတစ်ယောက်တို့ ရယ်ကာမောကာနှင့် ဆင်းလာကြပေသည်။ သူတို့ရဲ့ အရောင်အဆင်းမှာ သစ်လွင်ပြောင်လက်လှပါသည်။ ပိုးနှင့်ဖဲ... စိန်နှင့်ရွှေ...။

ယောကျ်ားပျိုသည် မိန်းမပျိုရဲ့ သွယ်ပျောင်းသောခါးကလေးကို သူ့ရဲ့ ဘယ်ဘက်လက်မောင်းဖြင့် ရစ်ပတ်ပွေ့ဖက်ထားလိုက်သည်။

သစ်ပင်သစ်ရွက်များအကြားမှ ထွင်းဖောက်၍ ကွက်တိကွက်ကျား လရောင်အောက်မှာ သူတို့သည် တစ်ယောက်ခါးကိုတစ်ယောက် ကြင်နာစွာ ဖက်ပွေ့ကာ လျှောက်လာကြလေသည်။

"အမှုဟာလေ ဒါတွေကြောင့် သိုပ်ချစ်ဖို့ကောင်းနေတာပဲ" ယောကျ်ားပျိုရဲ့ အားမလိုအားမရအသံ...။

သူသည် ရွက်လှေငယ်ကို ငေးကြည့်နေရာမှ လူသံလိုလိုကြားရသဖြင့် နောက်သို့ လှည့်ကြည့်လိုက်မိပေသည်။ ချစ်လိုက်ကြတဲ့ ယောကျ်ားနဲ့မိန်းမ။ တစ် လောကလုံးမှာ သူတို့နှစ်ယောက်တည်းသာပဲ အသက်ရှင်နေတော့သည်ဟု

mgyoe.com

အောက်မေ့နေသလားပဲ မပြောတတ်။

သူသည် အုန်းပင်ရဲ့မှောင်ရိပ်သို့ ရွေ့၍ရပ်ကာ ထိုချစ်စွာသော ယောကျ်ားနှင့်မိန်းမ နှစ်ယောက်ကို အမှတ်မထင် ကြည့်နေမိပေသည်။

"အမယ်လေးဟဲ့လေး ... ကိုကိုမြင့်က အမူ့ကိုပဲ ချီးမွမ်းစရာရှားတဲ့အတိုင်း ချီးမွမ်းနေလိုက်တာ"

မိန်းမပျိုက ကနွဲ့ကလျနှင့်ပြောကာ လျှောက်လာနေသည်။

"သြ..."

သူ့ပါးစပ်မှ သည်ဟာပဲထွက်သွား၍ သူ့မျက်လုံးများသည် ပြူးကျယ်နေပါပြီ။

ကိုဘမြင့်နှင့် မခင်မူတို့သည် တစ်ယောက်ခါးကိုတစ်ယောက် ကြင်နာစွာ ဖက်ပွေ့၍ လျှောက်လာခဲ့ကြရာမှ ရေစပ်နားမှာ ရပ်လိုက်ကြပေသည်။

"အမူကြံနိုင်လို့ အမူနဲ့ ကိုကိုမြင့်တို့ ခုလိုနေနိုင်ကြတာပေါ့ကွယ်၊ မဟုတ်ရင်တော့ ဒီနေရာကလေးမှာပဲ ခိုးကြောင်ခိုးဝှက်နဲ့တွေ့တွေ့ပြီး ချစ်နေကြရဦးမှာပဲနော်"

ကိုဘမြင့်သည် မခင်မူ၏ မေးစေ့ကလေးကို ယုယစွာကိုင်၍လှုပ်ကစားရင်း ညင်သာစွာပဲ ပြောလိုက်သည်။

"ဒါပေမဲ့ အမူတို့နှစ်ယောက် ခုလို နီးရဖို့ကိစ္စမှာ ကြားထဲက ဘုမသိဘမသိနဲ့ ခံသွားရရှာတဲ့ ကိုလှဉီးဆိုတဲ့ လူတစ်ယောက်တော့ သေသလား၊ ရှင်သလားလည်းမသိဘူးနော် ကိုကိုမြင့်။ အမူလည်း ကိုကိုမြင့်နဲ့ နီးချင်လို့သာ ကြံလိုက်ရတယ်၊ တကယ်ဆိုတော့ အမူလုပ်လိုက်တာဟာ အဘိုးကြီးအပေါ်မှာရော၊ ကြားထဲက ဘာမှမသိရှာတဲ့ ကိုလှဉီးဆိုတဲ့ လူတစ်ယောက်အပေါ်မှာရော တော်တော့ကို ရက်စက်လိုက်တာပဲ"

"ဒါတွေ လျှောက်ပြောမနေပါနဲ့တော့ အမူ၊ ဘာမှလည်း အကျိုးမရှိတော့ပါဘူးကွယ်"

"တွေးမိလို့ ပြောတာပေါ့ ကိုကိုမြင့်ရယ်၊ တကယ်ဆိုတော့ အဘိုးကြီးကိုတော့ ဘာမှငဲ့စရာမရှိပါဘူး၊ အမူ့ကို သူ့ငွေနဲ့ မတရားသိမ်းပိုက်လို့ ခံခဲ့ရတာကို အမူဘယ်မေ့ပါ့မလဲကွယ်၊ ဒါပေမဲ့ ကြားထဲက ကိုလှဉီးဆိုတဲ့လူတစ်ယောက်ဟာ အမူကလှည့်တိုင်းပတ်တိုင်း အဘိုးကြီးကို အဖေပြောလိုပြော၊ ကိုကိုမြင့်ကို အစ်ကိုပြောလိုပြောတာကို မသိရှာဘဲ နောက်ဆုံး အမူနဲ့ကိုကိုမြင့်တို့ ခုလို လွတ်လွတ်လပ်လပ် ပေါင်းရအောင် သူ့ခများခံသွားရရှာတာ သနားဖို့ကောင်းပါ

mgyoe.com

mgyoe.com

တယ် ကိုကိုမြင့်ရယ်၊ အမူကတောင် အမူ့နာမည်ကို တင်တင်မူလို့မပြောဘဲ မခင်မူလို့ ပြောထားတဲ့အတိုင်း သူ့ခမျာ မခင်မူနဲ့ ခေါ်ရှာတယ်"

"တော်ပါတယ် အမူရယ် ... အဲဒီကိုလှဦးဆိုတဲ့လူကလည်း အမူ့ကို ကိုဘမြင့်ရဲ့နှမ အပျိုမှတ်ပြီး ခပ်ပိုးပိုးနဲ့တူပါတယ်"

"ပြောတော့မယ် ကိုကိုမြင့်ကလဲ"

မခင်မူသည် ကိုဘမြင့်ရဲ့ရင်အုံကို အသာအယာ ထုလိုက်သည်။

"အမူ..."

ကိုဘမြင့်သည် အားမလိုအားမရခေါ်ကာ အမူ့ခါးကလေးကို ပွေ့ယူကာ ရင်ချင်းလည်း အပ်လိုက်သည်။

"ကိုကိုမြင့်..."

အမူ့အသံမှာ ညည်းသံပါသည်။

မျက်နှာချင်းအပ်သွားကြလေသည်။

ခပ်လှမ်းလှမ်း ရွက်လှေငယ်ထက်မှ တေးသံနှင့် လက်ဆွဲဘာဂျာသံ သည် ခပ်သဲ့သဲ့ပင် ပြန့်လွင့်၍လာပေသည်။

"ခုံးမျက်စ သုံးရက်လ တူမကွာ၊ အဆုံးတစ်သက်မှာဖြင့် မမုန်းရက်စရာ ရှုပကာ–အုံးစက်ရာ အတူမြဲအောင်လေး..."

ညလယ်ထဲက သင်းပျံ့နေသော ဂီတမွှေး ...

"စွဲမောင့်စိတ်မှာ ..."

မိုးနတ်ဒေဝီက ဘောလယ်ကို ပြန်၍ကျော့နေပေသည်။ တိတ်ဆိတ်နေ သော ပတ်ဝန်းကျင်ထဲမှာ လက်ဆွဲဘာဂျာသံသည် ကြည်နူးသာယာဖွယ်ပင် ဖြစ်လေသည်။ ရွက်လှေငယ်ထက်မှ ဂီတရှင်သည် သူ့ဘာသာသူ စိတ်ကူး ယဉ်ပြီး လွမ်းနေသလားပဲ။

"ပြန်ကြစို့နော် အမူ ..."

ကိုဘမြင့်သည် အမူ့ခါးကလေးကိုဖက်ရင်း အမူ့ကို ကားကလေးဆီသို့ တစ်လှမ်းချင်း ဖြည်းညင်းစွာပဲ ခေါ်ဆောင်၍သွားနေပေပြီ။

ရွက်လှေငယ်ထက်မှ ဂီတရှင်သည် နောက်တစ်ပိုဒ်ကိုက ဆက်လိုက်ပြန် -သည်။

"မနောဓာတ်က ပွေဖျာပါ... ချောကနတ်အလှမေကညာ ယမင်းရယ် ကြောင့်... သောမနဿ ဝေဒနာပြင်းပါဘိ... တင်းဆိမရ ဖြေပါသော်... ယင်း ကြည်ဟာဒယစေတနာကဖြင့်... တမေကသာစွဲ ချေပဏာလို့ ခဲရမှာမင့်... ကဲတဲ့

mgyoe.com


မေတ္တာ...”

တေးသံနှင့် လက်ဆွဲဘာဂျာသံမှာ မြိုင်လှသည်။

“ဘဝါဘဝေ အဆက်ဆက်က နှစ်ဖြာရေစက် ကုသလ မကွာ× × × အာသဝေ မပျက်ခင်မို့× × × ပါလေချက် သမုဒယတဏှာ× × × ယခုဘဝမှ မနီးရရင်လေ...”

တေးသံမှာ လွမ်းလွမ်းဆွေးဆွေးနိုင်လှသလောက် လက်ဆွဲဘာဂျာသံက လည်း ဘောလယ်ရဲ့ သရုပ်ကို ကနွဲ့ကလျဖော်နေသည်။

“ကြိုးမောင့်ဒုက္ခာ...”

သည်တစ်ပိုဒ်မှာလည်း ရွက်လှေငယ်ထက်မှ ဂီတရှင်သည် သူ့ဘာသာ သူ စိတ်ကူးယဉ်ပြီး လွမ်းနေတုန်းပဲလား...။

မဟုတ်ပါ...

အုန်းပင်ရိပ်မှာ တစ်ယောက်တည်း ရပ်နေရရှာသော ထိုသူတစ်ယောက် အတွက်သာပဲ ဖြစ်ပါလိမ့်မည်။

ရွှေမဝမဂ္ဂဇင်း၊

အောက်တိုဘာလ၊ ၁၉၄၉ ခုနှစ်။

❑

mgyoe.com

mgyoe.com

# ခင်မမဦး

## ( ၁ )

ခင်မမဦး...

နာမည်ကပင်လျှင် မဟာဆန်နေပါ၏။ ဟောင်းနွမ်းဆွေးမြေ့နေသော ပဒေသရာဇ်ခေတ်ကြီးကို ပြန်လည်လွမ်းဆွတ်တသကာ အောက်မေ့နေသော သဘောရှိပေသည်။ တစ်ယောက်တည်းသော သမီးဦးဖြစ်သဖြင့် 'ဦး'ဟူသော အထူးပြုချက်ကို ခင်မမ၏နောက်ဆွယ်၌ တင်စားထားရှိသော်လည်း မိဘများနှင့်တကွ ဆွေမျိုးညာတကာများကတော့ 'ခင်မမ' ဟူ၍သာ ခေါ်သံကိုကြားရပါ၏။ မိဘဆွေမျိုးညာတကာတွေအကြားမှာလည်း သူမကိုယ်ကို 'ခင်မမ'ပါတဲ့။ သီလရင်ကျောင်းမှာနေသဖြင့် ခရစ်ယာန် သိုးဆောင်းယဉ်ကျေးမှုကို ခင်မမဦး သောက်စို့ခဲ့ရပေသည်။ အထင်ကြီးလေးစားပုံလည်း ရပေသည်။ ပီယာနိုတီး တတ်သည်။ တီးသောအခါ၌ မြန်မာသီချင်းများကို မတီး။ မတီးတတ်၍လော၊ မတီးချင်၍ မတီးသလော ဘယ်ဟာက မှန်မည်မသိ။ မေးလည်း မမေးမိ။ ခင်မမဦးက 'ဟင်း(မွှ)ခေါ်သော ချီးမွမ်းသီချင်းများကိုသာ တီးတတ်သည်။ သူတို့သီလရင်ကျောင်းမှာ သင်သောဂီတက ခရစ်ယာန်သီချင်းများသာပဲ ထင်သည်။

ထမင်းစားသောအခါ ငါးပိရေကျို၊ တညင်းသီးတို့နှင့်ဖြစ်စေ ဇွန်းနှင့် ခက်ရင်းကို ကိုင်၏။

ကျောင်းမှာ ခင်မမ (သို့မဟုတ်) ခင်မမဦးဆို၍ မည်သူကမှ သိကြလိမ့်မည်မဟုတ်။ ကျောင်းမှာက တစ်နာမည်ဖြစ်ပါ၏။

"ဒိုရာ သက်ရှည် ..."

သက်ရှည်က ခင်မမဦး၏ဖခင်၏ မြန်မာဆန်သော နာမည်ဖြစ်ကာ

mgyoe.com

mgyoe.com



mgyoe.com

mgyee.com

ဒိုရာက ခရစ်ယာန်နာမည်ဖြစ်ပါသည်။ ကျောင်းနှင့် ကျောင်းနေဘက် သူငယ်ချင်းများအကြားမှာ သူမကိုယ်ကိုတော့ "ဒိုရာ"ပါတဲ့။

ဒိုရာသက်ရှည် ...

ခင်မမ ...

သို့မဟုတ် ခင်မမဦး ... ပါတဲ့။

( ၂ )

နှစ်ဦးနှစ်ဘက်သော လူကြီးမိဘချင်းစေ့စပ်သော အချိန်က ခင်မမဦးမှာ ဂါဝန်နှင့် ကျောင်းတက်နေရာတုန်း ဖြစ်ပါသည်။ ၉ တန်းမှာဖြစ်၍ ၁၇ နှစ်သမီးမျှသာ ရှိသေးသည်။

ကျွန်တော်က ကျွန်တော့်ရည်းစားဦးက သစ္စာဖောက်၍ ကျောင်းမှ စာသင်ပျက်ကာ လေလွင့်နေချိန်ဖြစ်ပေသည်။ ထိုစဉ်က ကျွန်တော်သည် ဥပစာတန်းကို မအောင်ဘဲ တစ်ကျနေသော ကျောင်းသားဖြစ်ပါ၏။ ၁၉ နှစ်သားမျှသာ ရှိသေးသည်။

နှစ်ဦးနှစ်ဘက်သော မိဘလူကြီးချင်းကား တော်တော်ရင်းနှီးခင်မင်ကြလေသည်။

လေနေသော ကျွန်တော့်ကိုထိန်းရန် စိတ်ဆင်းရဲနေပုံရသော ကျွန်တော့်မိခင်က ကျွန်တော့်ကို ငြိမ်သွားအောင် သားမယား ပေးစားချင်ပုံရပါ၏။ ခင်မမဦး၏မိခင် ဒေါ်ငြိမ်းသာနှင့် ကျွန်တော့်အမေက ညီအစ်မအရင်းလို ချစ်ကြသည်။ တစ်ယောက်က သဘောကျလျှင် တစ်ယောက်ကလည်း ဘာဖြစ်ဖြစ် သဘောကျတတ်သည်။

အမေက ကျွန်တော့်ကို ထိန်းသိမ်းမရသဖြင့် သားမယားရလျှင် ငြိမ်ရဲ့ဟူသော ရှေးလူကြီးသူမတို့၏အမြင်နှင့် အိမ်ထောင်ချပေးရန် ကြံရွယ်ခြင်းဖြစ်သည်။ ပြီးတော့ ခင်မမဦးမှာ တစ်ယောက်တည်းသော သမီးဖြစ်သဖြင့် သူမမိဘများဘက်မှ အမွေအနှစ် သုံးလေးသောင်းခန့် ရှိသေးသည်။ ခင်မမဦးကလည်း အမေ့ကိုတော့ တော်တော်ချစ်ခင်ရှိသေသည်ကို အမေက တော်တော်သဘောကျပုံရပါ၏။ အမေ့အဖို့ ခင်မမဦးမှာ ချွေးမကောင်း၊ ချွေးမတော်ဖြစ်၏။ သမီး[illegible]န်းကလေးရှားပါးသော ကျွန်တော်တို့ပတ်ဝန်းကျင်မှာ ခင်မမဦးသည် အဖိုး[illegible]ာန်နေပါ၏။

ခင်မမဦးကို ယခင်က ပြောသံဆိုသံလောက်မျှသာလျှင် ကြားဖူးသည်။
mgyee.com

mgyoe.com
လွန်ခဲ့သော ၁၂ နှစ်ခန့်က ကလေးအရွယ်တွင် ခဏတစ်ဖြုတ်လောက်သာ တွေ့ဖူး၏။ မှတ်မှတ်ရရတော့မရှိ။ ထိုစဉ်က ကျွန်တော်မှာ ၇ နှစ်သားမျှသာ ရှိသေး၍ ခင်မမဦးမှာ ၅ နှစ်သမီးလောက် ရှိလိမ့်မည်။ သည့်နောက်တွင်ကား ပြောသံဆိုသံကို တစ်ခါတစ်ရံ ကြားရသည်မှအပ လူချင်းမတွေ့စဘူး။

ကျွန်တော်က ကျောင်းလည်း မတက်တော့ဘဲ ရပ်ရွာကြည့်၊ ဘိလိယက်ထိုးကာ တစ်ခါတစ်ရံ အပေါင်းအသင်းကောင်းလျှင် ဟိုတယ်တက်၍ အရက်ပင် သောက်နေသောအချိန်၌ ပဲခူးမှအမေက လိုက်လာ၍ ကျွန်တော့်ကို မိန်းမ ပေးစားတော့မည့်အကြောင်း ပြောလာသည်။ သည်တော့မှ ကျွန်တော်မသိသော ခင်မမဦးဆိုသော မိန်းမပျိုကို ကျွန်တော့်သားမယားအဖြစ်နှင့် ယှဉ်ရတော့မည့် အနာဂတ်ကို ရိပ်စားမိစပြုလာပေသည်။

"ဖြစ်ပါ့မလား အမေရယ်၊ အမေ့ ခင်မမဦးဆိုတာက ဘယ်လိုမှန်းမှ မသိသေးတာ"

လေချင်နေသေးသော ကျွန်တော်က ကျွန်တော် နားမလည်ဘဲ မသိသေးသော မိန်းမတစ်ယောက်ကို ဘယ်လိုယူရပါ့မည်လဲ။

အမေ့ကိုတော့ ကြောက်ရ၏။ မြန်မာ့ထုံးတမ်းအရ ငယ်စဉ်ကပင် အမေ့သဘောနှင့် ဆန့်ကျင်ဘက် မလုပ်ရဲ။ အမေက တိတ်ဆိုလိုက်လျှင် ရှိုက်ကြီး တငင် ငိုနေရာက အသံပင် မထွက်ရဲသော ကျွန်တော်ဖြစ်ပါ၏။ ကျွန်တော့်ကို လိမ္မာသည်ဟု ပတ်ဝန်းကျင်ကတော့ ချီးမွမ်းကြပေသည်။ လိမ္မာရသော ကျွန်တော့်မှာကား မသက်သာလှ။

"မင်း ဘာစကားများနေရသေးတာလဲ၊ တို့လူကြီးချင်း ပြောဆိုပြီးပြီ။ ရှေ့လထဲမှာ မင်းတို့မင်္ဂလာကိစ္စ ပြီးရလိမ့်မယ်"

အမေက အာဏာနှင့် တစ်ချက်လွှတ်အမိန့် ထုတ်သည်။

ခက်ပါပေ့ကလား ... ခင်မမဦးရယ်...။

( ၃ )

မင်္ဂလာဦးည ...

ရယ်စရာလော ... ငိုစရာလော...

ပျော်ရွှင်စရာညအဖြစ်နှင့်တော့ ကျွန်တော်ကမမြင်။ ခင်မမဦးကလည်း ကျွန်တော်လိုပဲ ရှိလိမ့်မည်ထင်၏။

သားမက် တက်ရသော မင်္ဂလာဖြစ်သဖြင့် ကျွန်တော့်အဖို့ အားတော့ငယ်
mgyoe.com

mgyoe.com



မိသည်။ သို့ရာတွင် ယောက္ခမဖြစ်ကြသော အဘိုးကြီး အဘွားကြီးများကတော့ အင်မတန် အရေးပေးကြပါသည်။ အနေမကျုံ့အောင် မျက်နှာလွှဲကာနေကြ၏။

ကျွန်တော်ကား လူစိမ်းတစ်ယောက်လိုသာ ကြောင်နေသည်။ ည ၁၀ နာရီလောက်တွင် ဧည့်သည်များ ရှင်းသွားကာ အိမ်သားများသာ ကျန်ရစ်ကြပေသည်။ မင်္ဂလာသတို့သား၊ သတို့သမီးကို ယှဉ်တွဲ ပွဲထုတ်ပြီးကတည်းက ခင်မမဦး၏ အရိပ်အယောင်ကိုမျှ မမြင်ရ။

ကျွန်တော်က ခပ်ရှိန်းရှိန်းနှင့် ဟန်လုပ်၍ စာအုပ်တစ်အုပ်ကို ဆွဲယူကာ ဟန်လုပ်ဖတ်နေသည်။ ဖတ်နေသော စာအုပ်ထဲတွင် စိတ်ကမရှိ။ လင်မယားအဖြစ် ယှဉ်တွဲအိပ်စက်ရမည့် အခန်းထဲ၌သာ ရောက်နေပါ၏။ ထိုအခန်းထဲ၌ ဘယ်လိုရှိနှင့်မည်မသိ။ စိတ်ကသာ ရောက်နေသော်လည်း လူက ကြောက်နေပါ၏။

ယခင်ကလည်း မသိ၊ ယခုလည်း မသိရသေးသော မိန်းမပျိုကို အဘယ်နည်း အဘယ်ပုံဖြင့် သားမယားတစ်ယောက်အဖြစ် စတင် သိမ်းပိုက်ရပါမည်လဲ။ သူမ၏သဘော၌ ဘယ်လိုရှိပါမည်လဲ။ ထိုသို့သောသဘောကိုကော ကျွန်တော်က ဘယ်လို သိနိုင်ပါမည်လဲ။ ကျွန်တော့်သဘောကိုလည်း ခင်မမဦးက သိနိုင်မည် မဟုတ်။

မျက်စိကန်း၍ အ နေသော မိန်းမပျိုနှင့် မျက်စိကန်း၍ ပင်းနေသော ယောကျ်ားပျိုတစ်ယောက်ကို အမှောင်ထဲမှာ တူတူပုန်းတမ်း ကစားခိုင်းသော အဖြစ်နှင့် တူလှသည်။

ခင်မမဦးက အိပ်ရာခန်းထဲမှာပင်လော၊ ကျွန်တော် ဘယ်လို ဝင်ရပါ့မည်လဲ။

ခက်ပါ၏။ တော်တော်ပင် ခက်နေပါ၏။

တဖြည်းဖြည်း ညဥ့်က နက်လာသည်။ သိမ်းဆည်းပြီးသလောက် ရှိနေ၏။

၁၁ နာရီ ထိုးလေပြီ။

ကျွန်တော်က ငိုက်မျဉ်းစပြုလာပါသည်။ တစ်နေ့လုံး ဟန်လုပ်ပြီး အောင့်အည်းခဲ့ရခြင်းကို ညည်းငွေ့လှပါပြီ။ လူသူမရှိသော မိမိရဲ့ အိပ်ရာခန်းသို့ ဝင်ကာ အညောင်းအညာ ဖြေဆန့်ချင်လှပါပြီ။

သို့ရာတွင် မီးလင်းနေသော ဧည့်ခန်းမှာ လူများရှိသေး၏။ ခင်မမဦး၏ အဒေါ်များ၊ ညီအစ်မဝမ်းကွဲများ။

mgyoe.com

mgyoe.com


ယောက္ခမအထီးကြီးကတော့ အိပ်ရာဝင်သွားပြီဖြစ်သော်လည်း ယောက္ခမ အမကြီးက ဟိုရွှေ့သည်ရွှေ့နှင့် အလုပ်ရှုပ်နေဟန်တူပါ၏။

ခက်ချေပြီ။ တော်တော်ပင် ခက်ချေပြီ။

တသမ်းသမ်းတဝေဝေနှင့် ငိုက်နေရာက လစ်ခနဲ အိပ်ပျော်သွားပါ၏။ အိပ်ပျော်သွားပြီးနောက်၌ ဘာမျှမသိတော့။ နှစ်နှစ်ခြိုက်ခြိုက်ကြီးပင် အိပ်ပျော်သွားပါ၏။

အဘယ်မျှ ကြာမြင့်စွာ ပက်လက်ကုလားထိုင်ပေါ်မှာ အိပ်ပျော်နေသည်ကို မသိ။ အိပ်ရာမှနိုး၍ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ၌ နောက်တစ်နေ့သည် မိုးလင်းနေကာ နေသည်ပင် တော်တော်မြင့်နေ၏။

မင်္ဂလာဦးညကပင် တစ်ကွဲတစ်ပြားစီ အိပ်စက်ခဲ့ကြရပေသည်။

ရယ်စရာလော ... ငိုစရာလော ...။

မင်္ဂလာဦးည ...။

( ၄ )

မင်္ဂလာဆောင်ပြီး နောက်တစ်နေ့၌ တစ်နေ့လုံးလိုပင် ကျွန်တော်က စာကြည့်ခန်းထဲမှာ အောင်းနေရပါ၏။ ယောက္ခမအိမ်ထက်မှာ သားမက် မျက်နှာငယ်သည်ဆိုသော မြန်မာ့ဝေါဟာရသည် မှန်ပုံရသည်။ တော်တော်ပဲ ကျဉ်းကျပ်သလိုရှိကာ အနေကျုံ့လှသည်။

သို့ရာတွင် "ဦးနဲ့ ဒေါ်ဒေါ်" ဟု ကျွန်တော်ကခေါ်သော ယောက္ခမကြီးများက ကျွန်တော့်ကို ဖော့်ဖော့်ရွှေရွှေ၊ ပျူပျူငှာငှာအရေးပေးကြပါသည်။ မနက်စာစားဖို့ကို ခင်မမဦးက လာ မခေါ်၊ ဒေါ်ဒေါ်က လာခေါ်သဖြင့် ထမင်းမငတ်ရခြင်း ဖြစ်သည်။ ထမင်းစားပွဲ၌ ခင်မမဦးကိုကား မတွေ့ရ။ စောစောကပင် စားပြီး၍ တစ်ဖက်ကသူငယ်ချင်းများအိမ်သို့ သွားလည်ကြောင်းသိရပါ၏။

ထမင်းစားပြီးသောအခါ ဦးက စကားဆွဲထားသဖြင့် ထမင်းပွဲမှာ စကားပြောရပါသေး၏။

တက္ကသိုလ်တွင် ကျွန်တော်ယူလာသော ဘာသာရပ်များကို မေး၏။ တက္ကဗေဒကိုလည်း သူက ယူခဲ့ကြောင်းနှင့် ယောက္ခမနှင့် စကားပြောရသကဲ့သို့ သဘောမထားတော့ဘဲ ပညာတတ်ချင်း ဆွေးနွေးသလို ပြန်ပြောပုံကို ဦးက တော်တော်သဘောကျပုံရသည်။

သည်လိုစကားကောင်းနေခိုက် အမေက အလည်လာလေသည်။ စိတ်

mgyoe.com

mgyoe.com

နှလုံး တုံးတုံးချသွားသောအကြည့်ဖြင့် ကျွန်တော့်ကို ပထမဦးစွာ ကြည့်သည်။ နောက် အမေက ဒေါ်ဒေါ်နှင့် ဧည့်ခန်းမှာ နှစ်ယောက်သား စကားပြောကြသည်။ သူတို့ပြောကြသောစကားမှာ ကျွန်တော်နှင့် ခင်မမဦးအကြောင်းများသာ ဖြစ်ပါ၏။

ကျွန်တော့်အတွက် အလုပ်အကိုင်နေရာချထားရေးအကြောင်းများကို ပြောကြ၏။ အမေ့အသံက တိုးတိုးပြောနေသော်လည်း ကြားရ၏။ အမေ၏ အစ်ကိုတစ်ဝမ်းကွဲမှာ သစ်တောရေးဌာနတွင် အရာရှိကြီးတစ်ယောက်ဖြစ်သဖြင့် ကျွန်တော့်ကို သစ်တောဘက်ဌာနတွင် အလုပ်ဝင်ရန် စီစဉ်နေကြောင်းကိုလည်း ပြောသံများ ကြားရသည်။

ဦးက ဒစ်(စ်)ကားတီး အကြောင်းကိုပြောနေ၏။ အင်းသာလိုက်ရသည်၊ ဘာပြောသွားမှန်းမသိ။

"မောင်လှမြင့်က ကန့် ရဲ့ 'ခရစ်တစ် အော့ဖ် ရီးစင်း'ကို မဖတ်ဖူးသေးဘူး ထင်တယ်" ဦးက အီမန်နျူယယ်ကန့်အကြောင်းကို မေးနေ၏။

"ဘီအက်စီ ဖော်ရက်စ်ထရိကို ပြန်နေရင် အနည်းဆုံး သုံးနှစ်လောက် နေရလိမ့်ဦးမှာပဲဦး" ကျွန်တော်က ကန့်အကြောင်းမပြောဘဲ အမေ့စကားကိုစွဲ၍ စိတ်ထဲမှာရှိတာကိုသာ တလွဲပြောနေမိပါ၏။

ဦးက ကျွန်တော့်ကျောကိုပုတ်ကာ ရယ်မော၍ ထသွားသည်။

သည်အခိုက်မှာပင် ခင်မမဦးက တစ်ဖက်ခြံထဲမှ သူမ၏သူငယ်ချင်း ကပြားမကလေးတစ်ဦးနှင့် တက်လာပါ၏။

"ဟော ... ဒေါ်ဒေါ်ရောက်နေတာ ကြာပလား"

အမေ့ကို ဖက်လှဲတကင်းနှင့် ခင်မမဦးက နှုတ်ဆက်နေ၏။ အမေနှင့် နှုတ်ဆက်စကားပြောပြီးနောက် ခင်မမဦးက သူ၏သူငယ်ချင်းနှင့် ပီယာနိုဆီသို့ သွားကာ သီလရင်ကျောင်းမှ သင်ပေးလိုက်သော ယေရှုခရစ်သီချင်းသံများကို တီးနေသည်။

သို့နှင့် တစ်နေ့ကုန်၍ ညစာ စားရန် ဦးကပဲ ကျွန်တော့်ကို လာခေါ်ရ၏။

ထမင်းပွဲမှာ ခင်မမဦးကို မျက်နှာချင်းဆိုင်တွေ့ရသည်။ ချဉ်ရေဟင်း၊ ငါးသလောက်ကြော်၊ တညင်းသီးတို့စရာနှင့် ငါးပိရည်ကျိုဟင်းများကိုစားရန် ခင်မမဦးက ဇွန်းနှင့်ခက်ရင်းကို ကိုင်နေ၏။

ကျွန်တော်က ကျွန်တော့်မိန်းမကို သည်ကစ၍ ရယ်ချင်မိပါ၏။ သို့ရာတွင် မရယ်ဘဲ ပြုံး၍မျှသာ ပြုံးလိုက်သည်။

mgyoe.com

mgyoe.com


ကျွန်တော့်အပြုံးကို ခင်မမဦးက မြင်သွား၏။ စိတ်ကောက်သလို မျက်စောင်းထိုးကာ ဇွန်းနှင့်ခက်ရင်းကို ချကာ ထမင်းစားပွဲမှ ဆတ်ခနဲ ထသွားပါ၏။

ဦးနှင့်ဒေါ်ဒေါ်ရော၊ ကျွန်တော်ပါ ကြောင်၍ကြည့်နေမိကြသည်။

ထမင်းစားခန်းထဲမှ ထွက်သွားသည်။

"ဟဲ့ သမီး ... ခင်မမ ဘာဖြစ်သလဲ" ဒေါ်ဒေါ်ကလှမ်း၍မေးသော်လည်း ခင်မမဦးက ပြန်၍မျှလှည့်မကြည့်ဘဲ ဆတ်ဆတ် ဆတ်ဆတ်နှင့် အိပ်ရာခန်းသို့သာ သွားနေပါ၏။

"မင့်သမီး နေများမကောင်းလို့လား မငြိမ်းရယ်" ဦးက ဒါပဲပြော၏။ ဒေါ်ဒေါ်က ထမင်းပင်ဖြောင့်ဖြောင့် မစားနိုင်ဘဲ သမီးနောက်သို့ ထမင်းစားပွဲမှ ထ၍ လိုက်သွားသည်။

"ဒီလိုပဲ မောင်လှမြင့်၊ စားမှာသာ ဝအောင်စား၊ သူတို့သားအမိကတော့ ဒီလိုပဲ" ဦးက အစားမပျက်ဘဲ ကျွန်တော့်ကို အားပေးနေပါ၏။

ထမင်းစား၍သာ ပြီးသွားသည်။ ဒေါ်ဒေါ်ရော၊ ခင်မမဦးပါ ပေါ်မလာ။

ကျွန်တော်ကတော့ သိပါ၏။ ကျွန်တော်က ပြုံးသည်ကို ခင်မမဦးက ကျေနပ်ပုံမရ။ သူမကို လှောင်သည်ထင်၍ စိတ်ကောက်ပြလိုက်ခြင်းနှင့်သာ တူပါ၏။

ထမင်းစားသောက်ပြီး၍ စာကြည့်ခန်းထဲမှာ ဆေးလိပ်သောက်နေစဉ် ဒေါ်ဒေါ်က ဝင်လာကာ ဟိုလုပ်သလို သည်လုပ်သလိုနှင့် သူ့သမီးအကြောင်းကို နိဒါန်းချီပါ၏။

"ခင်မမက အင်မတန် စိတ်အကြီးသား မောင်လှမြင့်ရဲ့၊ ကောက်မိရင်မရဘူး၊ တစ်ခါတစ်ခါ ဒေါသထွက်ရင် တက်များတောင် တက်တတ်တယ်"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

"စိတ်ရင်းကတော့ တော်ရှာပါတယ်ကွယ်။ အဲ ... သူမကြိုက်တာနဲ့ ကျရင်သာ ဆိုးတတ်တာပါပဲ၊ အဲဒီတော့ မင်းနမကို မင်းကြည့်ပြီး ချော့မော့ဆုံးမတာပေါ့ကွယ်"

ဒေါ်ဒေါ်က လူကြီးသဘောကိုပြောကာ ပြန်ထွက်သွားပါ၏။

ကျွန်တော်ကား ခုမှပင်ခက်ချေပြီ။ ကျွန်တော်နားမလည်သော၊ မသိသော မိန်းမကို မယားအဖြစ်လက်ခံပြီးမှ မကြိုက်တာနှင့်ကျလျှင် ဆိုးတတ်ကာ ကောက်မိရင်မရဘဲ ဒေါသထွက်သောအခါများ၌ တက်များပင် တက်တတ်သော မယားကို တွေ့နေရပါပကော။

mgyoe.com

"အမေ... အမေ... အမေ"

အမေ့ကိုသာ တမ်းတမိပါ၏။

( ၅ )

ညဥ့်က နက်လာပြီ။

၁၁ နာရီခွဲလေပြီ။ စာကြည့်ခန်းထဲမှာ ကျွန်တော်က စာအုပ်တစ်အုပ်ကို စိတ်ထဲက မပါ့တပါနှင့် ကြည့်နေမိ၏။ အဘယ်မျှ ညဥ့်နက်နေသည်ကို သတိမထားဘဲ စာဖတ်နေခိုက် စာကြည့်ခန်းဝမှာ ခြေသံကိုကြားရသဖြင့် ရုတ်တရက် ခေါင်းမော့ကာ ကြည့်လိုက်မိလေသည်။

ဒေါ်ဒေါ်ဖြစ်ပါ၏။

"ညဥ့်နက်လှပါပကောလား မောင်လှမြင့်၊ အိပ်ချေတော့လေ"

"ဟုတ်ကဲ့ ဒေါ်ဒေါ်" ကျွန်တော်က ဒါပဲပြောလိုက်သည်။

ဒေါ်ဒေါ်က ထွက်သွားသည်။ ကျွန်တော်က အခန်းထဲကို ဝင်ရမှာပင် လန့်နေတော့၏။ မနေ့ညကထက် ကနေ့ညတွင် ပိုမို၍သာ လန့်နေမိပါ၏။

မနေ့ကတော့ ကျွန်တော် သိမ်းပိုက်ရမည့်မယားအကြောင်းကို ဘာမျှမသိ၍ကား တော်သေး၏။ ယနေ့ကား ပြုံးမိသဖြင့် စိတ်ကောက်သောမယား၊ ကောက်မိလျှင် ချော့၍လည်းခက်ကာ ဒေါသထွက်လျှင် တက်တတ်သော မယား ဖြစ်ကြောင်း သိပြီးဖြစ်နေပါ၏။

ခက်ချေပြီ... ကျွန်တော်ကား ခက်ချေပြီ။

"အမေ ... အမေ ... အမေ"

အမေ့ကို အပြစ်တင်မိ၏။ ဘယ်လိုမယားမျိုးကိုမှ ရွေး ပေးစားလိုက်သလဲ။

သို့ရာတွင် လင်ခန်းမယားခန်းကား ပြီးခဲ့လေပြီ။ ကျွန်တော်က ဘာများ တတ်နိုင်ဦးမှာလဲ။ ပြီးခဲ့သော အမှုကို ခံရမည်။

ဝန်လေးနေ၏။ ပင်ပန်းလှ၏။

စာကြည့်ခန်းထဲက ပက်လက်ကုလားထိုင်ပေါ်မှာ အိပ်ရသည်မှာ အိပ်ဖူးသူများအဖို့သာ သိသည်။ မလှည့်သာ မဆန့်သာ ကျဉ်းကျပ်ကာ အောင့်သက်သက်ရှိသည်။ ပြီးတော့ ကိုရွှေခြင်ကလည်း နားအနားမှာ တဝီဝီအော်ကာ ဖုပိန့်နေအောင်ပင် ကိုက်ခဲလိုက်ဘိသေးတော့။

ဒေါ်ဒေါ်ထွက်သွ...ပြီးနောက် တွေးကာငိုင်နေ၏။

အဘယ်မျှကြာသွားသည်ကို သတိမထားမိ။

mgyoe.com

mgyoe.com
"ညဥ့်နက်လှပါပကောကွဲ့ မောင်လှမြင့်ရဲ့၊ အိပ်တော့လေကွယ်။ မင်းဟာကွ ဒီလောက်အချိန်မဲ့ကြီး စာဖတ်နေရင် ရောဂါရနေပါ့မယ်ကွယ်၊ အိပ်တော့ အိပ်တော့"

ဦးက တံခါးဝမှ ပြောနေပါ၏။

"ဟုတ်ကဲ့ ဦး" ဒါပဲပြန်ပြောကာ အူကြောင်ကြောင်ဖြစ်နေမိ၏။

"ကဲ ... သွား အိပ်တော့" နောက်တစ်ခါ အိပ်ရာခန်းထဲသို့ မောင်းသွင်းပြန်တော့သဖြင့် မတတ်သာတော့ဘဲ လှုပ်လှုပ်နှင့် ထခဲ့ရတော့သည်။

( ၆ )

ခန်းသာ၏ အုံးစက်မွေ့မှာ...

ကျွန်တော်က တစ်ဖက်သို့ တစောင်းခွေကာ အိပ်ပျော်နေဟန်နှင့်တူသော ခင်မမဦးကို အသာရပ်၍ကြည့်ရင်း ဒူးက တုန်နေမိပါ၏။ ရင်ထဲမှာလည်း ဟာသလိုလိုနှင့် တစ်မျိုးပင်ဖြစ်ပါ၏။

တကယ်ဆိုတော့ ကျွန်တော်သည် တော်တော်ညံ့သဖြင့် ရယ်စရာကောင်းနေသော သတို့သားတစ်ယောက်ပင် ဖြစ်နေပြီလား မပြောတတ်။

ခင်မမဦးသည် ကျွန်တော်ပိုင်သောမယား မဟုတ်ပါသလော။ လူကြီးမိဘချင်း လူသိရှင်ကြား ပုဆိုးတန်းတင်ပေးစားထားသော အကြင်လင်မယား မဟုတ်ပါသလော။

ဘောက်မယ့်ကြောင့် ခင်မမဦးနှင့် ယှဉ်တွဲ၍ မအိပ်စက်ခန့်ရပါသလဲ။

၁၉ နှစ်သား သတို့သားနှင့် ၁၇ နှစ်သမီး သတို့သမီးတို့၏ မင်္ဂလာဦးညသည် ရယ်စရာပြဇာတ်ကြီးနှင့် တူနေပေသည်။

ခင်မမဦးက ကျွန်တော့်ကို သိနားလည်ရန် ရင်းနှီးခွင့် မရှိခဲ့သလို ကျွန်တော်ကလည်း တစ်သက်ပန် ကျွန်တော်ပေါင်းသင်းရမည့် မယားကို အဘယ်သို့လေ့လာခွင့်၊ နားလည်ခွင့် မရခဲ့ခြင်းကား သာလွန်၍ ခက်ခဲစေသည်။

သို့ရာတွင် အိပ်ချင်သဖြင့် ခေါင်းထဲကပင် မူးဝေနေပါပြီ။

မတတ်သာတော့ပါ။ ကိုယ့်မယားနှင့်ကိုယ့် အိပ်ရမည်ကို ဘာကြောင့် နောက်တွန့်နေရပါဦးမည်လဲ။

ခြင်ထောင်ကို အသာ မ၍ အိပ်ရာထဲသို့ အသာလှဲလိုက်၏။

မီးက လင်းနေသဖြင့် ခလုတ်ကို နှိပ်လိုက်သဖြင့် မှောင်သွားသည်။

မှောင်သွားသည်နှင့်တစ်ပြိုင်နက်...
mgyoe.com

mgyoe.com


"သိပ်မတိုးပါနဲ့ဆိုတာ မကြားဘူးလား"

ခင်မမဦး၏ ခပ်မာမာအသံကို ကြားလိုက်ရသည်။

ကျွန်တော့်အဖို့ ဘယ်လောက်များ ခံရခက်ပါသလဲ။ ကျွန်တော့်မယား ကို ကျွန်တော်သည် အသားချင်းထိခွင့်ပင် မရှိတော့သလား။

ခံရခက်မိပါ၏။ သို့သော် အေးချမ်းမှုကိုသာ ရှိစေချင်ပါ၏။

"မတော်တဆ ထိမိတာပါဗျာ၊ လင်ရယ်မယားရယ် ဖြစ်လာမှတော့ ဒီ လောက်ဖြစ်နေရသေးသလား မခင်မမဦးရယ်" ကျွန်တော်ကလည်း ငေါ့လိုက် မိပေသည်။

"ဘာ ... ဘာ ... ဘာ ..."

ကျားမလို ခင်မမဦးက ထလာ၏။

"ဩော် ... ဒါသထွက်ရမယ့်ကိစ္စမှ မဟုတ်တာဗျာ၊ တိုးတိုးသက်သာ ပြောစမ်းပါ"

"ကျယ်ကျယ်ပြောကော ဘာဖြစ်သလဲ၊ ထွန်း ... မီးထွန်းစမ်းပါ မီး"

ကျွန်တော်က ငြိမ်နေလိုက်ပါသည်။

ခင်မမဦးက မငြိမ်။ ခုတင်ပေါ်မှ ဆင်းကာ မီးခလုတ်ကိုသာ ဖွင့်နေလိုက် ပါ၏။

ရုတ်တရက် မီးက လင်းသွားပေသည်။

ခေါင်းရင်းက စာရေးစားပွဲဘေးမှ ကုလားထိုင်တွင် ခင်မမက ထိုင်နေ လိုက်ပါ၏။ မျက်နှာကလည်း သုန်မှုန်နေလိုက်ပါသေး၏။

ခက်ရချေသေးတော့။

ကျွန်တော်က အေးချမ်းသွားစေလို၍ ငြိမ်လိုက်ပါမိ၏။ ခင်မမကတော့ ဟစ်တလာ ဆန်နေပေသည်။

"ရှင့်ကို ဒီက ကြိုက်လို့ယူတယ်များ မှတ်နေသလား" ဖျစ်တောက်ဖျစ် တောက်နှင့် လေရှည်နေပါ၏။

"ခက်ပါဘိတော့ မခင်မမဦးရယ်။ ကျုပ် အိပ်ပါရစေတော့ဗျာ"

"ရှင့်ဘာသာရှင် အိပ်ချင်ရင် အိပ်ပါတော့လား"

"ဒါဖြင့် မီးကလေးတော့ ငြိမ်းပေးပါ"

"မငြိမ်းနိုင်သေးဘူး"

ခက်ကပြီ ... ကျွန်တော်ကား ခက်ကပြီ။ ဘာလုပ်ရပါဦးမည်လဲ။

တစ်ဖက်သို့စောင်းကာ စောင်ကိုခေါင်းမြီးခြုံလိုက်၏။ မတတ်နိုင်တော့ပါ။

mgyoe.com

mgyoe.com


"ရှင့်ကို ဒီက ချစ်လို့၊ ကြည်ဖြူလို့များ မှတ်မနေပါနဲ့"

ခင်မမဦးကတော့ ဆော်၍သာ ထည့်နေတုန်းဖြစ်ပါ၏။ ကျွန်တော်က မလှုပ်ဘဲ ငြိမ်နေရ၏။

"လူကိုများ ဘယ်လိုအစားထဲက အောက်မေ့နေလဲမသိဘူး"

ကျွန်တော်က ခေါင်းမြီးကို ဖွင့်လိုက်မိသည်။

"တော်ပါတော့ မခင်မမဦးရယ်"

"မတော်ဘူး၊ ဘာလို့တော်ရမှာလဲ"

"ခက်ပါဘိတော့ဗျာ"

"ဘာခက်ရတာလဲ"

"ခင်ဗျားဟာက တရားလွန်လွန်းပြီ ထင်တယ်ဗျာ"

"လွန်လွန်းလို့ မခံနိုင်ရင် ဆင်းသွားပါလား"

ခက်ကပြီ၊ အိမ်ပေါ်မှပင် နှင်ချ၍ နေပါပြီကော။

ထိုညတစ်ညလုံး တစ်ယောက်တစ်ပေါက်နှင့် လင်မယားရန်ဖြစ်ရသည်နှင့် တစ်မှေးမျှမအိပ်ရဘဲ မိုးသာလျှင် စင်စင်လင်းခဲ့ရပါ၏။

သည်လိုနှင့် ညတိုင်းလိုလိုပင် ခပ်စောင်စောင်နေခဲ့ကြရပါ၏။ နေ့လယ်နေ့ခင်း လူကြီးမိဘများရှေ့တွင် တစ်ယောက်နှင့်တစ်ယောက် ဟန်လုပ်ကာ ပြောလားဆိုလား လုပ်နေရသော်လည်း လူကြီးများလစ်သော ကွယ်ရာ၌မူကား ခပ်မှန်မှန်ပဲ ဖြစ်ကြပေသည်။

သည်လို ညားခဲ့ကြရပြီး သုံးလမျှကျော်လွန်ခဲ့သည့် တိုင်အောင် ကျွန်တော်နှင့် ခင်မမဦးတို့သည် လင်မယားအရာကား မမြောက်ခဲ့ကြပေ။

ကျွန်တော်က တစ်နေ့တခြား အနေရ ကျုံ့လာပါ၏။ ယောက္ခမများက အင်မတန် အရေးပေးကြ၊ ကောင်းကြ၍သာ ကြိတ်မှိတ်လိမ်ပိန်၍ နေရခြင်းသာ ဖြစ်လေသည်။

သည်လိုအတွင်းကျိတ်ဖြစ်နေရသော ကိစ္စများကို နှစ်ဦးနှစ်ဖက်စီမံပေးစားကြသော လူကြီးများကိုလည်း ဖွင့်ပြော၍မဖြစ် ကြိတ်၍မှိတ်၍သာ ခံနေခြင်းမှာ ဆိုးရွားလှပါသည်။ သည်လို ဝဋ်ကြွေးကြီးတစ်ခုလိုဖြစ်နေထင်နေကာ ခံနေရသော အိမ်ထောင်ရေးကြီးသည် ကျွန်တော့်အဖို့တွင်သာ မဟုတ်ဘဲ ခင်မမဦးအဖို့ပါ အဓိပ္ပာယ်လည်းမရှိ၊ သာယာရွှင်မွေ့ဖွယ်များသည် ဆိတ်သုဉ်းခန်းခြောက်နေပါတော့၏။

သည်လို ဖြစ်ပြီးလွန်ပြီးသော အမှုကို ပြင်မရမှန်းသိ၍ အခွန့်ရှည်

mgyoe.com

mgyoe.com

တည်တံ့ကာ ချောမောသောအိမ်ထောင်ရေး ဖြစ်သွားစေရန် ကျွန်တော်က လမ်းစရှာမိသည်။

ပေါက်မိသော နဖူးသည် အဘယ်သို့ ထူးနိုင်ပါဦးမည်လဲ။

ခင်မမဦးကို နားလည်အောင် ကျွန်တော်က ကြိုးစား၏။ ကျွန်တော့်ကို နားလည်အောင် ခင်မမက ကြိုးစားသည်၊ မကြိုးစားသည်ကိုတော့ သူမကိုယ်တိုင်သာ အသိဆုံးဖြစ်ပါလိမ့်မည်။ ကျွန်တော့်အမြင်တွင်ကား ကျောင်းသူဘဝမှ အိမ်ထောင်ရှင်မဘဝကို ဖြုန်းခနဲယူလိုက်ရရှာခဲ့သော ခင်မမဦးသည် တခြားသူစိမ်းတစ်ရံဆန်ယောကျ်ားတစ်ဦးအား ရုတ်တရက် လင်ယောကျ်ားအဖြစ် လက်ခံရခြင်းကို နားလည်ရန် ကြိုးစားလိမ့်မည်တော့ မထင်ပါ။

လူငယ်နှစ်ဦးအား ရင်းနှီးမှု၊ နားလည်နိုင်မှုနှင့် လေ့လာမှုကို ဘာမျှမပေးဘဲ လူကြီးများသဘောနှင့် စီမံလိုက်သော အိမ်ထောင်ရေး၏ဒဏ်ကို လူငယ်များက ခံကြရပါ၏။ ကုန်ရောင်းဝယ်လိုပြုသော အိမ်ထောင်ရေးကို ကျွန်တော်နှင့် ခင်မမဦးတို့သာ ခံကြသည်မဟုတ်သေး။ ကျွန်တော်တို့ နှစ်ဦးမှ မလွှဲမရှောင်သာ မွေးဖွားလာခဲ့ရသော သမီးကလေး ပူတူးနှင့် နုနုတို့လည်း သနားဖွယ်ရာ ခံကြရပါ၏။

( ၇ )

သုံးနှစ်မျှ လင်ရယ်၊ မယားရယ်ဟူသော မိဘဆွေမျိုး ညာတကာနှင့် ပတ်ဝန်းကျင်၏ အသိပြုချက်ဖြင့် အတူနေလိုက်၊ ခွဲနေလိုက်ဖြင့် နေခဲ့ကြရပြီးနောက် တစ်ဦးနှင့်တစ်ဦး အဘယ်သို့မျှ အတူမနေနိုင်အောင် ဖြစ်လာကြပါ၏။

တစ်ဦးကိုတစ်ဦးက ဘယ်လိုမျှ နားမလည်ဘဲ၊ အသိအမှတ်လည်း မပြုကြသော လင်မယားနှစ်ဦး၏ အိမ်ရာထောင်ရေးသည် အဘယ်သို့ အဓွန့်ရှည်တည်မြဲနိုင်ပါဦးမည်နည်း။

မင်္ဂလာဆောင်ကြရပြီးနောက် လေးလအကြာတွင် ကျွန်တော်က သစ်တောအရာရှိအလုပ်တစ်ခုနှင့် နှစ်ရှည်စာချုပ်ဖြင့် သစ်လုပ်ငန်းကို လုပ်နေသော မျက်နှာ ဖြူသစ်ကုမ္ပဏီကြီးတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ရပေသည်။ ထိုသို့ အလုပ် လုပ်သောအခါ ယောက္ခမ၊ မိဘနှင့် သားမယားတို့ရှိရာမြို့မှ ခွဲခွာ၍ အဝေးတစ်မြို့သို့ သွားရမည်ဖြစ်ပေသည်။

အလုပ်အတွက် သွားရပေမည်။

သို့ရာတွင် ခင်မမဦးက မလိုက်ဘဲ ကျန်ရစ်ခဲ့သည်။ မိဘများကို မခွဲနိုင်

mgyoe.com

mgyoe.com


ပါတဲ့။

ညားကာစလင်မယားတို့၏ ချစ်စခင်စ သဘောသည် ဘယ်မှာလဲ။ ကျွန်တော်ကလည်း ချွဲချွဲပျစ်ပျစ်နှင့် မောင်မောင်ရယ်... မမရယ် မလုပ်မိပေ။ လုပ်ချင်စိတ်ကလည်း မရှိ။

"မင်းမလိုက်ချင်ရင်လည်း ဘယ်တတ်နိုင်ပါ့မလဲ"

ဒါပဲ အေးချမ်းစွာ ပြောမိသည်။

သည့်နောက် ကျွန်တော်က အလုပ်ရှိရာသို့ ထွက်ခဲ့သည်။ စာတော့ မှန်မှန် ရေးခဲ့၏။ ခင်မမဦးထံမှလည်း စာမှန်မှန်ရပါ၏။

ကျွန်တော် ထွက်လာခဲ့ပြီးနောက် သုံးလလောက်အကြာ၌ ကျွန်တော့်အား ဖေဖေခေါ်မည့်သူတစ်ဦးသည် ရောက်ရှိလာတော့မည့်အကြောင်း ခင်မမဦးက စာရေးလိုက်သည်။ ပမ်းသာသလိုလိုရှိမိရာမှ ထိုမွေးဖွားလာဦးမည့် ကလေး၏ ကံကြမ္မာနှင့် အနာဂတ်အရေးကို တွေးပူပန်မိသည်။

လင်ရယ်၊ မယားရယ် ဟု လေးလေးနက်နက် သဘောထားခြင်းမရှိဘဲ အခိုက်အခါမသင့်၍ အတူနေကြရသော ယောကျ်ားနှင့် မိန်းမ နှစ်ဦးအကြားသို့ တိုးဝှေ့ကာ ဝင်ရောက်လာသောကလေး၏ လူတစ်ယောက်အဖြစ် အရေးမှာ စိုးရွံ့ဖွယ်ရာ ဖြစ်ပါ၏။

သို့ရာတွင် ဖြစ်လာခဲ့ပြီးသော အမှုကိုကား ရှောင်လွှဲပြေးထွက်ရမည် မဟုတ်တော့။

သမီးဦး ပူတူး ကို မွေးလာသောအခါ၌ ခင်မမဦးက ၁၉ နှစ်ခန့်မျှသာ ရှိပါသေး၏။ ကျွန်တော်က ကျွန်တော့်သမီးနှင့် မယားကို အတူနေထိုင်ရန် ခေါ်ပါ၏။

ခင်မမဦးက အင်း မလုပ်၊ အဲ မလုပ်။ ဦးနှင့်ဒေါ်ဒေါ်က ကလေးငယ်သေး၍ မထည့်လိုက်လိုသေးကြောင်း ပြောပါ၏။

သို့နှင့် ပူတူးခြောက်လလောက်တွင် ကျွန်တော်က ပြန်၍ခေါ်ပါ၏။

ခင်မမဦးက မလိုက်ချင်သော အမူအယာလုပ်ပြနေပေသည်။ ဦးနှင့်ဒေါ်ဒေါ်က လိုက်ဖို့ ထည့်ပါ၏။ ကျွန်တော်က မယားနှင့်သမီးကို ချော့ကာမော့ကာနှင့် ခေါ်ခဲ့ရပေသည်။

မိဝေးဖဝေးနှင့် တစ်မြို့တစ်ရွာတွင် ခင်မမဦးက လင်သားနှင့်နေရသည့် တိုင်အောင် ပျော်ရွှင်ပုံမရ။ ကျွန်တော်က ကြိုးစား၍ အမျိုးမျိုးအလိုလိုက်ခဲ့ပါ၏။

မကြာခဏ စိတ်ကောက်ခြင်းများကို ချော့ရပါ၏။ ပူတူးက နို့ဆာ၍

mgyoe.com

mgyoe.com
ငိုသည်ကို ကျွန်တော့်အား မကျေနပ်၍ မတိုက်ဘဲ ပစ်ထားသည့်အတွက် ကျွန်တော်က ခပ်ထန်ထန်ကလေးပြောမိသဖြင့် ပေါင်ဒါထည့်သော ငွေဘူးနှင့် ကျွန်တော့်ကို ပေါက်ရာ အရှောင်ကောင်း၍ လွတ်ခဲ့ရပါ၏။

"မင်း သိပ်ဆိုးလှပါကလား ခင်မမရာ။ ကိုယ့်မှာ သားနဲ့သမီးနဲ့ ဖြစ်လာကြပြီပဲ။ ကျောင်းက စိတ်ကို ဖျောက်စမ်းပါကွာ"

ကျွန်တော်က ဒါပဲ ပြောမိ။

"ဆိုးတယ် ဆိုးတယ်၊ ဘာလုပ်ချင်သလဲ၊ ရှင့်နောက်လိုက်လာရလို့ ရှင်က အနိုင်ကျင့်မလို့ပေါ့လေ" ခင်မမဦးက ဆွေ့ဆွေ့ခုန်ရန်တွေ့ကာ အော်ဟစ်နေလေသည်။

တစ်မြို့တစ်ရွာ သူစိမ်းတစ်ရံဆန်များရဲ့ ပတ်ဝန်းကျင်မှာ လူကသာငယ် သော်လည်း လူကြီးအလုပ်နှင့် နေထိုင်ကြရသောဘဝကို ခင်မမဦးက ကျောင်းသူကလေးလို လုပ်နေပါ၏။

အိမ်နီးနားချင်းများဖြစ်သော သစ်တောဝန်ထောက် မောင်မောင်ကြည်နှင့် မြို့အုပ် ကိုအေးသိုက်တို့အိမ်ကပင် ခင်မမဦး၏အော်သံကြောင့် ထိတ်လန့်သွားကြပါ၏။

"မင်း သိပ်အော်မနေနဲ့ကွာ၊ ငါ ဘာမှမပြောတော့ဘူး"

"အော်မယ်၊ ဘာပြုသလဲ၊ အော်မယ်" ဟု အသံကုန်အော်ဟစ်နေရာမှ တက်သွားသဖြင့် ရန်ဖြစ်ရခြင်းကို မေ့ကာ ခြေမကို တွင်တွင်သာ ချိုးရပေသည်။

သည်လိုနှင့်သာ နေ့ဆက်ရက်ဆက် နေခဲ့ရသော ခင်မမဦးနှင့် ကျွန်တော်တို့၏ အိမ်ထောင်ရေး၏ဒုက္ခကို သူတို့သဘောနှင့် သူတို့ဘာသာ စီမံပေးစားလိုက်ကြသော လူကြီးများက မသိ။ သိသည့်တိုင်အောင်လည်း စိတ်မကောင်းဖြစ်ကြရုံသာ ရှိကြပေမည်။

လူကြီးများ မသိအောင် ကျွန်တော်က ကြိုးစားဖုံးဖိသော်လည်း ပူတူးလမ်းလျှောက်တတ်ကာစနှင့် ဝိုးဝိုးဝါးဝါး စကားပြောတတ်စပြုသော အခါလည်း သမီးလောက်တွင် ခင်မမဦးက သူ မနေနိုင်တော့ပါဘူးဟူသော အသားလွတ်အကြောင်းပြချက်ဖြင့် တောတက်နေရသော ကျွန်တော့်ကိုမှ အသိမပေး၊ အကြောင်းမကြားဘဲ သူ့မိဘများဆီသို့ ပြန်ပြေးတော့၏။

သည်ကိစ္စကို တောမှအိမ်ပြန်ရောက်သောအခါမှသာ သိရ၏။

သို့နှင့် ခွင့်ယူကာ လိုက်သွားခဲ့ရပေ၏။ ရှေ့ကရောက်နှင့်သဖြင့် ဘယ်လိုက ဘယ်လို လူကြီးများကို ဦးအောင်ပြောထားနှင့်သည် မသိ။ ဦးနှင့်
mgyoe.com

mgyoe.com
ဒေါ်ဒေါ်ကပင် ခပ်တန်းတန်းလုပ်နေပါ၏။ ကျွန်တော့်မှာ နေရခက်ထိုင်ရခက် ဖြစ်နေရပေသည်။ သို့နှင့် ခွင့်ရက်က စေ့လာသဖြင့် မရေမရာနှင့်ပြန်လာခဲ့ရပေသည်။

( ၈ )

ဒုတိယသမီး 'နုနု'ကို မွေးဖွားခိုက် ကျွန်တော်က ခွင့်ယူကာ ပြန်ခဲ့ရသေး၏။

သို့ရာတွင် ခင်မမဦးက ကျွန်တော့်မျက်နှာကို မဆိုင်ချင်သလို လွှဲ၍သာ နေပါ၏။ ဦးနှင့်ဒေါ်ဒေါ်တို့ကလည်း အခေါ်အပြော မပျက်စေကာမူ ယခင်က လောက်တော့ ဟက်ဟက်ပက်ပက်မရှိပါ။

ပူတူးနှင့်သာ အချိန်ကုန်ရပါ၏။

သည်လိုဖြစ်နေပျက်နေသော အတွင်းရေးများကို အမေကတော့ မသိ။ မသိတာကပင် အဘွားကြီးအတွက် ကောင်းလိမ့်မည်ဟု ကျွန်တော်က ထင်ပါ၏။

ကျွန်တော်က ကျွန်တော့်မယားကို စတင်၍ ခေါ်ကာပြောကာ လုပ်ပါ၏။ ခင်မမဦးကတော့ ကျွန်တော့်ကို ပြန်မပြော။ သို့နှင့် ခွင့်ရက်စေ့၍ ပြန်ခဲ့ရသည်။

သည်လိုဖြစ်နေခဲ့နေရသော အိမ်ထောင်ရေးအဆင်မပြေ မညီမညွတ်မှု၏ ဒဏ်ချက်ကို ကျွန်တော်က အပြန်ပြန်အလှန်လှန် စဉ်းစားကြည့်မိပါ၏။

လူတစ်ယောက်အဖြစ်နှင့် ကျွန်တော့်အပြစ်နှင့် တာပန်ကားမရှိဟု ထင်သည်။ ကျွန်တော်မသိ၍ နားမလည်သဖြင့် မချစ်သော မိန်းမတစ်ယောက်ကို သိအောင်၊ နားလည်အောင်၊ ချစ်အောင် ကြိုးစားခဲ့ပါသည်။

ခင်မမဦးကား လူ့အမှုကို ဘာမျှမသိရှာသေးသော ကျောင်းသူကလေး ဖြစ်ပါ၏။ ငယ်ရွယ်သော ခင်မမဦးကလည်း ကျွန်တော့်လိုသာပင် ရှိချိမ့်မည် မဟုတ်ပါလော။

လူငယ်နှစ်ဦး၏ အပြစ်ကားမဟုတ်ဟု ထင်မိပါ၏။

လူကြီးများ၏ စေတနာနှင့် မေတ္တာကိုကား သံသယဝင်စရာ မလိုပါ။ မိဘတို့၏ ကြီးမားသော ကရုဏာ၊ စေတနာတို့ဖြင့် ကောင်းစေချင်၍ စီမံခန့်ခွဲသောအလုပ်ဖြစ်ပါ၏။ သည်လိုဆိုသောအခါ တရားခံကို ဘယ်မှာရှာရပါမည်လဲ။

တရားခံသည် မဝေးပါ။ ယနေ့ လူမှုဆက်ဆံရေး အဆောက်အအုံ၏

mgyoe.com

mgyoe.com


ယဉ်ကျေးမှုဟောင်းကြီးထဲမှာ လျှို့ဝှက်စွာ ရှိနေပေသည်။

သားသမီးများကို ကုန်ပစ္စည်းရောင်းဝယ် ဖလှယ်သလိုပြုနေကြသော ယနေ့လူမှုဆက်ဆံရေး၏ ဖောက်ပြန်မှုကို ငယ်ရွယ်သော ခင်မမဦးနှင့် ကျွန်တော်သာမဟုတ်သေးဘဲ မလွဲမရှောင်သာဘဲ လူဖြစ်လာကြရသော ပူတူးနှင့် နုနုတို့ပင် ခံကြရပါ၏။ ဤမျှ ငယ်ရွယ်နုနယ်၍ အပြစ်အနာအဆာ ကင်းလှသော ကလေးနှစ်ယောက်သည် မိဘများအလယ်တွင် သိုက်သိုက်ဝန်းဝန်း မနေကြရခြင်းမှာ အဘယ်မျှ သူတို့အဖို့ အသည်းနာစရာကောင်းသလိုက်ပါသလဲ...။

နုနုကို မျက်နှာမြင်ပြီးနောက် သုံးလလောက်အကြာတွင် ကျွန်တော်က သားမယားကို ပြန်လာ၍ ခေါ်ပါသေး၏။ သည်လိုလာခေါ်ရခြင်း၌ စိတ်မကောင်း စရာတစ်ခုကို တွေ့ရခြင်းကား နှစ်ခါလည်မျှပင်ရှိသော သမီးဦး ပူတူးက အဖေဖြစ်သော ကျွန်တော့်ကို "ဘယ်က လူကြီးလဲ"ဟု မေးကာ ကျွန်တော်က ခေါ်သောအခါ သူစိမ်းတစ်ယောက်လို ငြင်းဆန် ငိုယိုခြင်းပင် ဖြစ်ပေသည်။ ခင်မမဦးက လိုက်ရန် ငြင်းဆန်၏။

ဦးနှင့်ဒေါ်ဒေါ်တို့ကလည်း ဘာမျှဝင်မပြောဘဲ ဆိတ်ဆိတ်နေကြပါ၏။

ကျွန်တော် ဘာများတတ်နိုင်ဦးမှာလဲ...။

( ၉ )

ကြာပေပြီ... တော်တော်ပင် ကြာမြင့်ခဲ့ပြီ။

အလုပ်ဝတ္တရား၏ စေခိုင်းပို့ဆောင်ရာသို့ တစ်ယောက်တည်း သွားလာနေထိုင်ကာ သားမယား မရှိသော အိမ်ထောင်ရှင်တစ်ဦး၏အဖြစ်မှာ မရေ ရာနှင့် ၆ နှစ်ပင် ကျော်ခဲ့လေပြီ။ သမီးကြီးပူတူးသည် သူ့အမေအပျိုဘဝနှင့်တုန်းက နေခဲ့သော သီလရင်ကျောင်းမှာ ဒုတိယတန်းသို့ရောက်ရှိနေကာ အငယ်နုနုသည်ပင် သူ့အစ်မပူတူးနှင့်အတူ ကျောင်းသို့လိုက်စပြုနေပေသည်။

ခင်မမဦးလည်း မိဘများလည်း မကြာမြင့်မီကပင် ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြပြီ ဖြစ်ပါ၏။ ထိုသို့ကွယ်လွန်သွားပြီးကာမှ သူတို့အတွက် ကျွန်တော်က ပေးနေသော ဝေစုဝေပုံကျကိုပင် ခင်မမဦးက လက်မခံတော့။ ငြင်းပယ်၏။ သူမ ဘာသာပဲ ကြီးတော်များနှင့် နေပါ၏။

ကျွန်တော့်အမေကတော့ သူ့ချွေးမနှင့် မြေးများထံမှာလိုလိုသာပဲ နေသည်။ တော်တော်ချစ်ပုံ၊ သံယောဇဉ်ကြီးပုံရသည်။ ကျွန်တော်တို့လင်မယားနှင့် ကလေးတွေ သည်လိုဖြစ်နေရပုံကို အမေကတော့ စိတ်မကောင်းဖြစ်နေရှာ

mgyoe.com

mgyoe.com

သည်။ ဒါပဲလေ ... အမေကတော့ ဘာတတ်နိုင်ဦးမည်လဲ...။

အမေသာမဟုတ် ... ကျွန်တော်လည်း ဘာမျှမတတ်နိုင်။

ကျွန်တော်နှင့် ခင်မမဦးသည် တစ်ယောက်နှင့်တစ်ယောက် စာချင်းပင် အဆက်အသွယ်မရှိကြတော့။ တစ်လတစ်ကြိမ်လောက် သမီးပူတူး၏လက်ရေးများဖြင့် စာကိုတော့ ဖတ်ရပါ၏။ ဒါပဲ...။

ကျွန်တော်ကလည်း အေးအေးပဲနေချင်သဖြင့် အေးအေးပဲ နေလိုက်ပါ၏။ အေးအေးမနေချင်၍ကော ကျွန်တော်က ဘာများတတ်နိုင်လုပ်နိုင်သေးပါသလဲ။

ကျွန်တော်သည် ဘာလဲ...။ ခင်မမဦးကော ဘာလဲ...။

သည်လိုသာပဲ မသေမချင်း နေသွားကြရတော့မည်လော။

သည်လိုသာဆိုရင်တော့ ယနေ့အိမ်ထောင်ရေးသည် ဘယ်လိုအနက်အဓိပ္ပာယ် ရှိပါဦးမည်လဲ...။

လူကြီးမိဘများ၏ စေတနာမေတ္တာကိုကား သံသယဖြစ်နေစရာမလိုပါ။ သားသမီးတို့ကို ထားရှိသော စေတနာမေတ္တာကား ဖြူစင်ပေမည်။

ခင်မမဦးသည် အပြစ်မရှိပါ။ ကျောင်းသူကလေးမှ အိမ်ထောင်ရှင်မဘဝသို့ ဖြုန်းဖြုန်းဒိုင်းဒိုင်း ကူးလာခဲ့ရသော ခင်မမဦး...။

ကျွန်တော်သည် ကျွန်တော့်ကိုယ်ကိုလည်း အပြစ်မတင်ချင်ပါ။

ယနေ့လူမှုဆက်ဆံရေး၏ ဖောက်ပြန်သော ကုန်ရောင်း၊ ကုန်ဝယ် အိမ်ထောင်ရေးပေါ်တွင် အခြေတည်၍ အဓိပ္ပာယ်ကင်းမဲ့နေသော ယောကျ်ားတစ်ဦးနှင့် မိန်းမတစ်ဦး၏ အတူနေထိုင်ဆက်ဆံပေါင်းသင်းရေးသည် ဤလမ်း ဤစခန်းအတိုင်းသာ သွားနေကြရဦးမည် ဖြစ်ပါ။ ကြာပေပြီ... တော်တော်ပင်ကြာမြင့်ခဲ့လေပြီ။

ပူတူးနှင့် နုနုတို့က ယခုအခါ ငယ်သေး၍ဖြင့် တော်ပါသေးသည်။ တစ်နေ့ သူတို့ကြီးပြင်း၍ အရွယ်ရောက်ကာ သိတတ်လာ၍ သိလာကြသော တစ်နေ့၌ သူတို့၏အဖေနှင့် အမေတို့၏ ဖြစ်နေကြပုံကိုကြည့်ကာ အဘယ်မျှဝမ်းနည်းကြလိမ့်ဦးမည်ကိုကား ကျွန်တော်လည်း မတွေးဝံ့၊ သူတို့အမေ ခင်မမဦးသည်လည်း တွေးဝံ့မည်ဟု ကျွန်တော်က မထင်ပါ။

ရှမဝမဂ္ဂဇင်း၊

ဒီဇင်ဘာလ၊ ၁၉၅၀ ခုနှစ်။

❑

mgyoe.com

mgyoe.com

# ခွင့်လွှတ်ပဲ့ မေရယ်

( ၁ )

အဘယ်သူ တစ်ယောက်တလေများ မိမိကိုယ်ကို ခွင့်မလွှတ်သူရှိပါဦးမှာလဲဟု ကျွန်တော်က မေးလိုက်ချင်စမ်းပါသည်။ လူသည် ခွင့်လွှတ်တတ်သော သဘောရှိသည်။

သူတစ်ပါးကိုလည်း ခွင့်လွှတ်တတ်၍ မိမိကိုယ်ကို သာ၍ခွင့်လွှတ်တတ်ပါ၏။ သည်လို သူတစ်ပါးရဲ့ အပြစ်ကို ခွင့်လွှတ်ခြင်းဖြင့်လည်းကောင်း၊ မိမိရဲ့ အပြစ်ကို မိမိဘာသာ ခွင့်လွှတ်ခြင်းဖြင့်လည်းကောင်း လူသည် အသက်ရှင်နေနိုင်ခွင့်ကို ရနေပေသည်။

တစ်ပါးသူကို ခွင့်မလွှတ်နိုင်သည်ပဲ ထားပါဘိဦး၊ လူသည် မိမိကိုယ်ကိုယ်တော့ ခွင့်လွှတ်နိုင်ရပေလိမ့်မည်။ များစွာသော လူတို့သည်မိမိ၏အပြစ်ကို မသိချင်ကြ၊ မသိချင်၍မဖြစ်ဘဲ သိလာရသောအခါ၌လည်း လွယ်လင့်တကူ မိမိ ကိုယ်ကို လှည့်စား၍ ခွင့်လွှတ်တတ်သည်။ သည်လို မိမိကိုယ်ကိုယ် သက်ညှာစွာ၊ လှည့် စားကာ ခွင့်လွှတ်ခြင်းဖြင့် လူသည် အသက်ရှင်ရပေသည်။

တကယ်ဆိုတော့ လူဆိုသော သတ္တဗေဒ သတ္တဝါ၏အဘိဓမ္မာသည် အသက်ရှင်နေဖို့ပင် မဟုတ်ပါသလော။ လူသည် အသက်ရှင်နေနိုင်ခွင့်အတွက် အဓိကထားရမည်ပင် ဖြစ်သည်။ ထို့ကြောင့် အသက်ရှင်နေထိုင်နိုင်ခွင့်အတွက် လူသည် မိမိ၏အပြစ်ကို မိမိက ခွင့်လွှတ်ခြင်းမှာ လူ၏သဘာဝလို ဖြစ်နေပါ၏။

ထို့ကြောင့် ကျွန်တော်က မေးလိုက်ချင်စမ်းပါ၏။

အဘယ်သူတစ်ယောက်တလေများ မိမိကိုယ်ကို ခွင့်မလွှတ်နိုင်သူ ရှိပါဦးမှာလဲ။

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


( ၂ )

ကျွန်တော့်အပြစ်ကို ကျွန်တော် အဘယ်သို့မျှ ခွင့်လွှတ်၍မရသူတစ်ဦး တစ်ယောက်အနေဖြင့် ကျွန်တော့်ဘဝသည် အဓိပ္ပာယ်မရှိဖြစ်နေရပါ၏။ ကျွန်တော်သည် လူ့ဘဝတွင် အသက်ရှင်နေရတော့သည်ဟု မထင်မိ။ လူ့ဘဝကို ပင်ပန်းကြီးစွာ ခံယူနေရသည်ဟုသာ ထင်နေမိပါ၏။ အဓိပ္ပာယ်မရှိသော ကဗျာတစ်ပုဒ်ကို အဘယ်ကဗျာဆရာက သီကုံးဖွဲ့နွဲ့ချင်ပါမည်လဲ။ အဓိပ္ပာယ်မရှိသော ကဗျာ၏ကာရန်သည် အဘယ်မျှလှပစေကာမူ ထိုအဓိပ္ပာယ်မရှိခြင်းဖြင့် ထိုကာရန်သည် အဘယ်သို့ လှပနေသည်ဟု အဘယ်စာပေ၏ ပါရဂူနှင့် ပါမောက္ခတို့က လက်ခံကြပါမည်နည်း။

ကျွန်တော်က ကျွန်တော်၏လူ့ဘဝကို သည်လိုပဲမြင်ရသဖြင့် သည်လိုပဲ လက်ခံရပါ၏။ အခြားလက်ခံစရာလည်း မရှိ။ ထိုနည်းကို ကြံဆပေးနိုင်သူရှိပါက ထိုသူအား ကျွန်တော်က ဘဝ၏အရှင် ဘုရားသခင်အဖြစ် ကိုးကွယ်ဆည်းကပ်မည်သာ ဖြစ်ပါ၏။

သို့ရာတွင် ထိုဘဝ၏အရှင် ဘုရားသခင်သည် ကျွန်တော်တည်ဆောက်ထားသော ကမ္ဘာမြေကြီး၏ သဘာဝတ္တတွင် တစ်ဆူတည်း တစ်ပါးတည်းသာ ရှိပါ၏။ နှစ်ဆူလည်း ရှိမည်မဟုတ်။

ထိုဘုရားသခင်သည်သာ ကျွန်တော်၏ ခံနေရသော အဓိပ္ပာယ်မရှိခြင်း ဝဋ်ဒုက္ခမှ ကယ်တင်နိုင်သော အရှင်ဖြစ်ပါ၏။ **ဘဝ၏အရှင်...**

ဘဝ၏အရှင်က ကျွန်တော့်အပြစ်ကို ခွင့်လွှတ်ပါမှ ကျွန်တော်သည် ကျွန်တော်၏ အပြစ်ကို ကမ္ဘာပေါ်ရှိ လူတစ်ယောက်လို ခွင့်လွှတ်နိုင်လိမ့်မည် ဖြစ်ပါသည်။ ထိုကဲ့သို့ ကျွန်တော့်ကို အရိပ်ပမာ အစဉ်အမြဲခြောက်လှန့်နေသော ဘဝ၏အပြစ်ကို ခွင့်လွှတ်မေ့ပျောက်နိုင်သော ကာလ၌သာ ကျွန်တော်သည် ဖြစ်လာသော ကမ္ဘာသစ်တစ်ခုကို သင့်သလို တည်ဆောက်၍ အသက်ရှင်ရ တော့မည် ဖြစ်ပါ၏။

ကျွန်တော့်အပြစ်ကို ကျွန်တော်က ခွင့်လွှတ်နိုင်ရေးမှာ ကျွန်တော့်ဘဝ၏ အရှင်က ကျွန်တော့်ကို ခွင့်လွှတ်ပါမှ ဖြစ်ပေတော့မည်။ ထိုသို့ ဘဝ၏အရှင်က ခွင့်လွှတ်နိုင်ရေးကို ကျွန်တော်က ရှာကြံခဲ့ပါ၏။ သို့ရာတွင် ဘဝ၏အရှင်က ကျွန်တော့်အား ခွင့်မလွှတ်နိုင်သကဲ့သို့ ကျွန်တော့်ကို အရိပ်အယောင်လောက်မျှ ပင် အမြင်မခံ။ **ညှဉ်းရက်လေနိုင်အား။**

သို့ရာတွင် ကျွန်တော့်အပြစ်ကိုကျွန်တော် ခွင့်လွှတ်နိုင်အောင် ကုစားရ

mgyoe.com

mgyoe.com
လိမ့်မည်။ သည်တော့မှပဲ ထိုအပြစ်၏ ခြောက်လုနဲ့သောအစွဲကို ကျွန်တော် မေ့ပျောက်နိုင်မည်ဖြစ်ပေသည်။ ထိုမေ့ပျောက်သောကာလ၏ နောက်ပိုင်း၌သာ လျှင် ကမ္ဘာသစ်တစ်ခု၊ အဘိဓမ္မာသစ်တစ်ခုကို တည်ဆောက်၍ လူ့ဘဝကို ကျွန်တော်က ပြန်၍ စနေရမည်ဖြစ်ပါ၏။

ကျွန်တော်သည် လူဖြစ်ပါ၏။ သည့်ထက်တော့ မပိုပါ။ လူဆိုသော သတ္တဗေဒ သတ္တဝါတစ်ကောင်အနေဖြင့် အသက်ရှင်ချင်ပါ၏။ ထို့ကြောင့် အသက်ရှင်နေနိုင်ရန် နည်းလမ်းကို ရှာရမည်ဖြစ်ပါ၏။ ထိုသို့မရှာနိုင်သမျှ ကာလပတ်လုံး အရှုံးပေးသော လူညံ့လူဖျင်းတို့၏ အဘိဓမ္မာဟောင်းကြီးဖြင့် ဘဝ၏ပေးအပ်သော ဒဏ်ရာကို ငိုယိုညည်းတွားနေရမည်သာ ဖြစ်ပါ၏။

( ၃ )

အိမ်ပေါ်မှ ဆင်းခဲ့ပြီး ကားပေါ်သို့ တက်တော့မည်အပြု...

"မောင် ..." ဟု အိမ်ပေါ်မှခေါ်သံကို ကြားသဖြင့် ကားပေါ်သို့ မတက် ဖြစ်သေးဘဲ ပြန်၍လှည့်ကြည့်လိုက်မိသည်။

အကြော့က ပြတင်းပေါက်မှ ချစ်စဖွယ်ဖြင့် ကြည့်နေသည်။

"သိပ်မိုးချုပ်အောင် မနေနဲ့နော်" အကြော့က ကျွန်တော် မိုးချုပ်အောင် နေမည်ကို စိုးရိမ်သည့်အတိုင်း မှာနေ၏။

ကျွန်တော်က ဟန်လုပ်၍ ပြုံးလိုက်ရပေသည်။

"အကြော့ ထမင်းဆာရင် မောင်ပြန်လာအောင် ဆာဆာနဲ့စောင့်မနေနဲ့ နော်၊ စားသာစားနှင့်" ဟု မှာလိုက်ရပါ၏။ အကြော့က ကျွန်တော်နှင့်မှ မျက်နှာ ချင်းဆိုင်၍ အတူတကွ မစားရလျှင် တစ်ယောက်တည်း စားတတ်ရှာသူမဟုတ်။ ကျွန်တော် အချိန်မဲ့ပြန်လာချိန်တိုင်အောင် ထမင်းပွဲတွင်အိပ်ရင်း စောင့်တတ် သည်။ ဤကဲ့သို့ ထမင်းပွဲတွင်စောင့်ရင်း အိပ်ပျော်နေပေါင်း များလှပါ၏။

"စားပါလိမ့်မယ်... များများကြီးစားပါလိမ့်မယ်" အကြော့က စိတ် ကောက်သလို နှုတ်ခမ်းစူ၍ပြောကာ ပြန်လှည့်ဝင်သွားသည်။

သက်ပြင်းကို တစ်ချက်မျှ ရှည်လျားစွာချလိုက်ကာ ကားပေါ်သို့တက် လိုက်သည်။

"ဘယ်လဲ အစ်ကိုလေး" ဒရိုင်ဘာမောင်သော်က မေးတော့မှ သတိရမိ သည်။

"ဟေ ... ဩော် မြသီတာကို မောင်းကွာ" ပါးစပ်ထဲမှ ရုတ်တရက်ထွက်
mgyoe.com

mgyoe.com

လာတာကိုပဲ ပြောလိုက်ပြီးနောက် တငြိမ့်ငြိမ့်ပြေးနေသော ကားနောက်ခန်းတွင် မိမိဘာသာ လွတ်လပ်စွာတွေးတောရင်း ပါလာမိသည်။

အိမ်မှ ကားနှင့်အထွက်တွင် ကြားခဲ့ရသော အကြော့၏ အမှာစကားလေးများကို ပြန်လည်ကြားယောင်နေမိသည်။ အိမ်ပေါ်မှမဆင်းမီ ယုယုယယနှင့် ပြုစုဆင်ယင်ပေးလိုက်သော မယားဖြစ်သူ၏ ဖြူစင်သောစေတနာကလေးများကို သတိရမိရင်း ခေါင်းထဲတွင် နောက်ကျိကျိဖြစ်လာမိသည်။ ဤမျှစေတနာ သန့်ရှင်း၍ ချစ်စရာကောင်းသော မယားသည်နှင့် ကျွန်တော်က အဘယ်ကြောင့်များ ပျော်ပျော်ရွှင်ရွှင် ချစ်ချစ်ခင်ခင် မနေနိုင်ရပါသလဲ။

အိမ်၌လည်း လိုလေသေးမရှိ အစစအရာရာပြည့်စုံပါ၏။ အကြော့က လည်း အိမ်တွင် ဘာတစ်ခုမျှ လိုလေသေးမရှိအောင် စီမံခန့်ခွဲထားသော တကယ့် အိမ်ရှင်မကောင်းတစ်ယောက် ဖြစ်ပါ၏။

သို့စင်လျက် ကျွန်တော်က ဘာကြောင့်များ ဂနာမငြိမ်ဘဲ ဖောက်ပြန်နေရပါသလဲ။

ကျွန်တော်က ကျွန်တော်ကိုယ်တိုင် ဖောက်ပြန်နေကြောင်းကို ကောင်းကောင်းကြီးလည်း သိပါ၏။ သို့ရာတွင် ကျွန်တော်၏ဖောက်ပြန်ခြင်း၌ ဖောက်ပြန်ခြင်းသက်သက် မဟုတ်သည်ကိုကား ကျွန်တော်တစ်ယောက်သာ အသိဆုံး ဖြစ်ပါ၏။

တကယ်ဆိုတော့ အကြော့မှာ တော်တော်သနားစရာကောင်းသော မိန်းမတစ်ယောက် ဖြစ်နေရှာပေသည်။ လူကြီးချင်း နှစ်ဦးနှစ်ဖက် စေ့စပ်ပေးစား၍ အကြော့နှင့်ကျွန်တော် အကြောင်းပါခဲ့သည်မှာ တစ်နှစ်ခန့်မျှ ရှိခဲ့ပေပြီ။ ကျွန်တော့်အဖို့မှာမူ မိဘသြဇာကို မလွန်ဆန်နိုင်၍ အကြော့ကိုယူရခြင်းဖြစ်သော်လည်း အကြော့ကမူ ကျွန်တော့်အား နဂိုကပင် ကြည်ညိုလေးစားရင်း ရှိခဲ့သဖြင့် မိဘများစကားကို လွယ်လင့်တကူ လက်ခံခြင်းဖြစ်ပေသည်။ နှစ်ဦးနှစ်ဖက်သော လူကြီးချင်းမှာ လွန်စွာရင်းနှီးခင်မင်ကြပေသည်။ ကျွန်တော့်မိဘများ၏ တစ်သိန်းခန့် ပစ္စည်းအခင်းနှင့် အကြော့မိဘများ၏ နှစ်သိန်းခန့်ပစ္စည်းခင်းတို့ကို ဖိတ်ခြင်းဖိတ်လျှင် အိတ်တွင်းဖိတ်ဆိုသော လူလတ်တန်းစားများ၏ အိမ်ထောင်ရေး အဘိဓမ္မာအတိုင်း ကျွန်တော်တို့နှစ်ယောက်မှာ လင်ရယ် မယားရယ် ဖြစ်လာခဲ့ရသည်။

တစ်ဦးနှင့်တစ်ဦး လင်မယားဖြစ်လာသောအခါ၌ ကျွန်တော့်အား တည်ကြည်သည်၊ ယောကျ်ားပီသသည်ဟူသောအမြင်ဖြင့် ကြည်ညိုလေးစားရင်းရှိ
mgyoe.com

mgyoe.com


သော အကြော့က တော်တော်မျှော်လင့်ခဲ့ပုံ ရပါ၏။ သို့ရာတွင် ကျွန်တော့်အဖို့မှာ မူကား ကျွန်တော်၏အပြစ်နှင့်ကျွန်တော် ဖြစ်နေ၍ မချိနိုင် မချနိုင်နှင့် တော်တော်ပင် တွေဝေနေခဲ့ရပါ၏။ သို့ရာတွင် နောက်ဆုံး မိဘများအား အသက်အရွယ်ကြီးကာမှ စိတ်လက်မချမ်းသာအောင် မလုပ်လိုသော သားကောင်းတစ်ယောက်၏ဘဝကို အပြစ်တစ်ခုလို ရက်ရက်စက်စက်ကျူးလွန်ရင်း ခံယူလိုက်ခဲ့ပါသည်။

လိမ္မာရေးခြားရှိ၍ လင်ကိုမြတ်နိုးသော အကြော့ကဲ့သို့ မယားတစ်ယောက်ကို ရခဲ့ပြီးသည့်နောက်၌လည်း ကျွန်တော်၏ အိမ်ထောင်သည်ဘဝသည် အဘယ်သို့မျှ အဓိပ္ပာယ်မရှိ ဖြစ်နေပါသည်။

ကျွန်တော်၏ ကျူးလွန်မိသောအပြစ်က ကျွန်တော့်ကို နေ့ရှိတိုင်း ခြောက်လှန့်နေသဖြင့် တငိုင်ငိုင် တမှိုင်မှိုင် ဖြစ်နေသည်ကို ဘယ်လိုမျှ မသိရှာသော မယားဖြစ်သူအကြော့က လိမ္မာစွာ စိတ်ရှည်လက်ရှည် နှစ်သိမ့်ယုယခဲ့သည်များကိုလည်း ကျွန်တော် မမေ့နိုင်ပါ။

တကယ်ဆိုတော့ အကြော့မှာ ကျွန်တော်၏ဖြစ်ခဲ့သော ဘဝ၊ ကျူးလွန်ခဲ့သော လူ့အဖြစ်ကြီးများကို ဘာတစ်ခုမျှမသိခဲ့ရှာ။ ထိုသို့မသိရှာသဖြင့် ကလေးမကဲ့သို့ ရိုးသားခြင်းဖြင့် ကျွန်တော့်အား သက်ညှာလှပါ၏။

ကျွန်တော်ကသာ ကျွန်တော့်အပြစ်နှင့်ကျွန်တော် ဖောက်ပြန်ချင်တိုင်း ဖောက်ပြန်နေပါ၏။ ဖောက်ပြန်နေသည်ဟု ဆိုရာ၌ ကျွန်တော်က ကာယကံမြောက်အားဖြင့် လူ့ကျင့်ဝတ်ကို ပမာမခန့် လော်မာနေသည်တော့ကား မဟုတ်ပါ။ စိတ်ထဲတွင် ဂနာမငြိမ်နိုင်တိုင်း အိမ်တွင် မနေနိုင်ဘဲ လေလွင့်နေခြင်းဖြစ်ပါ၏။

တကယ်ဆိုတော့ ကျွန်တော်က ဘဝ၏အရှင်အား စိတ်ကူးယဉ်လောကထဲမှာသာ လျှောက်၍လျှောက်၍ လိုက်ရှာနေခြင်းဖြစ်ပါ၏။ ထိုသို့စိတ်ကူးယဉ်လောကထဲမှာ ရှာနေခြင်းဖြင့် ကျွန်တော်က ကျွန်တော့်ကိုယ်ကို မသိမသာလှည့်စားကာ အခိုက်အတန့်အားဖြင့် သက်သာမှုကို လုပ်နေခဲ့ပါ၏။

ကျွန်တော်က သည်လိုစိတ်ကူးယဉ်လောကထဲမှာ လေလွင့်စိတ်ဖြေနေခြင်းဖြင့် ဘဝ၏ပေးအပ်သော အပြစ်ဒဏ်မှ ခေတ္တလောက်မျှသာ လွတ်မြောက်သက်သာမှုကို ရှာကြံပြုလုပ်နေစဉ် လင်ကိုသာ ဘဝခရီးဖော်ပြုလုပ်နေရသော အကြော့အတွက်မှာ အဘယ်မျှခံရခက်လိမ့်မည်နည်း။

mgyoe.com

mgyoe.com


အကြော့၏ဘဝမှာလည်း ကျွန်တော့်အပြစ်အတွက်နှင့် ကြားထဲက သက်သက်မဲ့ ခံစားနေခဲ့ရပေသည်။ ဖြူစင်၍ အပြစ်ကင်းမဲ့သော မိန်းမသားတစ်ယောက်သည် ကျွန်တော့်အပြစ်အတွက် ထပ်မံ၍ ခံနေရပြန်သည်ကို ကျွန်တော်က စဉ်းစားမိပါ၏။

ကျွန်တော် ဘာလုပ်ရမည်နည်း။

ကျွန်တော်သည် တစ် တရားခံဖြစ်ပါ၏။ ကျွန်တော် နှစ် တရားခံဖြစ်ပါ၏။ ဤမျှ ပြစ်မှုထင်ရှားသော တရားခံအား အဘယ်တရားသူကြီးသည် ခွင့်လွှတ်နိုင်ပါမည်နည်း။

တရားခံသည် မိမိကိုယ်ကိုယ် ခွင့်လွှတ်ချင်တတ်ပါ၏။ သို့ရာတွင် ကျွန်တော့်ကိစ္စမှာ ဆန့်ကျင်ဘက်ဖြစ်နေ၏။ ကျွန်တော့်ကိုယ်ကိုယ် ကျွန်တော် ခွင့်လွှတ်ကောင်း ခွင့်လွှတ်ချင်လိမ့်မည်ဖြစ်သော်လည်း ခွင့်လွှတ်၍တော့ကားမရ။

ကျွန်တော့်ကိုယ်ကိုယ် ခွင့်လွှတ်ရန်မှာလည်း ကျွန်တော်၏တာဝန်ဖြစ်ပါ၏။ ကျွန်တော်သည် ခွင့်လွှတ်ခြင်းရအောင် စိတ်ကူးယဉ်လောကထဲမှာ ကျွန်တော့်ကိုယ်ကိုယ် လှည့်စားဖြေသိမ့်ခဲ့သည်မှာ ကြာပေပြီ။ မှားမိုက်သော ကျွန်တော်...။

ခွင့်လွှတ်ခြင်းကို ကျွန်တော်သည် မရခဲ့။ အပြစ်ကင်းစင်သော မယားဖြစ်သူ အကြော့မှာလည်း တစ်နေ့တခြား သနားစရာကောင်းသည်ထက် ကောင်းလာ၏။ အကြော့ကို ကျွန်တော်က ကျွန်တော်၏အပြစ်အတွက် ခံနေရခြင်းကို တစ်နေ့ထက်တစ်နေ့ သနားလာရာမှ သက်ညှာ၍ ချစ်လာ၏။ သို့ရာတွင် ကျွန်တော်သည် အကြော့ကို ချစ်၍ကားမရ။ ချစ်၏။ ချစ်ချင်၏။ သို့ရာတွင် ချစ်၍ကား မရ။

ကျွန်တော်ကချစ်သော ကျွန်တော့်မယားအကြော့အား ချစ်၍ မရသော ပြဿနာကို အနုစိတ်စဉ်းစားမိပါ၏။ ဤပြဿနာမှာ တော်တော်ပဲ နက်ရှိုင်းလှပါ၏။

နောက်... ကျွန်တော်က ဘဝ၏အသိဖြင့် ကျွန်တော့်ကိုယ်ကိုယ် နားလည် လာပါ၏။ စိတ်ကူးယဉ်လောကထဲမှ ကျွန်တော်သည် ရုန်း၍ထွက်ရပေလိမ့်မည်။ ကျွန်တော့်ကိုယ်ကိုယ် ကျွန်တော် လှည့်စားသောသာယာမှုအတွေးများနှင့် နှစ်သိမ့်မှုများကို ကျွန်တော်သည် ရက်ရက်စက်စက် ငြင်းပယ်ရပေလိမ့်မည်။ ထိုကာလ၌ ကျွန်တော်သည် သစ္စာတရားမှန်ကို တွေ့လိမ့်မည်ဖြစ်ပါ၏။

mgyoe.com